# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဌ်မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ Monday, 29 January 2024 ၁၁၃၅၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ယခုလအတွင်း ဘုရားဖူးတစ်သိန်းကျော် လာရောက်ဖူးမြော်

ကျိုက်ထို ဇန်နဝါရီ ၂၈

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာ နေ့စဉ်လာရောက်ဖူးမြော်နေကြပြီး ယခုလတွင် လာရောက်ဖူးမြော်မှု အများဆုံးဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂



## မွန်ပြည်နယ်မှထွက်ရှိသည့် ကွမ်းသီးများကို တရုတ်နိုင်ငံသို့ အဓိကထားတင်ပို့

မော်လမြိုင် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံတွင် ကွမ်းသီးများကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ မွန်ပြည်နယ်၌ ကွမ်းသီးများကို ယိုးဒယားမျိုး(ကွမ်းသီးအဝိုင်း)နှင့် ဒေသမျိုး(ကွမ်းသီးအချွန်)ဟူ၍ အများအပြားစိုက်ပျိုးကြပြီး ထွက်ရှိသည့်ကွမ်းသီးများကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသကဲ့သို့ ပြည်တွင်း၌လည်း တင်ပို့ရောင်းချသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

### ယနေ့ ဖတ်စရာ


ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာလည်း အိမ်နီးချင်းနိုင်ငံများပီပီ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရှိ ယနေ့ကာလ ပူးပေါင်းဆောင်ရွက်မှုများမှာ အပြုသဘောမှတ်ချက်များစွာနဲ့ အားရဖွယ်တိုးတက်မှုတွေရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် TNN ထိုင်းနိုင်ငံသတင်းဌာနတစ်ခုက အခုလိုတင်ပြချက်တွေဟာ ရိုးသားမှုရှိရဲ့လား၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ တုံ့ဆိုင်းသွားအောင် မသိမသာဆောင်ရွက်ချက်တစ်ခုလေလား ယူဆနိုင်ဖွယ်ရာ ရှိလာပါတယ်။

ဆောင်းပါး စာမျက်နှာ » ၆

မြန်မာ့သိုင်းနှင့် မြန်မာ့သမိုင်းသည် ခွဲမရ၊ သိုင်းပညာထူးချွန်သည့် မြန်မာ့သူရဲကောင်းကြီးများ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည်များမှာ မြန်မာ့သမိုင်းတစ်လျှောက်တွင် အံ့ဩချီးကျူးဖွယ်ရာကောင်းလောက်အောင် ပြည့်နှက်လျက်ရှိသည် မဟုတ်ပါလား။

ဆောင်းပါး စာမျက်နှာ » ၁၀

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၃၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ » ၅

(၁၀၅)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

စာမျက်နှာ » ၈

မကွေးမြို့နယ် သံဘိုရွာသစ်(စံပြ)ရွာအား မျက်စိအတွင်းတိမ်ကင်းစင်ရွာအဖြစ် ကြေညာခြင်း အခမ်းအနား ကျင်းပ

စာမျက်နှာ » ၉

ရှာဖလေ့ အလှူအတန်းများမှသည် ထုတ်ကုန်တစ်ခုအဖြစ်



ဖန်တီးလာနိုင်သည့် "ရွှေယောက်ဖ" ရိုးရာ ကပျာကယာမုန့်လုပ်ငန်း

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၇

ကြေးမုံ

# နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့်ဆောင်ရွက်

ပြည်သူများလိုလားသည့် နိုင်ငံရေးစနစ်မှာ ဒီမိုကရေစီစနစ်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည်မှစ၍ ပါလီမန်ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ခဲ့သော်လည်း အောင်မြင်မှုမရှိချေ။ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်သော်လည်း ပျက်သုဉ်းခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်သောအခါ ပဋိပက္ခပြဿနာမျိုးစုံနှင့်ကြုံတွေ့ခဲ့ရသည်။ သို့ဆိုလျှင် နိုင်ငံရေးစနစ်ကြောင့်လား၊ လူကြောင့်လား သုံးသပ်ကြည့်နိုင်ပေသည်။

အမှန်တကယ်တွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ လူသာလျှင် ပဓာနဖြစ်သည်။ နိုင်ငံတော်အပေါ်တွင် ထားအပ်သည့်စိတ်ထားများနှင့် နိုင်ငံသူ နိုင်ငံသားများ စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ နားလည်စာနာမှု၊ ကြိုးစားအားထုတ်မှုတို့သည် အဓိကလိုရင်းအချက်ဖြစ်ပေသည်။ နိုင်ငံရေးအရကြည့်မည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေချိန်ဖြစ်သော်လည်း စည်းလုံးညီညွတ်မှုအားနည်းနေမှုများကြောင့် ခရီးမပေါက်ဖြစ်နေသည်။ နိုင်ငံလွတ်လပ်ရေးရရှိလာခဲ့သည်မှာ ၇၅ နှစ် ကျော်လာပြီဖြစ်သော်လည်း နိုင်ငံရေးကိုခိုင်မာအောင် တည်ဆောက်နိုင်ခြင်းမရှိသေးပေ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ စတုတ္ထအချက်တွင် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်" ဆိုသည့် နိုင်ငံရေးမျှော်မှန်းချက်နှစ်ရပ်ချမှတ်ထားသည်။ အကောင်အထည်ပေါ်အောင်လည်း လက်တွေ့ဆောင်ရွက်နေသည်။ ပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒမှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး၏ မျှော်မှန်းချက်မှာ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။

တိုင်းရင်းသားပြည်သူများ လိုလားသည့်ဖက်ဒရယ်စနစ်ကို ဥပဒေနှင့်အညီ နိုင်ငံရေးနည်းလမ်းဖြင့် တည်ဆောက်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းပြည်ကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်တို့ဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြပါက မျှော်မှန်းသည့်အတိုင်း ဖြစ်လာပေလိမ့်မည်။ ချမှတ်ထားသည့် ရည်မှန်းချက်အတိုင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင်ဖြစ်ပေါ်နေသည့် ပြဿနာမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြည်နယ်၊ ကိုယ်ပိုင်ဒေသရရှိအောင် ဥပဒေပြင်ပမှ ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့်ပတ်သက်၍ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ချက်များစွာရှိနေသေးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈ ခုနှစ်)သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက အတည်ပြုထားသည့် ဥပဒေဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူအများစုဆန္ဒဖြစ်သဖြင့် ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်၍မရပေ။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် တိုင်းပြည်ကို အခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံကို ဥပဒေနှင့်ထိန်းကျောင်းနိုင်ရန် ဖွဲ့စည်းပုံက ပြဋ္ဌာန်းထားသည့်အတိုင်း ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရှိရေး ဆောင်ရွက်ရာတွင် နိုင်ငံရေးအရ ဆွေးနွေးဆောင်ရွက်ပြီး လွှတ်တော်တွင် အတည်ပြုဆောင်ရွက်ကြရန်လိုအပ်သည်။ လက်နက်ကိုင်နည်းလမ်းဖြင့် တောင်းဆိုခြင်း၊ ဆောင်ရွက်ခြင်း မရနိုင်ပေ။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးရှိပြီး အင်အားများသည့် တိုင်းရင်းသားလူမျိုးများရှိသကဲ့သို့ အင်အားနည်းလူနည်းစု တိုင်းရင်းသားလူမျိုးများလည်းရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး တန်းတူအခွင့်အရေးရရှိနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲစနစ်ဖြင့် ပြုလုပ်နိုင်ရန် ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

ယခင်က အကုန်ရလျှင်အကုန်ယူစနစ်ဖြင့် ပြုလုပ်ခဲ့သဖြင့် အင်အားကြီးပါတီ၊ အင်အားများလူမျိုးစုများက အနိုင်ရကာ မမျှမတဖြစ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့နိုင်ငံရေးသမိုင်း၌ ပဋိပက္ခများ မဆုံးနိုင်အောင်ဖြစ်ခဲ့သည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။ ယခုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လုပ်ပိုင်ခွင့်များ ခွဲဝေပေးထားပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအရတည်ငြိမ်မှုရှိစေရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲပြီး တင့်တယ်စွာရပ်တည်နိုင်ရေးအတွက် ရေးရှုဦးတည်ချမှတ်ထားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် လက်နက်ကိုင်နည်းကို ရှောင်ရှားပြီး နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## မြောင်းမြမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**မြောင်းမြ ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို မြစိမ်းရောင်တောင်ရှိ သုဒဿနဓမ္မာရုံ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေလင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားတာဝန်ရှိသူများက ဆုများပေးအပ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းစိုးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၁၅ ဦးဖြင့် ဒီဇင်ဘာ ၂၀ ရက်မှ ဇန်နဝါရီ ၂၈ ရက်အထိ ရက် ၄၀ ကြာ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး နည်းပြဆရာမ ဒေါ်မြသီတာက ဘာသာရပ် ၁၅ မျိုးတို့ကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

## စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ခ်ဆင်း ရယ်ရှဲသငြိ ကော့ဗ်၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ All-Russian Exhibition Center (VDNH- Exhibition of Achievements of National Economy)၌ ကျင်းပသည့် စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲသို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ကော်မရှင်ပူးတွဲဥက္ကဋ္ဌများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှု၊ စွမ်းအင်၊ သတ္တု၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှား-မြန်မာ ကျောင်းများ တည်ထောင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ကော်မရှင်အစည်းအဝေး၏ မျက်နှာစုံညီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ **(အပေါ်ပုံ)** မြန်မာဘက်မှ ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဘက်မှဥက္ကဋ္ဌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ခ်ဆင်း ရယ်ရှဲသငြိကော့ဗ်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံ နေပြည်တော်၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် တတိယအကြိမ် ကော်မရှင်အစည်းအဝေးနောက်ပိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် သတ္တု၊ အဏုမြူစွမ်းအင် ငြိမ်းချမ်းစွာ အသုံးပြုရေး၊ ရာသီဥတုပြောင်းလဲမှု၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဘဏ်နှင့် ငွေကြေး၊ စက်မှု၊ ခရီးသွားလာရေး၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် အားကစား အစရှိသည့် နယ်ပယ်များတွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဇော့ဗ်နှင့် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့က နှစ်နိုင်ငံအကြားနိုင်ငံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးက ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲရှိ "Feel Russia" ခရီးသွားလာရေး ပြခန်းကို လိုက်လံရှင်းလင်းပြသပြီး နှစ်နိုင်ငံ ခရီးသွားလာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် စီးပွားရေးဖိုရမ်ကို ဆက်လက်ကျင်းပရာ **(အောက်ပုံ)** ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက အဖွင့်အမှာစကား ပြောကြားကြပြီး နှစ်နိုင်ငံအစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ္ဍာရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်တို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် စီးပွားရေး အခွင့်အလမ်းများ၊ ဥပဒေ၊ နည်းဥပဒေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ဥရောပ-အာရှ စီးပွားရေးကော်မရှင် ပေါင်းစည်းမှုတိုးတက်ရေးဌာနမှ Ms. Gohar Barseghyan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဥရောပ- အာရှ စီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များဖြစ်သည့် စက်မှုနှင့် စိုက်ပျိုးရေးအခြေပြု စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။




မွန်းလွဲပိုင်းတွင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းနှင့် Gorchakov Fund တို့ ပူးပေါင်းကျင်းပသည့် ရုရှား-အာရှ-ပစိဖိတ်ဒေသ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ထို့ပြင် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Ivan Polyakov နှင့် တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အလားတူ ရုရှား-အာဆီယံ စီးပွားရေးကောင်စီမှ ရုရှားစီးပွားရေး လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များအကြား သီးခြားတွေ့ဆုံ၍ စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများ (Business Matching) ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဖြစ်သည့် သဘာဝမြေဩဇာစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရေနံချက်စက်ရုံနှင့် တိုက်ရှောက်တာကို အစာ ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေးကိစ္စရပ်များနှင့် သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေး မစ္စတာ အန်တွန်ကိုဗျာ ကော့ဗ်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် Aquarius နည်းပညာကုမ္ပဏီရုံးချုပ်တွင်ကျင်းပသည့် Aquarius နည်းပညာ ထုတ်ကုန်များ မိတ်ဆက်ရှင်းလင်း ပြသပွဲသို့ တက်ရောက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့သို့ ရောက်ရှိနေစဉ်အတွင်း မော်စကိုမြို့ ကာလုဂါမြို့နယ်ရှိ ရွှေစည်းခုံစေတီတော်အား သွားရောက်ဖူးမြော်ခဲ့ပြီး မော်စကိုမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲတို့သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အတူ စီးပွားရေး အသင်းအဖွဲ့များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

### ❒ မွန်ပြည်နယ်မှ

ကွမ်းသီးပင်များသည် ဒေသနှင့်ကိုက်ညီသော အပင်တစ်မျိုးဖြစ်သည့်အတွက် နှစ်ရှည်သီးနှံပင် ဥယျာဉ်ခြံမြေ၊ ရော်ဘာခြံမြေများ၏ ကြားတွင် အလွယ်တကူရော၍ ကြားညှပ်စိုက်ပျိုးရသဖြင့် စိုက်ပျိုးစရိတ်နည်းပါးပြီး မြေဧရိယာအကျယ်အဝန်း မယူသော အပင်မျိုးဖြစ်သောကြောင့် ပုံမှန်ဝင်ငွေရရှိနိုင်ကြောင်း၊ မြေကွက်လပ်နေရာမကျန် စိုက်ပျိုးပါက တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိပြီး တောင်သူများအတွက် ဖွံ့ဖြိုးတိုးတက်စေရန် အခွင့်အလမ်းကောင်းများ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ကွမ်းသီးများ ထွက်ရှိပါက ခူးပြီးအခြောက်လှန်းကာ ကွမ်းသီး ထုတ်လုပ်သူများအသင်းက ပြည်နယ်အစိုးရ၏ ထောက်ခံချက်၊ မြို့နယ်အထွက်နှုန်း ထောက်ခံချက်များယူ၍ ပွဲရုံများမှ အဆင့်ဆင့်လက်ခံရယူကာ ပြည်ပနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်းနှင့် ကွမ်းသီး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဝန်းကျင်ရရှိကြောင်း မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က ပြောသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကုန်သွယ်မှုတိုးမြှင့်တင်ပို့ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်များတွင် ကုန်သွယ်မှုတိုးမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) ညီလာခံခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်နှင့်အညီ ကုန်သွယ်မှုလျာထားဆောင်ရွက်လျက်ရှိကြောင်း၊ လျာထားချက်များ ပြည့်မီစေရေးအတွက် ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ လက်ကျန်ကာလများဖြစ်သည့် ဖေဖော်ဝါရီလ၊ မတ်လနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်များတွင် အားထုတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုကာလသည် ပွင့်လင်းရာသီ ရောက်ရှိလာကာ နိုင်ငံတွင်း စိုက်ပျိုးထုတ်လုပ်သည့် လယ်ယာထွက်သီးနှံများ အများစုထွက်ပေါ်ချိန်ဖြစ်ခြင်း၊ ရေထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်ခြင်း၊ စက်မှုကုန်ချောလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ သတ္တုတွင်းထွက်ကုန်ချောလုပ်ငန်းများလည်း တင်ပို့မှုပိုမိုချိတ်ဆက်လာနိုင်ခြင်းစသည့် အခြေအနေကောင်းများကို မဏ္ဍိုင်ပြုပြီး ကုန်သွယ်မှုမြှင့်တင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ Buyer နိုင်ငံများနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် မျှတသည့်ကုန်သွယ်မှု၊ မှန်ကန်သည့် ကုန်သွယ်မှုဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်သွယ်မှုဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ကြိုးစားအကောင်အထည်ဖော်ကြရန် တိုက်တွန်းလိုကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများကြောင့် ပြည်သူများအပေါ် ဖိစီးမှုမဖြစ်စေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ပေါင်းစပ်ဆောင်ရွက်ရမည့် အစီအမံများကို အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ပို့ကုန်တိုးမြှင့်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကုန်သွယ်မှုမြှင့်တင်ရေးသုံးသပ်တွေ့ရှိချက်နှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် သက်ဆိုင်ရာအသင်းအဖွဲ့များက ကဏ္ဍအလိုက် အသေးစိတ်ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ပသို့ ပို့ကုန်ပစ္စည်းတင်ပို့မှုတွင် ထုတ်လုပ်မှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ကုန်ချောထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှု အပိုင်းလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် တာဝန်ရှိဌာနများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ သက်ဆိုင်ရာညီနောင်အသင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပို့ကုန်ပစ္စည်းကဏ္ဍအလိုက် တင်ပို့မှုတွင် ပေါင်းစပ်ဆောင်ရွက်ပေးနေသည့် Task Force အဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ **ရှေ့ဖုံးမှ**

"သီတင်းကျွတ် လပြည့်နေ့ကနေ ဇန်နဝါရီ ၂၆ ရက်အထိ ဘုရားဖူး နှစ်သိန်းကိုးသောင်းကျော်ရှိပါပြီ ပြည်ပဘုရားဖူးက ၆၅၀၀ ကျော် ရှိပါတယ်။ ပြည်ပဘုရားဖူးတွေထဲမှာ ထိုင်းနိုင်ငံက အများဆုံးပါ။ ဒီနှစ် ဇန်နဝါရီလ တစ်လလုံးမှာ ဘုရားဖူးအများဆုံးလာကြတယ်။တစ်သိန်းတစ်သောင်းကျော် ရှိပြီ။ စနေ၊ တနင်္ဂနွေ ပိတ်ရက်တွေမှာ အများဆုံးလာကြပါတယ်" ဟု ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်တစ်ဦး ဖြစ်သူ ဦးတင်စိုးက ပြောသည်။



ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသူများကို တွေ့ရစဉ်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေး၊အခမဲ့တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း တောင်တက်မော်တော်ယာဉ် အစီး ၁၅၀ ကို နေ့စဉ်ပြေးဆွဲပေးနေပြီး သတ်မှတ်လူဦးရေနှင့် ယာဉ်စီးနင်းခများကိုလည်း သတ်မှတ်နှုန်းထားဖြင့် အလွယ်တကူ လိုက်ပါစီးနင်းနိုင်ရန် စီမံထားကြောင်း သိရသည်။

ကျိုက်ထီးရိုးတောင်တော် တစ်လျှောက် အထင်ကရနေရာများဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ်လိုဏ်ဂူတော်၊ကျောက်ထပ်ကြီးစေတီတော်၊ ရေတံခွန်စသည့်နေရာများ၊ရင်ပြင်တော်ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရ အရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့်စည်ကားနေသည့်အပြင် အခမဲ့နှင့် အခပေး တည်းခိုဆောင်များ၊ ရင်ပြင်တော်၌လည်း တည်းခိုနေထိုင်သူများပြားလျက်ရှိကြောင်း တွေ့ရသည်။

ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီးတွင် ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက် (စနေ၊တနင်္ဂနွေ)ပိတ်ရက်၌ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာပြည်သူ စုစုပေါင်း ၃၅၀၀၀ ခန့် လာရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ဆောက်လုပ်ရေးဆိုင်ရာပြပွဲ ဝယ်ယူသူများဖြင့် အထူးစည်ကား

**ရန်ကုန် ဇန်နဝါရီ ၂၈**

Builder Mall Living Style Expo 2024 ခေါင်းစဉ်ဖြင့် ဆောက်လုပ်ရေးဆိုင်ရာပြပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်း အင်းယားလိတ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center ၌ ပြသရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြပွဲတွင်ဆောက်လုပ်ရေးသုံးပစ္စည်းများ၊သံနှင့် သံမဏိပစ္စည်းအရောင်းပြခန်းများ၊အိမ်ရာအဆောက်အအုံများ၊လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊လုံခြုံရေးစနစ်ပစ္စည်းများ၊ဆိုလာပစ္စည်းများ၊ မီးစက်ပစ္စည်းများနှင့်စက်မှုထုတ်ကုန်ပစ္စည်းများပါဝင်သည့် ပြခန်းပေါင်း ၂၀၀ ကျော် ပြသထားသည်။

ထို့အပြင်ပညာရေးဆိုင်ရာပြခန်းများနှင့် လာရောက်လေ့လာသူများကို ထိုင်းနိုင်ငံ ဗန်ကောက်ခရီးစဉ်ကံစမ်းမဲ ကူပွန်များနှင့် ဂိမ်းကစားခြင်းများကိုထည့်သွင်းပေးပြီး လာရောက်ပြသပေးသည့်ကုမ္ပဏီကိုလည်း Builder Mall Buying Made Easy မှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**




## ကလေးမြို့နယ် ကျောက်ကာကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက်ကာကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် တစ်ပါးနှင့် ဒေသခံပြည်သူ ၁၇၉ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို Boxing Indoor Stadium လက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ပိုက်ကျော်ခြင်းပြိုင်ပွဲ ပွဲစဉ်များအဖြစ် (တတိယလုပွဲ) ပွဲစဉ်တွင် မြစ်ကြီးနားဇုန်က မကွေးဇုန်ကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ (ဗိုလ်လုပွဲ) ပွဲစဉ်တွင် မိတ္ထီလာဇုန်က ရန်ကုန်အရှေ့ပိုင်းဇုန်ကို နှစ်ပွဲ- တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အကောင်းဆုံး ပင့်ထောင်အားကစားသမားဆုရ မောင်ကောင်းစည်လင်း မကွေးဇုန်ကိုလည်းကောင်း၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကောင်းဆုံး ရိုက်ခုတ်အားကစားသမားဆုရ မောင်သီဟဇော် ရန်ကုန်အရှေ့ပိုင်းဇုန်ကိုလည်းကောင်း၊ အဏုမြူစွမ်းအင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကောင်းဆုံး နောက်ထိန်းအားကစားသမားဆုရ မောင်ဇော်ပိုင် မြစ်ကြီးနားဇုန်ကို လည်းကောင်း၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ မောင်သက်နိုင်စိုး မိတ္ထီလာဇုန်ကိုလည်းကောင်း၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပိုက်ကျော်ခြင်း တတိယဆုရ မြစ်ကြီးနားဇုန်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဒုတိယဆုရ ရန်ကုန်အရှေ့ပိုင်းဇုန်ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ပထမဆုရ မိတ္ထီလာဇုန်ကိုလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲဝင် အားကစားသမားများ၊ နည်းပြများနှင့် ဒိုင်လူကြီးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့ပြင် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ မကွေးဇုန်က ပြည်ဇုန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော်ဇုန်က ရန်ကုန် အရှေ့ပိုင်းဇုန်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးအပြတ် အနိုင်ရရှိခဲ့ပြီး ညနေပိုင်း ပွဲစဉ်များတွင် မိတ္ထီလာဇုန်က ပုသိမ်ဇုန်ကို လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ တောင်ကြီးဇုန်က မြစ်ကြီးနားဇုန်ကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသည်။

အဆိုပါပွဲစဉ်များသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီမှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဝန်ထမ်းများ တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ခန့်အပ်နိုင်ရေးအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော ဝန်ထမ်းများကို တစ်ဆင့်မြင့်ရာထူးသို့ တိုးမြှင့်ခန့်အပ်နိုင်ရန် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများအလိုက် စာစစ်ဌာနများတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အရည်အချင်းပြည့်ဝပြီး ဝန်ကြီးဌာနနှင့် နိုင်ငံအကျိုးသယ်ပိုးနိုင်သော ဝန်ထမ်းကောင်းများဖြစ်စေရေးအတွက် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကိုလည်း ဝန်ထမ်းများအနေဖြင့် ကြိုးစားဖြေဆိုကြရန် အားပေးမှာကြားသည်။

အဆိုပါ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နေပြည်တော်(ရုံးချုပ်)အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများနှင့် ပြည်တွင်း/ ပြည်ပ သင်တန်းများသို့ တက်ရောက် သင်ကြားနေသော ဝန်ထမ်းများက သက်ဆိုင်ရာ ရာထူးအဆင့်နေရာများအလိုက် ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၃၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၃၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၈

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## မော်လမြိုင်မြို့၌ ရပ်ကွက်နေပြည်သူများအား သတင်းတု/ သတင်းမှား ကာကွယ်ရေး အသိပညာပေး ဟောပြော

မော်လမြိုင် ဇန်နဝါရီ ၂၈

မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့ မြိုင်သာယာနယ်မြေရဲစခန်းက ဦးစီးပြုလုပ်သော အင်တာနက်ပေါ်တွင် သတင်းတု/သတင်းမှားများနှင့် မဖွယ်မရာများ တင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောပွဲကိုယမန်နေ့နံနက်ပိုင်းက မြိုင်သာယာရပ်ကွက် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြိုင်သာယာ နယ်မြေစခန်းမှူး ရဲအုပ်ထွန်းထွန်းအေး၊ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်နှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးကောင်းဆက်ဦးတို့က ရပ်ကွက်နေပြည်သူများအနေဖြင့် အွန်လိုင်းမီဒီယာများပေါ်၌ သတင်းတု/ သတင်းမှားများ ထုတ်ပြန်မှုများရှိသဖြင့် သေချာစိစစ်၍ အမှားအမှန်ခွဲခြား သုံးသပ်ကြရန်လိုအပ်ကြောင်း၊ သတင်းဟုဆိုပြီး မြင်သမျှ ကြားသမျှသော သတင်းစာသား၊ ဓာတ်ပုံ၊ ရုပ်သံတို့ကို ဟုတ်/မဟုတ်၊ မှန်/မမှန် ဆန်းစစ်ကြရန် လိုအပ်ကြောင်း၊ Like၊ Comment၊ Share များ ပြုလုပ်ရာတွင် သတိထား၍ ဆောင်ရွက်ကြရန်၊ သတင်းအမှားများအား လိုက်လံဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ အရေးယူ ခံရနိုင်ဖွယ်များ ရှိသည့်အတွက် ပြည်သူများအနေဖြင့် ဂရုပြု၍ လိုက်နာဆောင်ရွက်ရန်တို့ကို အကျယ်တဝင့် ရှင်းလင်းအသိပညာပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သတင်းအဆိပ်ခတ် အနိဋ္ဌာရုံများစေတဲ့ TNN

မြင့်မြတ်

ယနေ့ကမ္ဘာကြီးမှာ ပထဝီနိုင်ငံရေး၊ စီးပွားရေးအရ အချက်အချာကျတဲ့နိုင်ငံ၊ အချင်းချင်းညီညွတ်မှုအားနည်းတဲ့နိုင်ငံ၊ အားနည်းချက်တွေရှိတဲ့နိုင်ငံတွေဟာ အင်အားကြီးနိုင်ငံမျိုးစုံရဲ့ဖိအားအမျိုးမျိုးနဲ့ ထိုးဖောက်မွှေနှောက်တိုက်ခိုက်ခံရတတ်တဲ့ အစဉ်အလာဆိုးကြီးဟာ မဆန်းတော့ပါဘူး။ ရုပ်ပိုင်းဆိုင်ရာအရ အမျိုးမျိုးဖိနှိပ်ကြတဲ့အပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာအရပါ အင်အားချည့်နဲ့အောင် မီဒီယာအားနဲ့ဝါဒအမျိုးမျိုးဖြန့် နှောင့်ယှက်လေ့ရှိကြပါတယ်။ တောင်အာရှနဲ့အရှေ့တောင်အာရှရဲ့ ဗဟိုချက်မတစ်ခုဖြစ်နေတဲ့ မြန်မာနိုင်ငံရဲ့ပထဝီနိုင်ငံရေးအရ အားသာချက်ကို ရိုက်ချိုးဖို့ အင်အားကြီးနိုင်ငံတွေအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့က ကြိုးပမ်းအားထုတ်နေကြမှုကို မြင်အောင်ကြိုးစားရာမှာ သတင်းမီဒီယာအားနဲ့ ဝိုင်းဝန်းဖိနှိပ်မှုတချို့ကို ကျွန်တော်တို့မြန်မာပြည်သူတွေ မျက်ခြည်မပြတ် သိရှိထားဖို့လိုပါတယ်။

### TNN ဆိုတာ

ယခုလည်း ထိုင်းသတင်းမီဒီယာတစ်ခုက ဖိအားပေးနှောင့်ယှက်ခဲ့ပြန်ပါပြီ။ TNN Online channel က လွှင့်ထုတ်ချက်တစ်ခုအရ ဖြစ်ပါတယ်။ စစ်ရိပ်စစ်ငွေ့တွေကြားမှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ညီညွတ်မှုရအောင် အိမ်နီးချင်းနိုင်ငံတွေနဲ့ မိတ်ဆွေကောင်းဖြစ်မှုကို မနည်းကြိုးစားရှာဖွေ တည်ဆောက်နေရတဲ့အခြေအနေမျိုးမှာ အခုလို ထိုင်းမီဒီယာရဲ့ ထုတ်လွှင့်ချက်ဟာ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေအကြား မိတ်ဆွေဖြစ်မှုအနေအထား လျော့ကျသွားအောင်၊ ချစ်ကြည်ရင်းနှီးမှုပျက်ပြားအောင်၊ ရန်ဘက်အသွင်ဆောင်လာအောင်၊ မြန်မာနိုင်ငံတွင်းမှာ ပဋိပက္ခတွေ ပိုပြင်းထန်လာပြီး ပျက်စီးခြင်းဆိုက်အောင် မီးလောင်ရာလေပင့် လုပ်ဆောင်မှုတစ်ရပ်လို့သာ ထင်မြင်မိပါတယ်။ TNN ကို နောက်ကြောင်းလိုက်ကြည့်ရင် ၎င်း Thai News Network ဟာ ပေါ်ပြူလာအွန်လိုင်းသတင်းချန်နယ်တစ်ခုဆိုတာ မှန်ပါတယ်။ တစ်လအတွင်း တစ်ကမ္ဘာလုံးက ကြည့်ရှုသူပေါင်း ၅၅ သန်းအထိ ရှိခဲ့တဲ့ ချန်နယ်တစ်ခုဖြစ်ပါတယ်။ ကြည့်ရှုသူတွေထံ အမေရိကန်နဲ့အနောက်ဘက်ယိမ်း နိုင်ငံရေး၊ စီးပွားရေး၊ ဖြေဖျော်မှုသတင်းမျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ အချိန်နဲ့တစ်ပြေးညီ အရောက်ပို့ပေးနိုင်တယ်လို့ ဆိုပါတယ်။ သူတို့ဆီက သူတို့ဖော်ပြချက်သက်သက် အနေနဲ့တော့ သတင်းတွေဟာ တိကျတယ်၊ ဘက်မလိုက်ဘူး၊ မြန်ဆန်တယ်ပေါ့။

ဒါပေမဲ့လည်း သတင်းမီဒီယာတွေရဲ့ထုံးစံ၊ အများရဲ့ဝေဖန်ရှုတ်ချမှုတွေလက်ကတော့ မလွတ်ပါဘူး။ TNN နဲ့ပတ်သက်ပြီး အခုနောက်ပိုင်းမှာ ဝေဖန်မှု၊ အငြင်းပွားမှုတွေ တိုးသည်ထက်တိုးလာနေတာ မှတ်သားရပါတယ်။ အနောက်ယိမ်းသတင်းဌာနဆိုတော့ သတင်းမှားဖြန့်ဝေမှု၊ ဘက်လိုက်ပြီးသတင်းတင်ပြမှုတွေနဲ့ပတ်သက်ပြီး သက်သေစွပ်စွဲချက်တွေနဲ့အတူ ဝေဖန်ခံနေရခြင်း ဖြစ်ပါတယ်။ သတင်းတင်ပြမှုမှာ ကျင့်ဝတ်သိက္ခာမရှိ၊ သမာသမတ်မကျ၊ ယုံကြည်အားထားရမှုမရှိတဲ့အချက်အလက်တွေနဲ့ ပတ်သက်ပြီး ဝေဖန်ခံရခြင်း ဖြစ်ပါတယ်။

### ချစ်ကြည်ရင်းနှီးမှုပျက်ပြားအောင် ဆောင်ရွက်ခဲ့လေသလား

ဒီလိုဝေဖန်မှုတွေနဲ့ ပတ်သက်ပြီး လောလောဆယ် မြန်မာနိုင်ငံအပေါ် ဘက်လိုက်ဖော်ပြခဲ့မှုနဲ့ ထင်ဟပ်ပြီး ကျင့်ဝတ်သိက္ခာပိုင်းမှာ ၎င်းသတင်းဌာနရဲ့ အားနည်းချက်တွေကို ချိန်ထိုးကြည့်ရပါမယ်။ ချန်နယ်ရဲ့ဖော်ပြချက်အရ မြန်မာနိုင်ငံ အရှေ့မြောက်ဒေသမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ကစပြီး မြောက်ပိုင်းစစ်သွေးကြွသုံးဖွဲ့ပေါင်းပြီး နယ်မြေလုစစ်ပွဲတွေဖော်ဆောင်နေတယ်ဆိုတဲ့အချက်က မှန်ပါတယ်။ စစ်ပွဲဟာ အရှေ့မြောက်ဒေသကနေ ရခိုင်မြောက်ပိုင်း၊ ရှမ်းတောင်၊ ကယားအစပ်၊ နောက်ပိုင်း ကရင်ပြည်နယ်အထိ စစ်မီးပွားအောင် လှုံ့ဆော်မှုတွေ ရှိနေပါတယ်။ အချို့နေရာတွေမှာ တိုက်ပွဲတွေပြင်းထန်ပြီး နှစ်ဖက်အကျအဆုံးတွေရှိနေပါတယ်။ တိုက်ပွဲတွေကြောင့် တပ်မတော်ကအရာရှိနဲ့ စစ်သည်တွေ အိန္ဒိယနိုင်ငံဘက်ရောက်ရှိသွားခြင်းမျိုး ရှိခဲ့ပေမယ့် နှစ်နိုင်ငံတာဝန်ရှိသူတွေညှိနှိုင်းပြီး ရောက်ရှိသွားသူတွေကို မြန်မာနိုင်ငံဘက်က အချိန်မဆိုင်း လေကြောင်းနဲ့ ပြန်လည်ခေါ်ယူပေးလျက် ရှိပါတယ်။ ဒီပဋိပက္ခမှာ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ရတယ်၊ သူတို့အခေါ် ရိုဟင်ဂျာခေါ်တဲ့ ဘင်္ဂါလီတွေနဲ့လည်း ဘာမှသက်ဆိုင်ခြင်းမရှိပါဘူး။ မြန်မာလူမျိုးထဲမှာ ပါဝင်ခြင်းမရှိတဲ့ ဘင်္ဂါလီတွေ ဟိုဘက်ဒီဘက်ရောက်ခြင်း၊ မရောက်ခြင်းဟာ မြန်မာနိုင်ငံနဲ့လည်း သက်ဆိုင်ခြင်းမရှိပါဘူး။ TNN အနေနဲ့ ဘင်္ဂါလီသမိုင်းအပါအဝင် မြန်မာနိုင်ငံအနောက်တံခါး အရေးကိစ္စတွေနဲ့ ပတ်သက်ပြီး သတင်းအချက်အလက် ခိုင်ခိုင်မာမာ ရယူသင့်တယ်လို့သာ ယူဆပါတယ်။ မမှန်တဲ့ အချက်အလက်တွေကြောင့် နာမည်ကြီးသတင်းဌာနတစ်ခုအနေနဲ့ အလွန့်အလွန် အရှက်ရမှုဖြစ်စေတယ်ဆိုတာ သတိချပ်ဖို့လိုပါတယ်။

> ❝ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာလည်း အိမ်နီးချင်းနိုင်ငံများပီပီ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရှိ ယနေ့ကာလ ပူးပေါင်းဆောင်ရွက်မှုများမှာ အပြုသဘောမှတ်ချက်များစွာနဲ့ အားရဖွယ်တိုးတက်မှုတွေရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် TNN ထိုင်းနိုင်ငံသတင်းဌာနတစ်ခုက အခုလိုတင်ပြချက်တွေဟာ ရိုးသားမှုရှိရဲ့လား၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ တုံ့ဆိုင်းသွားအောင် မသိမသာဆောင်ရွက်ချက်တစ်ခုလေလား ယူဆနိုင်ဖွယ်ရာ ရှိလာပါတယ်။ ထိုင်းနဲ့မြန်မာခေါင်းဆောင်တွေဟာ နှစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အပြန်အလှန်လိုလားကြသူတွေ ဖြစ်ပါတယ်။ ထိုင်းအစိုးရက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ပါဝင်ကူညီလေ့ရှိသလို မြန်မာနိုင်ငံဘက်ကလည်း ထိုင်းနိုင်ငံရဲ့ နိုင်ငံရေးအာဏာလွှန်ဆွဲပွဲတွေမှာ ဘယ်တုန်းကမှ ဝင်ရောက်စွက်ဖက်ခြင်းမျိုး မရှိခဲ့ပါဘူး။ ဒီအချက်ကို TNN အနေနဲ့ ဂုဏ်သိက္ခာရှိရှိ၊ ဘက်လိုက်မှုကင်းကင်းဖော်ပြသင့်ပါတယ်။ သတင်းဌာနတစ်ခုအနေနဲ့ သိရှိလိုက်နာပြီးဖြစ်ရမယ့် အခြေခံအချက်တွေလည်းဖြစ်❞

ဒီနေရာမှာ TNN အနေနဲ့မသိမသာ ရန်တိုက်ပေးမှုတစ်ခုကို ပြုခဲ့တယ်လို့ ယူဆနိုင်ပါတယ်။ နိုင်ငံနယ်စပ်တွေမှာ တိုက်ပွဲဖြစ်ပွားမှုတိုင်းမှာ တစ်နိုင်ငံရဲ့ဖြစ်စဉ်ဟာ အိမ်နီးချင်းနိုင်ငံ နယ်စပ်ဒေသအချို့ပေါ်မှာ သက်ရောက်မှုရှိစမြဲပါပဲ။ ဖြစ်ပေါ်မှုတိုင်းမှာလည်း အိမ်နီးချင်းကောင်းပီသစွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်လေ့ရှိကြပါတယ်။ မြန်မာနဲ့ အိန္ဒိယနိုင်ငံတို့ဟာ အိမ်နီးချင်းကောင်းပီသပြီး ချစ်ကြည်ရင်းနှီးတဲ့ မိတ်ဆွေနိုင်ငံတွေ ဖြစ်ကြပါတယ်။ နှစ်နိုင်ငံနယ်စပ်ပြဿနာတွေဖြစ်ပေါ်တိုင်း ပြည်တွင်းရေးပြဿနာလိုသဘောထား ဝင်ရောက်စွက်ဖက်လေ့မရှိ နားလည်မှုရှိရှိ အပြန်အလှန် ကူညီလေ့ရှိကြတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ အခုလည်း မြန်မာဘက်က ဖြစ်စဉ်မှာ တစ်ဖက်နယ်ခြားကို ရောက်ရှိသွားတဲ့ အရာရှိ၊ စစ်သည်တွေကို မလာရ၊ မဝင်ရ ပိတ်ပင်ခြင်းမရှိဘဲ ကောင်းစွာစောင့်ရှောက်ထားတဲ့အထိ တာဝန်သိတဲ့ မိတ်ဆွေကောင်း ဖြစ်ပါတယ်။ ဟိုဘက်ဒီဘက် နှစ်နိုင်ငံကြား ပြဿနာဖြစ်လာရင် ပြဿနာ မိမိထံမကူးအောင် ကြိုတင်တားဆီးတဲ့အနေနဲ့နယ်ခြားမှာ လိုအပ်တဲ့ အတားအဆီးတွေဆောင်ရွက်ခြင်းဟာလည်း သဘာဝကျပြီး သူ့နိုင်ငံ၊ သူ့အရေးကိစ္စဖြစ်တဲ့အတွက် ဒေသတွင်းမှာ ဘာပြဿနာမှမရှိပါဘူး။ ဒီလိုအခြေအနေမှာ အခုလို အိန္ဒိယနိုင်ငံ နယ်စပ်ကိစ္စကို အထူးပြုမီးမောင်းထိုးပြခြင်းဟာ မြန်မာနဲ့ အိန္ဒိယအကြား နဂိုမူလ ချစ်ကြည်ရင်းနှီးမှုကို ဖျက်ဆီးဖို့နဲ့ နှစ်နိုင်ငံကြား ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ခြင်းလို့ မှတ်ယူပါတယ်။ ပေါ်ပြူလာဖြစ်ပါတယ်ဆိုတဲ့ သတင်းဌာနတစ်ခုအနေနဲ့ မှားယွင်းတဲ့ အချက်အလက်တွေမှာအခြေခံပြီး ထုတ်လွှင့်တဲ့ ကျင့်ဝတ်နဲ့မလျော်တဲ့လုပ်ရပ်အဖြစ် ဝေဖန်ရမှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာလည်း အိမ်နီးချင်းနိုင်ငံများပီပီ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရှိ ယနေ့ကာလ ပူးပေါင်းဆောင်ရွက်မှုများမှာ အပြုသဘောမှတ်ချက်များစွာနဲ့ အားရဖွယ် တိုးတက်မှုတွေရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် TNN ထိုင်းနိုင်ငံသတင်းဌာနတစ်ခုက အခုလိုတင်ပြချက်တွေဟာ ရိုးသားမှုရှိရဲ့လား၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ တုံ့ဆိုင်းသွားအောင် မသိမသာဆောင်ရွက်ချက်တစ်ခုလေလား ယူဆနိုင်ဖွယ်ရာ ရှိလာပါတယ်။ ထိုင်းနဲ့မြန်မာခေါင်းဆောင်တွေဟာ နှစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အပြန်အလှန်လိုလားကြသူတွေ ဖြစ်ပါတယ်။ ထိုင်းအစိုးရက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ပါဝင်ကူညီလေ့ရှိသလို မြန်မာနိုင်ငံဘက်ကလည်း ထိုင်းနိုင်ငံရဲ့ နိုင်ငံရေးအာဏာလွှန်ဆွဲပွဲတွေမှာ ဘယ်တုန်းကမှ ဝင်ရောက်စွက်ဖက်ခြင်းမျိုး မရှိခဲ့ပါဘူး။ ဒီအချက်ကို TNN အနေနဲ့ ဂုဏ်သိက္ခာရှိရှိ၊ ဘက်လိုက်မှုကင်းကင်း ဖော်ပြသင့်ပါတယ်။ သတင်းဌာနတစ်ခုအနေနဲ့ သိရှိလိုက်နာပြီးဖြစ်ရမယ့် အခြေခံအချက်တွေလည်း ဖြစ်ပါတယ်။

### နှစ်ဖက်တရားမျှတမှုရှိရှိ ဖော်ပြသင့်

TNN အနေနဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုရဲ့ ဟိုးအဝေးတစ်ဖက်က ကိစ္စတွေထက် ကိုယ့်နိုင်ငံတွင်းနဲ့နီးစပ်ရာကို ပိုပြီးအာရုံစိုက်သင့်တယ် မဟုတ်ပါလား...။ ရေးမယ်ဆို ဘက်လိုက်မှုကင်းကင်းနဲ့ ဖော်ပြရေးသားစရာ များစွာရှိပါတယ်။ TNN အပါအဝင် မြန်မာ့အရေးကို အရေးတကြီး ဖော်ပြချင်နေတဲ့ သတင်းမီဒီယာတွေကို ကျွန်တော်တို့ဘက်က တောင်းဆိုချင်တာတွေ ရှိပါတယ်။ သူတို့ဆီမှာ မြန်မာအရေးနဲ့ပတ်သက်ပြီးလည်း ရေးသားတင်ပြသင့်တာတွေ များစွာရှိနေကြမှာပါ။ သို့ပေမဲ့ လတ်တလောနဲ့ အပေါ်ယံပဲကြည့်ပြီး တင်တဲ့သတင်းမျိုးတော့မဖြစ်ပါစေနဲ့လို့ တောင်းဆိုပါရစေ၊ မူလအကြောင်းရင်းခံကို မှန်မှန်ကန်ကန်ရှာဖွေတတ်တဲ့ သတင်းသမားမျိုးနဲ့ တင်ပြချက်မျိုးတွေသာ ဖြစ်သင့်ပါတယ်။ ယနေ့မြန်မာနိုင်ငံမှာ ဖြစ်နေပျက်နေတာတွေဟာ ကျားဖြန့်ကိစ္စအကြောင်းပြပြီး နယ်မြေလုစစ်နယ်ရှင်တွေရဲ့ တိုက်ပွဲတွေပဲဖြစ်နေပါတယ်။ အာဏာဟာ သေနတ်ပြောင်းဝက ထွက်တယ်ဆိုတဲ့ သူတစ်လူငါတစ်မင်း စစ်ဘုရင်မူးယစ်ရာဇာတွေရဲ့ စားကျက်လုပွဲတွေ၊ ငါနဲ့မတူငါ့ရန်သူ၊ လူသတ်၊ မုဒိမ်းကျင့်၊ သတ်ဖြတ်၊ မီးရှို့၊ ခိုးဆိုးလုယက်ဖြစ်စဉ်တွေကို လက်တွေ့မြင်အောင်ကြည့်ပြီးမှ နှစ်ဖက်တရားမျှတမှုရှိရှိ ဖော်ပြစေချင်ပါတယ်။ မြန်မာနိုင်ငံအပေါ် အလုံးစုံပျက်စီးရေး ပြည်တွင်း၊ ပြည်ပညှပ်ပြီး လုပ်ဆောင်ချက်တွေကို မြင်အောင်ကြည့်ပြီး နားလည်မှုရှိရှိနဲ့ ပဋိပက္ခ ပိုမကြီးထွားအောင် စောင့်ထိန်းတင်ပြသင့်တယ်လို့ ယူဆပါတယ်။

ဘက်မလိုက်ခြင်းဆိုတဲ့ အချက်ဟာလည်း သတင်းဌာနကောင်းတစ်ခုရဲ့ လက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ အဖျက်ကို အဖျက်မှန်း၊ အပြုကိုအပြုမှန်းသိပြီး မှန်ရင် မှန်တယ်၊ မှားရင်မှားတယ် တိတိကျကျ ဖော်ပြနိုင်ခြင်းဟာ နားထောင်ကြည့်ရှုသူတွေရဲ့ ယုံကြည်မှုကို တိုးပွားစေပါတယ်။ အခု TNN ရဲ့ ဖော်ပြချက်မှာ အဖျက်သမားတွေရဲ့ အဖျက်လုပ်ရပ်များစွာကို ဖုံးကွယ်ထားတဲ့အပြင် မြန်မာနိုင်ငံအစိုးရနဲ့ပြည်သူတွေရဲ့ အပြုသဘောတည်ဆောက်မှုတွေကိုလည်း ဘက်လိုက်ပြီး မျက်ကွယ်ပြုထားပြန်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အနာဂတ်ဒီမိုကရေစီအရေး ဆောင်ရွက်ချက်တွေဟာ အမြောက်အမြားရှိပြီး ဖြစ်ပါတယ်။ သမာသမတ်ကျကျနဲ့ မြင်အောင်ကြည့်ဖို့ပဲလိုပါတယ်။

### မိမိနဲ့မိမိပတ်ဝန်းကျင်ကိုလည်း မြင်အောင်ကြည့်တတ်ရန်လို

မိမိကိုယ်မိမိ အင်အားကြီးဆိုသူတွေဟာ ဩဇာတိက္ကမကြီးမားအောင် အရာရာကို ထိန်းချုပ်နေကြပါတယ်။ မိမိပါဝါတက်ဖို့ မီဒီယာအပါအဝင် စစ်ရေး၊ စီးပွားရေး၊ နည်းပညာအားနဲ့ အခြားသူတွေ အားနည်းပြိုလဲအောင် ပြုလုပ်နေကြတယ်။ TNN အနေနဲ့ မိမိရဲ့မီဒီယာပါဝါကို ဘက်တွေကြား မျှတအောင်အသုံးပြုသင့်ပါတယ်။ အင်အားကြီးတွေရဲ့ပါဝါအားပြိုင်ပွဲမှာ ဘက်မလိုက် မျှတစွာ နေသင့်ပါတယ်။ သူများအပေါ် လက်ညှိုးထိုးတာများရင် မိမိလည်းတန်ပြန်ဒဏ်ခံရတတ်ပါတယ်။ စိတ်ကြွဆေးမှောင်ခိုအရောင်းအဝယ်နဲ့ အဖျက်လုပ်ရပ်ချည်းလုပ်နေတဲ့ ဒေသတွင်း မူးယစ်ရာဇာတွေကြောင့် ထိုင်းလူငယ်တွေ ပျက်စီးမယ့်အရေးတွေးပြီးပြည်သူတွေမြင်အောင် ချပြရပါမယ်။ မြန်မာ–ဘင်္ဂလားဒေ့ရှ်–အိန္ဒိယဘက်က မွတ်ဆလင်အရေး ချည်းလည်းမကြည့်ဘဲ ဗုဒ္ဓဘာသာနိုင်ငံတစ်ခုဖြစ်တဲ့ ထိုင်းတောင်ပိုင်း မွတ်ဆလင်အရေးကိုလည်း အလေးအနက်ထားဖို့ လိုပါမယ်။ ထိုင်းနိုင်ငံနဲ့ ပတ်သက်ပြီး မြန်မာဘက်က ဝင်ရောက်စွက်ဖက်ခြင်းတွေ လုံးဝမရှိခဲ့သလို သင်တို့နိုင်ငံမှာ မြန်မာနိုင်ငံနဲ့ ပြည်သူတွေအပေါ် အဖျက်လုပ်ရပ်လုပ်နေသူတွေ အခြေပြုခိုအောင်း လှုပ်ရှားနေသူတွေနဲ့ ပတ်သက်ပြီးလည်း သတိတရဖော်ပြပေးမယ်ဆိုရင်

စာမျက်နှာ ၇ သို့ ✻

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄၊ အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၈

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်- ၂၀၂၄ နှင့် ဆက်စပ်ဝန်ကြီးအဆင့် အစည်းအဝေးများဖြစ်သည့် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ- အိန္ဒိယ ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေး၊ အာဆီယံ- တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေး၊ အာဆီယံ- ရုရှားဖက်ဒရေးရှင်း ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ် အခမ်းအနားများကို "Quality and Responsible Tourism – Sustaining ASEAN Future" ခေါင်းစဉ်ဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Landmark Mekong Riverside Hotel ၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး Mrs. Suanesavanh VIGNAKET ၏ ဖိတ်ကြားချက်အရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။




### အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်

အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် ညပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ၌ ကျင်းပရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Professor Dr. Kikeo Khaikhamphithoune၊ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး၊ အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများ၊ မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဖိတ်ကြားထားသော ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ ဧည့်သည်တော်များနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့်တွေ့ဆုံ၍ ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အဖွင့်အမှာစကားပြောကြားကြပြီး အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ ကို အောင်စည်အောင်မောင်းတီး၍ ဖွင့်လှစ်ပေးကြကာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ရိုးရာနှင့် ခေတ်ပေါ်တေးဂီတအကများ၊ အစားအသောက်များနှင့် ရိုးရာချည်ထည်ဒီဇိုင်းများအား ဆန်းသစ်တီထွင်ဖန်တီးထားမှုများဖြင့် ဖျော်ဖြေဧည့်ခံကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၅ ရက်တွင် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ နှင့် ဆက်စပ်ကျင်းပသည့် (၂၇) ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်များ၊ ကနဦးစာရင်းများအရ ၂၀၂၃ ခုနှစ်တွင် အာဆီယံမှ ခရီးသွားဧည့်သည် ၉၃ ဒသမ ၇၆ သန်းဝင်ရောက်ခဲ့သည့်အနက် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ၁ ဒသမ ၂၄ သန်း ဝင်ရောက်ခဲ့မှု၊ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံမှ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရန် အသင့်ဖြစ်မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

### ကြည့်ရှုအားပေး

မွန်းလွဲပိုင်းတွင် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများအား CNN သတင်းဌာနမှ တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှုများနှင့် အနာဂတ်အလားအလာများ ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၁၁)ကြိမ်မြောက် အာဆီယံ- အိန္ဒိယ ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံ- အိန္ဒိယ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များအပါအဝင် မြန်မာနိုင်ငံသို့ အိန္ဒိယခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်ရေးအတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသားများအတွက် ဆိုက်ရောက်ဗီဇာ ခွင့်ပြုပေးနေမှု၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအတွက် သတင်းအချက်အလက် မျှဝေရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ရန် လိုအပ်သည်များနှင့် အာဆီယံ- အိန္ဒိယ ခရီးသွားလုပ်ငန်းဆိုင်ရာမူဘောင်များအလိုက် လျာထားသည့်လုပ်ငန်းစဉ်များ ပိုမိုတိုးမြှင့်ဖော်ဆောင်ရေးအတွက် ခိုင်မာသော ရန်ပုံငွေအရင်းအမြစ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်- ၂၀၂၄ နှင့် ဆက်စပ်ကျင်းပသည့် အာဆီယံခရီးသွားပြပွဲ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပါဝင်ပြသနေမှုအခြေအနေကို သွားရောက်လေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၅ အား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံမှ တည်ခင်းဧည့်ခံသော Malaysia Night အခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် (၂၃)ကြိမ်မြောက် အာဆီယံ- တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးကို ၂၀၂၅ ခုနှစ်တွင် စတင်ကျင်းပရန် အဆိုပြုချက်အပေါ် ထောက်ခံသဘောတူညီကြောင်း အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် Agoda မှ တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေးအတွက် ဒေသတွင်း ဟိုတယ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ (၃)ကြိမ်မြောက် အာဆီယံ- ရုရှားဖက်ဒရေးရှင်း ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အာဆီယံ- ရုရှား ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များအပြင် မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသားများအတွက် ဗီဇာတစ်နှစ် ကင်းလွတ်ခွင့်ကို ဒုတိယနှစ်အဖြစ် စမ်းသပ်ခွင့်ပြုဆောင်ရွက်ပေးနေမှုများ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှစ၍ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်း စတင်ပြေးဆွဲဆောင်ရွက်ခဲ့မှုများ အပါအဝင် ရုရှားခရီးသွားများ ပိုမိုတိုးတက် ဝင်ရောက်ရေးအတွက် ချစ်ကြည်ရင်းနှီးမှုခရီးစဉ်အား စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

### တက်ရောက်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲသို့လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay SIPHANDONE နှင့် တွေ့ဆုံခြင်းအခမ်းအနားသို့ လည်းကောင်း၊ အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းဆုများ ပေးအပ်ခြင်းအခမ်းအနားနှင့် အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်-၂၀၂၄ ပိတ်ပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်ခဲ့သည်။

အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းဆုများ ပေးအပ်ရာတွင် မြန်မာနိုင်ငံမှ ASEAN Green Hotel Award ငါးဆု၊ ASEAN MICE Venue Standard Award (Category: Meeting Room) သုံးဆု၊ ASEAN MICE Venue Standard Award(Category: Exhibition Venue) နှစ်ဆု၊ ASEAN MICE Venue Standard Award(Category: Event Venue) သုံးဆု၊ ASEAN Sustainable Tourism Award တစ်ဆုနှင့် ကျိုင်းတုံမြို့နှင့် ပုသိမ်မြို့တို့မှ ASEAN Clean Tourist City Award တို့ကို ရရှိခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်တွင် လာအိုနိုင်ငံ၏ အထင်ကရ ခရီးစဉ်ဒေသဖြစ်သည့် Pha That Luang Stupa (ဖသက်လွန်ဘုရား)နှင့် ဗီယင်ကျန်းမြို့အား ခရီးသွားဧည့်သည်များ၏ စိတ်ဝင်စားမှုများကို မြှင့်တင်ရန်နှင့် လာအိုနိုင်ငံ၏ ပန်းပုလက်မှုအနုပညာများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဖွင့်လှစ်ထားသော သစ်သားပန်းပုပြတိုက်တို့သို့ သွားရောက်ကာ သစ်သားများဖြင့် ထွင်းထုထားသော ပန်းပုအနုပညာလက်ရာ ခင်းကျင်းထားမှုများကို လေ့လာကြည့်ရှုပြီး ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

✻ စာမျက်နှာ ၆ မှ

မြန်မာပြည်သူတွေအနေနဲ့ လွန်စွာကျေးဇူးတင်မိမှာ ဖြစ်ပါတယ်။ ယနေ့ကာလ ကမ္ဘာကြီးဟာ အလွန်ပဲ အကဲဆတ်တယ်ဆိုတာ သတိပြုပြီး TNN အနေနဲ့မြင်အောင်ကြည့်ရမှာပါ။ အိမ်နီးချင်းနိုင်ငံတစ်ခုမှာ မတည်ငြိမ် မအေးချမ်းမှုကနေ နီးစပ်ရာ နိုင်ငံတွေဆီ အလွယ်တကူပျံ့နှံ့သွားတတ်ပြီး ဒေသတွင်း ပဋိပက္ခကြီးအထိ ရောက်ရှိသွားနိုင်တဲ့ အခြေအနေများကို တွက်ဆကာ နောက်ဆက်တွဲ အရှုပ်အထွေးတွေ ဖြစ်မလာအောင် မီဒီယာအားနဲ့ ထိန်းညှိဖော်ပြသင့်တယ်လို့ ထင်မြင်မိပါတယ်။

ထိုင်း TNN online today အနေနဲ့ ယနေ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေဟာ အိမ်နီးချင်း မြန်မာနိုင်ငံ ကွက်ကွက်လေးအနေနဲ့ပဲ စဉ်းစားနေလို့မရသလို စိတ်ခံစားမှုသက်သက် မီဒီယာတစ်ခုအဖြစ်လည်း မခံယူသင့်ပါဘူး။ မဖြစ်နိုင်တာတွေ စဉ်းစားတာများရင် ဖြစ်နိုင်တာတွေ ပျောက်ပြယ်သွားတတ်ပြီး သတင်းအဆိပ်ခတ်တာများသွားရင် အန္တရာယ်တွေသာ များပြားလာနိုင်ကြောင်းကို TNN အနေနဲ့ သိထားဖို့ လိုပါမယ်။ သတင်းထောက်တွေ၊ အစီအစဉ်တင်ဆက်သူတွေအနေနဲ့ ဒိုမီနို(domino) သက်ရောက်မှုသဘောတရားလောက်တော့ ပထဝီနိုင်ငံရေးကျမ်းကျေပြီး ဖြစ်သင့်ပါတယ်။ နိုင်ငံတကာမှာ ဩဇာပြိုင်သူများအကြား စစ်ရိပ်စစ်ငွေ့နဲ့ တင်းမာပြင်းထန်နေတဲ့ အချိန် အနေအထိုင်မတတ်ရင် ကိုယ်နေတဲ့နိုင်ငံပါ ကြားညှပ်သွားနိုင်တယ်ဆိုတာ ဒေသတွင်း ဘဝတူအချင်းချင်း အမြင်ကျယ်ကျယ် မြင်တတ်ကြည့်တတ်ရပါမယ်။ အိမ်နီးချင်းမြန်မာနိုင်ငံအပေါ် မသိမသာကနေ ပေါ်ပေါ်ထင်ထင် နှောင့်ယှက်ဖျက်ဆီးလာနေတဲ့အရေးမှာ TNN အနေနဲ့ အနောက်ဩဇာခံ အသုံးချခံမီဒီယာ မဖြစ်စေလိုပါဘူး။ မိမိကြောင့် အနုတ်သဘောဆောင်တဲ့ ကမ္ဘာ့အခင်းအကျင်းမျိုးအထိ ဖြစ်မသွားအောင် သမာသမတ်ကျသင့်ပါတယ်။ နောက်ဆုံးပြောချင်တဲ့အချက်တစ်ခုက ဒီမိုကရေစီနိုင်ငံတစ်ခုက သတင်းဌာနတစ်ခုအနေနဲ့ ဒီမိုကရေစီရဲ့ တန်ဖိုးကို ကိုယ့်ကြောင့်ပျက်စီးသွားခြင်းမျိုး မဖြစ်အောင် ဂရုပြုဖို့လိုတယ်ဆိုတဲ့အချက်ပါပဲ။ သင်တို့ကြိုက်ပါတယ်ဆိုတဲ့ ဒီမိုကရေစီရဲ့ အန္တရာယ်ရန်ကို မီဒီယာအားနဲ့ အကောင်းဆုံးကာကွယ်နိုင်ပါစေ ဟူ၍သာ မှတ်ချက်ပြုလိုက်ပါ့မယ်။ ။

■

# (၁၀၅)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာအောင် ဆုနှင်းသဘင်အခမ်းအနား ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၈**

ဗုဒ္ဓမြတ်စွာသာသနာတော်၏ အရင်းမူလ ရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာတော် စည်ပင်ပြန့်ပွားထွန်းကား၍ ပရိယတ္တိအကျော်သံဃာတော်များ စဉ်ဆက်မပြတ် ပေါ်ပေါက်စေရန် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ကျင်းပခြင်းနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပပူဇော်ခြင်း အခမ်းအနားကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြီးစီးခဲ့သည့် (၁၀၅)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ၌ ဖြေဆိုအောင်မြင်တော်မူကြသည့် သာသနဝ္အာဇာနည် သံဃာတော် ၁၂ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပူဇော်သည့် စာအောင်ဆုနှင်းသဘင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင် မြောက်ဘက်ရှိချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ နံနက် ၇ နာရီတွင် စာအောင်သံဃာတော်များနှင့် ဆွေတော်မျိုးတော်များ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရင်ပြင်တော်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ (၁၀၅)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာအောင် ဆုနှင်းသဘင်အခမ်းအနားကို နံနက် ၈ နာရီတွင် ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာ အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယကဆရာတော်များ၊ပင့်သံဃာတော်များ၊စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ထို့နောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပရခြင်းနှင့် သာသနာရေးဆိုင်ရာများကို ဩဝါဒါစရိယဆရာတော်ကြီးများထံ တင်ပြလျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်တို့က (၁၀၅)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲတွင် အောင်မြင်တော်မူခဲ့သည့် သီးခြားစာချတန်းအောင် သံဃာတော်လေးပါးနှင့် သီးခြားစာသင်တန်းအောင် သံဃာတော်ရှစ်ပါးတို့အား ဘွဲ့တံဆိပ်အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယကဆရာတော်များ၊ ပင့်သံဃာတော်များနှင့် စာအောင်သံဃာတော်များအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ တိပိဋကဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃဝ္ဝန်ဆောင်၊ စေတိယင်္ဂဏနာယက၊အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စေတိယင်္ဂဏပဂရသိရီမဟာဓမ္မဂုရု၊ သ.စ.အဓမ္မာစရိယ၊ ဝဋ္ဋသကာပါဠိပါရဂူ ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာဆရာတော်)ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်ချ အမျှပေးဝေကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်များ၊ စေတိယင်္ဂဏနာယကဆရာတော်များ၊ ပင့်သံဃာတော်များနှင့် စာအောင်သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တာချီလိတ်မြို့ရှိ ရွှေတိဂုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး (ပထမ)အကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၏ ကျက်သရေဂုဏ်ဆောင် ဆုတောင်းပြည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား (စတုတ္ထ)အကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် (ပထမ)အကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ရွှေတိဂုံစေတီတော် ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ(ကိုယ်စား) နဂါးနှစ်ကောင်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသုဓမ္မ (သာသနာဓမ္မာစရိယ B.A Buddhism, M.A (သီရိလင်္ကာ)၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ခြင်းနှင့် ဩဝါဒခံယူကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညို၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရေးအတွက် အလှူငွေများ လှူဒါန်းပေးကြသော အလှူရှင်များအား စစ်ဗျူဟာအဖွဲ့ (အခြေချ) တာချီလိတ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီးသူရဇော်လွင်စိုးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုတို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမင်းကိုက ကျေးဇူးတင်စကား ပြောကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူရန်အတွက် ရွှေဆိုင်းပေါင်း ၁၂၇၂၄ ဆိုင်းခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# "သာသနဓဇဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ရ ဘီးလင်းမြို့မင်းကျောင်းပရိယတ္တိ စာသင်တိုက်ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**ဘီးလင်း ဇန်နဝါရီ ၂၈**

နိုင်ငံတော်အစိုးရကချီးမြှင့်သော သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် ဘီးလင်းမြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဘီးလင်းမြို့ပေါ်အတွင်း လှည့်လည်အပူဇော်ခံယူပြီး ယနေ့နံနက်ပိုင်းတွင် ဘီးလင်းမြို့ ဆရာစံရပ်ကွက် မင်းကျောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဘွဲ့ခံဆရာတော်အား အခမ်းအနားဖြင့်ပင့်ဆောင်ကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ပုညသုခိတာရုံကျောင်းဆရာတော် ဒေါက်တာပညာသာမိက သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ရရှိတော်မူသော ဆရာတော် ဘဒ္ဒန္တအာစာရ အရှင်သူမြတ်၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်ခဲ့သည်။

ဆက်လက်၍ ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယသင်တန်းကျောင်း ဆရာတော်က ဩဝါဒကထာချီးမြှင့်ပြီး ငှက်ပျောတောပရိယတ္တိ စာသင်တိုက်ကျောင်းဆရာတော်က အနုမောဒနာတရားနှင့်ရေစက်ချတရားတော်များ ချီးမြှင့်အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရှားမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရှား ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့ကုန်းရပ်ကွက်၌ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

**လိုက်လံစစ်ဆေး**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနက ဒုတိယမြို့နယ်ဦးစီးမှူး ဦးအောင်လှိုင်မြင့် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၈ ရက်တွင် မြို့ပေါ်ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း မီးသုံးစွဲမှု၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးသတ်ဆေးဘူး၊



မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ ဆောင်ရွက်ထားရှိမှုများ ရှိ / မရှိ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မကွေးမြို့နယ် သံဘိုရွာသစ်(စံပြ)ရွာအား မျက်စိအတွင်းတိမ်ကင်းစင်ရွာအဖြစ် ကြေညာခြင်းအခမ်းအနား ကျင်းပ

**မကွေး ဇန်နဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သံဘိုရွာသစ်(စံပြ)ရွာကို ကျန်းမာရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ပထမဦးဆုံး မျက်စိအတွင်းတိမ်ကင်းစင်ရွာအဖြစ် သတ်မှတ်ပေးနိုင်သည့် အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

**ထောက်ပံ့**

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ တိုင်း/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မျက်စိအတွင်းတိမ်ကင်းစင်ပြီး အလင်းရလာကြသော သက်ကြီးအဘိုးအဘွားများနှင့် ရွာသူရွာသားများ တက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်မိန့်ခွန်းပြောကြားကာ မျက်စိအတွင်းတိမ်ခွဲစိတ်ကုသပြီးသော အဘိုး အဘွားများအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အဓိကမျှော်မှန်းချက်ဖြစ်သော မျက်စိအတွင်းတိမ်ကင်းစင်ရွာများ ပေါ်ပေါက်လာစေရေးအတွက် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သံဘိုရွာသစ်(စံပြ)ရွာအား မြန်မာတစ်နိုင်ငံလုံးမှာ ပထမဦးဆုံး မျက်စိအတွင်းတိမ်ကင်းစင်ရွာအဖြစ် ကြေညာနိုင်အောင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ခွဲစိတ်ကုသပေးခဲ့ကြသော မင်းဘူးဆေးရုံအုပ်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် မကွေးတိုင်းဒေသကြီးအတွင်းရှိ စံပြရွာများနှင့် အခြားရွာများအားလုံးရှိ မျက်စိအတွင်းတိမ်လူနာများကို ဆက်လက်ရှာဖွေကုသခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မော်လမြိုင်မြို့သို့ ဒုတိယအကြိမ် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးနှင့် ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး(ရန်ကုန်)တို့မှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ဒုတိယအကြိမ် သွားရောက်၍ ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါခရီးစဉ်အတွင်း နှလုံးဆေးကုသမှုဆိုင်ရာ လူနာ ၉၂ ဦး၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာလူနာ ၇၈ ဦး၊ ဦးနှောက်နှင့် အာရုံကြော ဆေးကုသမှုဆိုင်ရာ လူနာ ၁၀၂ ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၁၂ ဦး၊ အထွေထွေရောဂါ ဆေးပညာဆိုင်ရာလူနာ ၂၈၆ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာ လူနာ ၅၅ ဦး၊ ဆီးချိုနှင့်ဟော်မုန်းရောဂါဆိုင်ရာ လူနာ ၂၆၀၊ အသည်းရောဂါဆိုင်ရာလူနာ ၅၃ ဦး၊ ကလေးနှလုံးရောဂါလူနာ ၃၈ ဦး၊ ဆီးနှင့် ကျောက်ကပ် ဆေးကုသမှုဆိုင်ရာလူနာ ၄၁ ဦး၊ အရိုးအကြောအဆစ်ရောဂါလူနာ ၂၄၅ ဦး၊ အရေပြားရောဂါဆိုင်ရာလူနာ ၉၁ ဦး၊ ကလေးရောဂါလူနာ ၄၄ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ၅၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာလူနာ ၁၀ ဦး၊ သားဖွားမီးယပ်ဆိုင်ရာလူနာ ၂၄ ဦး၊ သွားနှင့်ခံတွင်းလူနာ ၂၈ ဦး စုစုပေါင်းဒေသခံပြည်သူ လူနာ ၁၅၁၂ ဦးကို ကြည့်ရှုကုသပေးခဲ့သည်။

**စမ်းသပ်စစ်ဆေးပေး**

လာရောက်ပြသသော လူနာများတွင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်သာမက ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ ပါဝင်ပြီး ရောဂါရှာဖွေစမ်းသပ်မှုများအနေဖြင့် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း ၁၁၆ ဦး၊ အစာအိမ်မှန်ပြောင်းကြည့်ရှုခြင်း ၁၃ ဦး၊ အူမကြီး မှန်ပြောင်းကြည့်ရှုခြင်း နှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ရိုက်ကူးခြင်း ၁၈ ဦး၊ သွေးချိုဓာတ်တိုင်းတာခြင်း ၉၅ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၅၁ ဦး၊ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်း ၂၇၀၊ Ultrasound ရိုက်ကူးခြင်း ၉၃ ဦးနှင့် နှလုံးစက်ဖြင့်စစ်ဆေးခြင်း ၂၀၄ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး နှလုံးရောဂါဆိုင်ရာ လူနာ နှစ်ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ သုံးဦး၊ ဆီးချိုနှင့် ဟော်မုန်းရောဂါဆိုင်ရာလူနာ သုံးဦး၊ ဆီးနှင့် ကျောက်ကပ်ရောဂါလူနာ လေးဦး၊ ကလေးနှလုံး ရောဂါလူနာ ၂၅ ဦးတို့ကို လိုအပ်သော စစ်ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ကုန်ရှိ သက်ဆိုင်ရာပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှုဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်နေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အစိုးရအဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးကြပြီး လူနာများကို အားပေးစကားပြောကြားကာ အာဟာရဒါန ထမင်းဘူးများ ဝေငှပေးကြသည်။

ထို့ပြင် အဆိုပါ အထူးကုဆေးကုသရေးအဖွဲ့နှင့်အတူ ကုသရေးဦးစီးဌာနမှ ကြီးကြပ်ပံ့ပိုးပေးရန် လိုက်ပါလာသော အမျိုးသားသွေးဌာန ရန်ကုန်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်သည် ဇန်နဝါရီ ၂၈ ရက် ညနေပိုင်းတွင် မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ "သွေးသွင်းကုသမှု ဘေးကင်းလုံခြုံရေး သိကောင်းစရာ" အကြောင်း ဆွေးနွေးဟောပြောသည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေး ခရီးစဉ်များကို ၂၀၂၃ ခုနှစ်အတွင်း ၁၅ ကြိမ်၊ ၂၀၂၄ ခုနှစ်အတွင်း တောင်ကြီးမြို့၊ ပြည်မြို့၊ သံတွဲမြို့၊ ပုသိမ်မြို့နှင့် ယခု မော်လမြိုင်မြို့တို့၌ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သန်လျင်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစည်သူဝင်းမောင်နှင့် တပ်ဖွဲ့ဝင်များသည် ယမန်နေ့ညပိုင်းက သန်လျင်မြို့နယ် ရပ်ကွက်ကျေးရွာများအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး၊မီးလောင်မီးလန့်မှုများ မဖြစ်ပွားနိုင်စေရန်အတွက် အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခဲ့သည်။ ယနေ့ နံနက်ပိုင်း၌လည်း မြို့နယ်အတွင်းရှိ ဈေးများ၊ နေအိမ်များတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေ၊ သဲများထားရှိမှုတို့ကို လိုက်လံစစ်ဆေးခဲ့ပြီး လက်တွေ့မီးငြိမ်းသတ်နိုင်ပုံအဆင့်ဆင့်ကို သရုပ်ပြသခဲ့ကြသည်။ **တင်ဝင်းတင်**



# တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး ဒေသအဆင့်ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**တာချီလိတ် ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး ဒေသအဆင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု အရေးယူဆောင်ရွက်မှုနှင့် ကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းတို့က နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့်ပတ်သက်၍ လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာစစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းဆိုင်ရာ စီမံကိန်း၏ စီမံကိန်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုးနှင့် ခရိုင် ရာသီဥတုနှင့်ပတ်ဝန်းကျင်ပြောင်းလဲမှုဆိုင်ရာ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီတွင် ပါဝင်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိတို့က နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက လေထုညစ်ညမ်းမှုတိုင်းတာရေးစက်ဖြစ်သည့် Ambient Particulate Monitor PM 2.5 ဖြင့် လေထုညစ်ညမ်းမှု တိုင်းတာစစ်ဆေးနေမှုနှင့် Mekong–Lancang Cooperation Special fund(2021) Mobile Air Quality Monitoring ယာဉ်ပေါ်တွင် စက်ပစ္စည်းထားရှိမှုအခြေအနေတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **သန်းဇော်(တာချီလိတ်)**

# မြန်မာတိုင်း မြန်မာ့သိုင်း သင်ယူထားသင့်သည်

အားကစားဝါသနာရှင်တစ်ဦး



"ယိစ်ယား၊ ယိစ်ယား"

အိမ်ဘေးမြေကွက်လပ်တစ်ခုတွင် ဆယ်ကျော်သက်အရွယ် အစ်မနှင့် သူ့သူငယ်ချင်းများ ကရာတေး သင်ယူကစားနေကြသည်။ အိမ်နီးချင်း ကရာတေးဆရာတစ်ဦးက အစ်မနှင့် သူ့သူငယ်ချင်းများကို ကရာတေးပညာ အခမဲ့သင်ကြားပေးနေခြင်း ဖြစ်ပါသည်။

သူတို့ခေတ်တွင် ဘရုစ်လီ၊ ချတ်စ်နောရစ်တို့၏ ရုပ်ရှင်ဇာတ်ကားများနှင့်အတူ မြန်မာလူငယ်များကြားတွင် ကရာတေး၊ ကွန်ဖူး စသည့်ကိုယ်ခံပညာ အားကစားနည်းများ ခေတ်စားသည်။ ကျွန်တော်တို့ အရွယ်ရောက်လာတော့ မြန်မာ့ရိုးရာလက်ဝှေ့ကစားနည်းက ရှေ့တန်းရောက်လာသည်။ သမန်းကျား၊ သမိန်ဗရမ်းတို့၏ နာမည်ကျော်ကြားလာမှုနှင့်အတူ မြန်မာ့ရိုးရာလက်ဝှေ့အားကစားနည်းသည် လူငယ်ထုအတွင်း စိမ့်ဝင်ပျံ့နှံ့လာသည်။ ကျောင်းနေဖက် သူငယ်ချင်းတစ်ဦးကလည်း မြန်မာ့ရိုးရာလက်ဝှေ့ပညာကို ဆရာတစ်ဦးထံတွင် စနစ်တကျသင်ယူခဲ့၍ ကျွန်တော်လည်း မြန်မာ့ရိုးရာလက်ဝှေ့အားကစားနည်းကို စိတ်ပါဝင်စားလာသည်။ သူ့ထံမှ အခြေခံနည်းစနစ်အချို့ကို ဆင့်ပွားလေ့လာသင်ယူဖြစ်သည်။

### မြန်မာ့ရိုးရာသိုင်းပညာနှင့်ပတ်သက်သည့် စာအုပ်စာပေများ

ထို့နောက် တစ်နွယ်ငင် တစ်စင်ပါဆိုသလို မြန်မာ့ရိုးရာသိုင်းပညာကိုပါ စိတ်ဝင်စားလာသည်။ မြန်မာ့ရိုးရာသိုင်းပညာနှင့်ပတ်သက်သည့် စာအုပ်စာပေများကို ရှာဖွေဖတ်ရှုလေ့လာဖြစ်သည်။

> **"မြန်မာနိုင်ငံ ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်စဉ်ကာလတွင် နယ်ချဲ့တို့သည် ၎င်းတို့အား တော်လှန်ပုန်ကန်မည့်အရေး တွေးကြောက်ကာ မြန်မာ့သိုင်းပညာမပြန့်ပွားစေရေးအတွက် အမျိုးမျိုးတားဆီးပိတ်ပင် ဖိနှိပ်မှုများကြားမှ မြန်မာသိုင်းပညာရှင်များနှင့် မျိုးချစ်စိတ်ဓာတ်ထက်သန်သော လူငယ်များက လူခြေတိတ်ဆိတ်ချိန်များတွင်လည်းကောင်း၊ လူသူကင်းဝေးသည့် တောတောင်များတွင်လည်းကောင်း လျှို့ဝှက်ဆင့်ပွားသင်ယူခြင်းဖြင့် မြန်မာတို့၏ ကိုယ်ပိုင်ရိုးရာအမွေအနှစ်ဖြစ်သော မြန်မာ့ရိုးရာသိုင်းပညာကို မပျောက်ကွယ်အောင် ထိန်းသိမ်းခဲ့ကြမှုများ၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်တွင်လည်း မြန်မာ့သိုင်းပညာရှင်များသည် နယ်အသီးသီးသို့ဆင်း၍ မိမိတို့ တတ်ကျွမ်းသောသိုင်းပညာရပ်များကို သင်ကြားပေးရင်း ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ သွတ်သွင်းပေးခဲ့"**

မြန်စာဂုဏ်ကျော်မြင့်၏ "မြန်မာ့ရိုးရာသိုင်းပညာ သမိုင်း"၊ သိုင်းဦးချစ်သန်း၏ "လျှို့ဝှက်သော ဗန်တို ဗန်ရှည်နည်းများ"၊ "တုတ်ရိုက်၊ ဓားခုတ်ခုခံ တိုက်နည်းများ"၊ "မြန်မာနည်းဖြင့် လက်သီးထိုး ခုခံနည်းများ"၊ "အကွက်သိုင်း"၊ "တုတ်ရှည်သိုင်း"၊ မြန်မာဓားသိုင်းဆရာကြီးဦးသွင်၏ "မြန်မာ့ဓားရေး သုံးဆယ့်ခုနစ်ခန်း"၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ "နန်းဓားနည်းပညာ"၊ ဆရာကြီးဦးသိန်းတင်၏ "ဓားတစ်လက်ဖြင့် ခုခံတိုက်ခိုက်ခြင်း"၊ တိုက်တိုင်းအောင်ပွဲကျောင်းဆရာကြီး ဦးစိုးမြင့်၏ "မြန်မာ့သိုင်း လက်ဝှေ့လေ့ကျင့်အားကစားနည်း၊ တန်ပြန်ခုခံကာကွယ်တိုက်ခိုက်နည်း"၊ ဆရာကြီး ဦးထွန်းစာ၏ "ဗန်တိုဗန်ရှည်မှတ်စု"၊ သန်လျင်အောင်သိန်း (သိုင်းပြောင်းပြန်)၏ "သိုင်းပြောင်းပြန် လက်သိုင်း"၊ ခင်မြင့်မြင့်(သိုင်း)၏ "ပွဲတွေ့ဗန်တိုနည်းများ" စသည် စသည်ဖြင့် မြန်မာ့ရိုးရာသိုင်းပညာက လေ့လာလိုက်စား၍ မကုန်နိုင်ပါ။

ဗန်တို(လက်နက်မဲ့) ပညာရပ်တစ်ခုတည်းမှာပင် လက်ဝှေ့၊ လက်သိုင်း၊ လက်ပန်း၊ လက်ရေး၊ အချုပ်ဖြေ၊ အကျဉ်းထွက်၊ ဖမ်းချုပ် စသည့် နည်းစနစ်ပညာရပ်များပါဝင်ပြီး ရန်သူက လက်နက်ပါသည်ဖြစ်စေ၊ လက်နက်မဲ့ဖြစ်စေ တိုက်ခိုက်ရန်ပြုချက်များကို မိမိက လက်နက်တစ်စုံတစ်ရာမကိုင်ဘဲ လက်သီး၊ လက်ဝါးစောင်း၊ တံတောင်၊ ဒူး၊ ခြေဖဝါး၊ ခေါင်း စသည့်ခန္ဓာကိုယ်အစိတ်အပိုင်းတို့ကို လက်နက်အဖြစ်အသုံးချကာ ရှောင်တိမ်းခုခံကာကွယ်တိုက်ခိုက်သည့် အတတ်ပညာရပ်ဖြစ်သည်။ ဗန်တိုပညာရပ်တွင် လက်သီးထိုးခုခံကာကွယ်နည်း၊ ဓားမြှောင်ထိုးခုခံကာကွယ်နည်း၊ တုတ်ရိုက်ဓားခုတ်ခုခံကာကွယ်နည်း၊ တုတ်ရှည်၊ တုတ်တို၊ လှံယဉ်၊ လှံရှည် အစရှိသည်တို့ဖြင့် တိုက်ခိုက်မှုကို ခုခံကာကွယ်နည်းများလည်း ပါဝင်သည်။

ဗန်ရှည်(လက်နက်ကိုင်)ပညာရပ်တွင် ဓားသိုင်း၊ တုတ်သိုင်း၊ လှံယဉ်သိုင်း၊ လှံရှည်အဲမောင်းသိုင်း၊ ကြိုးသိုင်း၊ ဓားမြှောင်သိုင်း၊ ကြိုးဆက်တုတ်သိုင်း စသည့်နည်းစနစ်ပညာရပ်များ ပါဝင်သည်။

### အကွက်ပညာလည်း အပြည့်အဝပါရှိ

မြန်မာ့ရိုးရာသိုင်းပညာတွင် ကာကွယ်ခုခံတိုက်ခိုက်ရေးပညာ၊ လက်နက်မဲ့လက်ရေးပညာနှင့် လက်နက်ကိုင်ဓားရေး၊ လှံရေး၊ အဲမောင်းရေး ပညာရပ်များအပြင် အခြားကိုယ်ခံပညာရပ်များနှင့် မတူသော အကွက်ပညာလည်း အပြည့်အဝပါရှိပါသည်။ အကွက်သိုင်းနှင့်ပတ်သက်လျှင် "အကွက်မပိုင်-သိုင်းမနိုင်"၊ "အကွက်မကျွမ်း-သိုင်းမစွမ်း"၊ "အကွက်မကျင်-သိုင်းမလျင်" ဟူသည့် စာချိုးနှင့်အတူ အကွက်ပိုင်မှ၊ ကျွမ်းမှ ကျင်မှ နိုင်မည်၊ စွမ်းမည်၊ လျင်မည်ဟူသည့် ဆိုရိုးရှိခဲ့သည်။

ဆရာစောမျိုးမြင့်(သိုင်းသုတေသီ)က မြန်မာ့သိုင်းပညာရပ်တွင် က-သိုင်းပညာရပ်၊ ပြ-သိုင်းပညာရပ်နှင့် ချ-သိုင်းပညာရပ် (အသုံးချပညာရပ်)ဟူသည့် ကဏ္ဍကြီးသုံးရပ်ရှိပြီး ၎င်းကဏ္ဍကြီးသုံးရပ်စလုံးကို ကျွမ်းကျင်ပိုင်နိုင်မှ ရသမြောက်သော သိုင်းပညာရှင်အဖြစ် ခေါ်ထိုက်သည်ဟု ဆိုသည်။

က-သိုင်းပညာရပ်တစ်ခုသည်ပင်လျှင် ကြည့်ရှုသူများအဖို့ လွယ်ကူသည်ဟု ထင်မှတ်ရသော်လည်း ရသမြောက်သိုင်းအကပညာကို ကတတ်ရန် မလွယ်ကူကြောင်း၊ ပီပြင်သော သိုင်းအကဖြစ်ဖို့ လက်ဖြစ်စေ၊ ဓားတစ်လက် (သို့) ဓားနှစ်လက်ဖြစ်စေ၊ တုတ်ဖြစ်စေ မိမိကသောသိုင်းပညာရပ် ပေါ်လွင်စေရန် မျက်နှာပေးကောင်းခြင်း၊ ခေါင်းခါးခြေလက်မှန်ကန်ခြင်း၊ စည်းဝါးနရီကိုက်ခြင်းတို့ဖြင့် ပြည့်စုံမှသာ ရန်သူနှင့်ရင်ဆိုင်နေရသကဲ့သို့ ရသပေါ်လွင်ပြီး ရသမြောက်သော သိုင်းအကပညာရပ်ကို ရရှိခံစားနိုင်သည်ဟုဆိုသည်။

### လိုက်စား၍မကုန်နိုင်

ပညာရပ်တစ်ခုကား လိုက်စား၍မကုန်နိုင်ပါပေ။ ကျွန်တော်သည် မူလက လူငယ်ဘဝတွင် ခိုက်ရန်ဖြစ်ပွားခဲ့ပါက ခုခံကာကွယ်ရန်၊ ပြန်လည်တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် လက်နက်မဲ့ဖြစ်စေ၊ လက်နက်ချင်းဖြစ်စေ တိုက်ခိုက်မှုနည်းစနစ်ပေါင်းစုံပါရှိသော မြန်မာ့ရိုးရာသိုင်းပညာရပ်ကို စာတွေ့လေ့လာဖတ်ရှုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင်ဖတ်ရှုရင်း၊ ဖတ်ရှုရင်းဖြင့် ရှေးမြန်မာဘုရင်မင်းများခေတ်မှသည် ယနေ့ မျက်မှောက်ကာလတိုင် သမနိုရှည်ကြာခဲ့သော မြန်မာ့ရိုးရာသိုင်းပညာ၏ သမိုင်းကြောင်းများ၊ မြန်မာနိုင်ငံ ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်စဉ်ကာလတွင် နယ်ချဲ့တို့သည် ၎င်းတို့အား တော်လှန်ပုန်ကန်မည့်အရေး တွေးကြောက်ကာ မြန်မာ့သိုင်းပညာမပြန့်ပွားစေရေးအတွက် အမျိုးမျိုးတားဆီးပိတ်ပင် ဖိနှိပ်မှုများကြားမှ မြန်မာသိုင်းပညာရှင်များနှင့် မျိုးချစ်စိတ်ဓာတ်ထက်သန်သော လူငယ်များက လူခြေတိတ်ဆိတ်ချိန်များတွင်လည်းကောင်း၊ လူသူကင်းဝေးသည့် တောတောင်များတွင်လည်းကောင်း လျှို့ဝှက်ဆင့်ပွားသင်ယူခြင်းဖြင့် မြန်မာတို့၏ ကိုယ်ပိုင်ရိုးရာအမွေအနှစ်ဖြစ်သော မြန်မာ့ရိုးရာသိုင်းပညာကို မပျောက်ကွယ်အောင် ထိန်းသိမ်းခဲ့ကြမှုများ၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်တွင်လည်း မြန်မာ့သိုင်းပညာရှင်များသည် နယ်အသီးသီးသို့ဆင်း၍ မိမိတို့ တတ်ကျွမ်းသော သိုင်းပညာရပ်များကို သင်ကြားပေးရင်း ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ သွတ်သွင်းပေးခဲ့မှုများ၊ မြန်မာ့သိုင်းပညာရှင် ဦးပြည်သိမ်းနှင့် ဦးချစ်သန်းတို့သည် ဂျပန်ခေတ်တစ်ခေတ်လုံး သုံးနှစ်တိုင်တိုင် တစ်ပြည်လုံးရှိ လူငယ်လူရွယ်များ၊ ဗမာ့တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များအား သိုင်းပညာသင်ကြားပေးခဲ့မှုများ၊ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် စနစ်တကျ ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ သိုင်းသမားများအစည်းအရုံးမှသည် ၁၉၆၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်အထိ သမိုင်းခေတ်များကို မှတ်သားလေ့လာခဲ့ရာမှ မြန်မာ့ရိုးရာသိုင်းပညာအပေါ် ဂုဏ်ယူလေးစားတန်ဖိုးထားလာမိပါသည်။

မြန်မာ့သိုင်းနှင့် မြန်မာ့သမိုင်းသည် ခွဲမရ၊ သိုင်းပညာထူးချွန်သည့် မြန်မာ့သူရဲကောင်းကြီးများ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်များမှာ မြန်မာ့သမိုင်းတစ်လျှောက်တွင် အံ့သြချီးကျူးဖွယ်ရာကောင်းလောက်အောင် ပြည့်နှက်လျက်ရှိသည် မဟုတ်ပါလား။

ယနေ့ မျက်မှောက်ကာလတွင်လည်း အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်တို့သည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြန်မာ့သိုင်းပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ခေတ်နှင့်အညီ ပြန့်ပွားတိုးတက်စေရန် အမျိုးသားရေးတာဝန်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### မြန်မာ့သိုင်းဒိုင်လူကြီးနှင့် နည်းပြသင်တန်းများ ဖွင့်လှစ်

မြန်မာလူငယ်များ သိုင်းပညာရပ်များကို စိတ်ဝင်တစား လေ့လာလိုက်စားစေခြင်းဖြင့် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်မည့် ကျန်းမာသန်စွမ်းသူများဖြစ်လာစေရန်နှင့် မြန်မာ့သိုင်း ဗန်တို၊ ဗန်ရှည်ပညာရပ်များ နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိစေရေးအတွက် အထောက်အကူဖြစ်စေရန် မြန်မာ့သိုင်းဒိုင်လူကြီးနှင့် နည်းပြသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။ ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ သိုင်းပညာရှင်များအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရန်၊ မြန်မာ့သိုင်းပညာရပ်များ နှီးနှောဖလှယ်နိုင်စေရန်၊ မျိုးဆက်သစ်သိုင်းပညာရှင်များပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြန်မာ့သိုင်းပြိုင်ပွဲများကိုလည်း ကျင်းပပြုလုပ်ပေးလျက်ရှိသည်။

မြန်မာ့သိုင်းအားကစားနည်းကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ (SEA Games)တွင် ဗီယက်နမ်နိုင်ငံ၏ ဗိုဗီနမ်အားကစားနည်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ပန်ကြပ်ဆီလပ် အားကစားနည်းများနည်းတူ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"၁။ ငါတို့သည် တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာရှိပါမည်။
၂။ ငါတို့သည် ရိုးရာယဉ်ကျေးမှုနှင့် တရားဥပဒေကို စောင့်သိရိုသေပါမည်။
၃။ ငါတို့သည် ဤသိုင်းပညာဖြင့် သစ္စာမဲ့ခြင်း၊ မာနထောင်လွှားခြင်း၊ နိုင့်ထက်စီးနင်းပြုလုပ်ခြင်းများကို ရှောင်ကြဉ်ပါမည်။

စာမျက်နှာ ၁၁ သို့

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



ဘားအံ ဇန်နဝါရီ ၂၈

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြသည်။

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၅၃ ဦး၊ ကဗျာပြိုင်ပွဲတွင် ၁၁ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၅၂ ဦး၊ ကျပန်းစကားပြော ပြိုင်ပွဲတွင် ငါးဦး စုစုပေါင်း ၁၂၁ ဦးက သတ်မှတ်ခေါင်းစဉ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကာ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျရောက်မည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ပေ ၁၃၀ x ပေ ၃၀ RCC နှစ်ထပ်စာသင်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်အားသွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ယူတည်ဆောက်သည့်ကုမ္ပဏီနှင့် ပြည်နယ်ပညာရေးမှူးတို့က လုပ်ငန်းအားလုံး၏ ၇၈ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ဘားအံ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်ဝင်ခွင့်ရကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုသည့်အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆုနှင့် သင်ရိုးပြင်ပလှုပ်ရှားမှုများအတွက် ဂုဏ်ပြုဆုများ၊ မောင်မယ်သစ်လွင်များအတွက် ဂုဏ်ပြုထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်

ဗန်းမော် ဇန်နဝါရီ ၂၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြင့်ထွန်းနှင့်တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၆ ရက်က ကုန်းမဟာတ်ကျေးရွာချင်းဆက်လမ်း အရှည်တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၆ ပေ၊ ဒု ခုနစ်လက်မရှိ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြင့်ထွန်းက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သက်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ၉၆၄ ဒသမ ၉၉ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပစ္စည်းတင်ဒါစနစ်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက ကုန်းမဟာတ်ကျေးရွာ၊ ဖိုးဒေဝကျေးရွာ၊ ကံကြီးကျေးရွာနှင့် ကမ္ဘာနီကျေးရွာ စုစုပေါင်းကျေးရွာလေးရွာမှ လူဦးရေ ၂၉၃၆ ဦးတို့ကို အကျိုးပြုသွားလာဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ JJJ

## မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်



မန္တလေး ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာသည့် အသိပညာပေးအစီအစဉ်ကို ဇန်နဝါရီ ၁၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မိတ္ထီလာမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၇၂ ခုမှ ပြည်သူ ၃၁၀၊ သာစည်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၅၀ မှ ပြည်သူ ၂၅၀ စုစုပေါင်း ၅၆၀ တက်ရောက်ပြီး လက်တွေ့စမ်းသပ် မဲပေးလေ့လာကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။ စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များပေးခဲ့ကြသည်။ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဇန်နဝါရီ ၂၈

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

❑ စာမျက်နှာ ၁၀ မှ

၄။ ငါ့အား အထက်မှပေးအပ်သောတာဝန်နှင့် သိုင်းပညာစဉ်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

၅။ ငါ့တိုင်းပြည်၊ ငါ့လူမျိုး၊ ငါ့ယဉ်ကျေးမှုအတွက် သိုင်းပညာဖြင့် ကာကွယ်စောင့်ရှောက်ရန် အဓိဋ္ဌာန်ပြုပါ၏" ဟူသည့် မြန်မာ့သိုင်းသစ္စာအဓိဋ္ဌာန်များကား ပျံ့လွင့်၍လာသည်။

နိုင်ငံတော်အခမ်းအနားများ၊ နိုင်ငံတော်က လက်ခံကျင်းပသည့် ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲများတွင် မြန်မာပြည်သားသီချင်းနှင့်အတူ မျိုးဆက်သစ်မြန်မာ့သိုင်းဝါသနာရှင် လူငယ်မောင်မယ်တို့၏ အားမာန်အပြည့်၊ လျှင်မြန်သွက်လက်မှုအပြည့်ဖြင့် မြန်မာ့သိုင်းပညာရပ် သရုပ်ပြသနေမှုမြင်ကွင်းများကို ပြန်လည်မြင်ယောင်လာသည်။

**အကျိုးကျေးဇူးများ**

မြန်မာ့သိုင်းပညာရပ်သည် ကျန်းမာရေးအရလည်း ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှုများ ရရှိစေနိုင်သည့်အပြင် မိမိကိုယ်ကိုယုံကြည်မှု၊ လျှင်မြန်ဖျတ်လတ်မှု၊ ဖြတ်ထိုးဉာဏ်ကောင်းမွန်မှု၊ ဆုံးဖြတ်ချက်မှန်ကန်စွာချနိုင်မှု၊ အပြန်အလှန်လေးစားမှု၊ ခန္ဓာကိုယ်အတွင်းရှိ ဟော်မုန်းများ၊ အင်ဇိုင်းများ၊ ဇီဝဓာတုဗေဒပစ္စည်းများထွက်ရှိမှုများကို ညီညွတ်မျှတစေမှု စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်ဖြစ်၍ မျိုးဆက်သစ် မြန်မာလူငယ်မောင်မယ်များအနေဖြင့် "မြန်မာတိုင်း မြန်မာ့သိုင်းတတ်ရမည်"ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာ့ရိုးရာသိုင်းပညာကို လေ့လာလိုက်စား သင်ယူကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ॥

■

## မက်မန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ(တတိယ)အကြိမ် ထုတ်ချေး

မက်မန်း ဇန်နဝါရီ ၂၈

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ (တတိယ)အကြိမ် ထုတ်ချေးပေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများမှ ရောင်အူဝကျေးရွာ၌ ကျင်းပသည်။

ဦးစွာမက်မန်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရောင်အူဝကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသားအသင်းသူ ၁၄ ဦးကို (တတိယ)အကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၅ သိန်းအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ JJJ

# အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း(ဒုတိယနေ့) ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

တပ်မတော်တွင် ပဉ္စမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဦးဆန်းဦးနှင့် တူဖြစ်သူ အသည်းအလှူရှင်ကိုနိုင်လင်းဦးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ထိုသို့ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သာယာဝတီမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ Grade-5၊ Grade-9 စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**သာယာဝတီ ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် အခြေခံပညာ Grade–5၊ Grade–9 စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က အထက(၁) သာယာဝတီ ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။




ဦးစွာ မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က စာမေးပွဲဆိုင်ရာတွင် G–5၊ G–9 သာမဟုတ်ဘဲ ကျောင်းတွင်းစစ် စာမေးပွဲများလည်း ပါဝင်ပါကြောင်း၊ အထူးကြပ်မတ်ကြရန်လိုအပ်ကြောင်း၊ စာမေးပွဲနှင့်ပတ်သက်၍ အမြဲလုပ်နေကျဟူ၍သဘောမထားဘဲ အမြဲအဆင်သင့်ဖြစ်အောင် သေချာတိကျစွာ ဆောင်ရွက်စေ လိုကြောင်း၊ စာမေးပွဲစီမံချက်များ ရေးဆွဲ၍ စီမံချက်ပါအတိုင်း တိကျစွာ တာဝန်ယူတာဝန်ပေး ဆောင်ရွက်စေလိုကြောင်း၊ ကြီးကြပ်ရေးမှူးများအနေဖြင့် မိမိတို့တာဝန်ကျရာစာစစ်ဌာနများတွင် လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းပြီး လုံခြုံရေးကို အထူးတိုးမြှင့်စီမံကြရန်လည်းလိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ Grade–5၊ Grade–9 စာမေးပွဲဆိုင်ရာ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာကြီး ဆရာမကြီး စုစုပေါင်း ၁၉၄ ဦး တက်ရောက်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကော့သောင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ၂၀၂၃–၂၀၂၄ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဏ္ဏဝါရပ်ကွက်ရှိ မဇ္ဈိမသကခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများက အခမ်းအနားကိုဖဲကြိုးဖြတ်၍ ကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးကျော်ငွေက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်အတွင်း နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကာယ၊ ဥာဏပြိုင်ပွဲများနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆု၊ ဘက်စုံထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ကြပြီး ကျောင်းသား ကျောင်းသူများက အကပဒေသာတေးသရုပ်ဖော်အကများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**လှည်းကူး ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၏ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် ခရိုင်/မြို့နယ် ပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက လှည်းကူး (မြို့မ)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။



ဦးစွာ ပညာရေးစုံညီပွဲတော်ကို အထက(မြို့မ)ကျောင်းမှ ကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်း သီဆို၍ အခမ်းအနားဖွင့်လှစ်ကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် ဇနီး၊ ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးခင်ဇော်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ပေါင် ဇန်နဝါရီ ၂၈**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက(ပေါင်) အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ကြိုဆိုပါသည်စုံညီပွဲတော် သီချင်းအား သီဆိုဖျော်ဖြေ၍အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၂–၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဘက်စုံစွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တွန်းဇံမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တွန်းဇံ ဇန်နဝါရီ ၂၈**

ချင်းပြည်နယ် တီးတိန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ တွန်းဇံမြို့နယ် ဗျဲလ်ကျင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို တာဝန်ရှိသူများက ဇန်နဝါရီ ၂၆ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ တွန်းဇံမြို့နယ် ဗျဲလ်ကျင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာ(သွပ်မိုး၊သွပ်ကာ၊ပျဉ်ခင်း)တစ်လုံး၊ နှစ်ခန်းတွဲအိမ်သာ (သွပ်မိုး၊ အုတ်စီ)တစ်လုံးနှင့် ခြံစည်းရိုးကာရံမှုလုပ်ငန်းများကို သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါ ဗျဲလ်ကျင်းကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ တီးတိန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကျိန်ဒိုးလျန်းနှင့် ဝန်ထမ်းများ၊ တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးထောင်းခန့်ခိုင်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား**
**ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား**

# ပါလက်စတိုင်း ဒုက္ခသည်များအတွက် ရန်ပုံငွေပေးအပ်မှု ဆိုင်းငံ့ထားခြင်းအပေါ် ပြန်လည်သုံးသပ်ပေးရန် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ အကြီးအကဲ တိုက်တွန်းပြောကြား

ဂျေရုဆလင် ဇန်နဝါရီ ၂၈

ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ အေဂျင်စီ အကြီးအကဲက ပါလက်စတိုင်းဒုက္ခသည် များအဖွဲ့၏ ရန်ပုံငွေကိုဆိုင်းငံ့ထားရန် အလှူရှင်နိုင်ငံ များ၏ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်စဉ်းစား ပေးရန် တိုက်တွန်းပြောကြားကြောင်း သိရသည်။

ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းများဆောင်ရွက်ရေးအဖွဲ့ (UNRWA) ၏ အလှူရှင်နိုင်ငံများသည် အောက်တိုဘာ ၇ ရက်တွင် ဖြစ်ပွားခဲ့သည့် အစ္စရေးနိုင်ငံအပေါ် ဟားမတ်စ်တို့၏ တိုက်ခိုက်မှုတွင် UNRWAဝန်ထမ်း များပါဝင်ပတ်သက်သည်ဟု စွပ်စွဲခဲ့ပြီးနောက် ၎င်းတို့ ၏ နောက်ထပ်ရန်ပုံငွေ ထပ်လောင်းထောက်ပံ့မှုများ ကို ယာယီရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။

အလှူရှင်နိုင်ငံများတွင် အမေရိကန်၊ ဂျာမနီနှင့် ကနေဒါနိုင်ငံတို့ ပါဝင်သည်။ အလှူရှင်နိုင်ငံများမှ ပံ့ပိုးမှုများသည် UNRWA၏ လုပ်ငန်းဆောင်တာများ အတွက် အဓိကကျသည်။

ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ရေးအဖွဲ့သည် အစ္စရေးနိုင်ငံမှပေးပို့သည့် သတင်းအချက်အလက်များအပေါ် ကိုးကားပြီး UNRWA ဝန်ထမ်းများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ရေးအဖွဲ့၏ ကော်မရှင်နာချုပ် ဖီလစ်ပီ လက်ဇာရီနီက အလှူရှင်ကိုးနိုင်ငံသည် ၎င်းတို့၏ ရန်ပုံငွေများကို ယာယီဆိုင်းငံ့ထားကြောင်း ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အဆိုပါ ဆုံးဖြတ်ချက်များသည် ဒေသတစ်ဝန်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်း များကို ထိခိုက်မှုရှိစေပြီး အထူးသဖြင့် ဂါဇာ ကမ်းမြောင်အခြေအနေကို ပိုမိုဆိုးရွားစေကြောင်း ၎င်းက ပြောကြားသည်။

ဝန်ထမ်းအချို့၏ တာဝန်မဲ့လုပ်ရပ်ကြောင့် အဖွဲ့နှင့် အမှုဆောင်အဖွဲ့အစည်းတစ်ခုလုံးကို ပိတ်ဆို့ အရေးယူမှုပြုခြင်းသည် တာဝန်မဲ့ရာရောက်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**မှီခိုနေရ**

ထို့ပြင် ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်း များဆောင်ရွက်ရေးအဖွဲ့၏ ကော်မရှင်နာချုပ် ဖီလစ်ပီ လက်ဇာရီနီက ဒုက္ခသည် နှစ်သန်းသည် ၎င်းတို့၏ အသက်ရှင် ရပ်တည်မှုအတွက် UNRWA၏ ထောက်ပံ့ ပေးမှုအပေါ် မှီခိုနေရကြောင်းကိုလည်း မှတ်ချက်ပြု ပြောကြားသည်။

ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ရေးအဖွဲ့သည် ဂါဇာဒေသရှိ ထောက်ပံ့ ရေးပစ္စည်းများဖြန့်ဝေခြင်းနှင့် အမိုးအကာများပေး ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

လက်ရှိဖြစ်ပေါ်နေသည့် အကျပ်အတည်းများ သည် ယင်းဒေသရှိ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အခြေအနေများကို ပိုမိုဆိုးရွားသွားစေမည် ဖြစ်ကြောင်း ကော်မရှင်နာချုပ် ဖီလစ်ပီလက်ဇာရီနီက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီရန်နိုင်ငံက ပြည်တွင်းထုတ် ဂြိုဟ်တုသုံးလုံးကို တစ်ပြိုင်နက်တည်းလွှတ်တင်

တီဟီရန် ဇန်နဝါရီ ၂၈

အီရန်နိုင်ငံသည် ၎င်း၏ အာကာသ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်းထုတ် ဂြိုဟ်တုသုံးလုံးကို ယနေ့ တစ်ပြိုင်နက်တည်း လွှတ်တင်ခဲ့ကြောင်း အီရန်ကျောင်းသားများသတင်းအေဂျင်စီက သတင်းဖော်ပြသည်။

ဂြိုဟ်တုများကို ကမ္ဘာမြေမျက်နှာပြင် အထက် အမြင့် ကီလိုမီတာ ၄၅၀ အကွာ တွင်ရှိသော ဘဲဥပုံပတ်လမ်းသို့ လွှတ်တင် ခဲ့ကြောင်း အီရန်ကျောင်းသားများ သတင်းအေဂျင်စီက ဆိုသည်။

ဂြိုဟ်တုသုံးလုံးတွင် Mahda အမည်ရှိ ဆက်သွယ်ရေးနှင့် သုတေသနဂြိုဟ်တု တစ်ခုနှင့် နာနိုဂြိုဟ်တုနှစ်ခုဖြစ်သည့် Keyhan-2 နှင့် Hatef-1 တို့ပါဝင်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုများကို နိုင်ငံ၏ အလယ်ပိုင်း ဆမ်နန်ပြည်နယ်ရှိ ဂြိုဟ်တု လွှတ်တင်ရေးယာဉ် Simorgh (Phoenix) မှ လွှတ်တင်ခဲ့ကြောင်း သိရသည်။



Mahda ဆက်သွယ်ရေးနှင့် သုတေသန ဂြိုဟ်တု၏ အဓိကရည်ရွယ်ချက်မှာ Simorgh ဂြိုဟ်တုလွှတ်တင်ရေးယာဉ် ၏စွမ်းဆောင်ရည်ကို အကဲဖြတ်ရန်နှင့် အာကာသအတွင်း ဒီဇိုင်းနှင့်နည်းပညာ အသစ်များကို အကဲဖြတ်ရန်ဖြစ်သည်။ အခြားဂြိုဟ်တုနှစ်ခုသည် ကမ္ဘာလုံး ဆိုင်ရာ မဟာဗျူဟာမြောက်ဆက်သွယ် ရေးနည်းပညာကို အဓိကထားလုပ်ဆောင် မည်ဖြစ်ကြောင်း သိရသည်။

အလားတူ Soraya ဟု အမည်ပေး ထားသော အပေါ့စား ၄၇ ကီလိုဂရမ် အလေးချိန်ရှိသော သုတေသနနှင့် ဆက်သွယ်ရေး ဂြိုဟ်တုကို ဇန်နဝါရီ ၂၀ ရက်က လွှတ်တင်ခဲ့ကြောင်း အီရန်အစိုးရ က ကြေညာသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဇမ်ဘီယာနိုင်ငံသား ၁ ဒသမ ၈ သန်းခန့် ကာလဝမ်းရောဂါ ကာကွယ်ဆေးတိုက်ကျွေးပြီးဖြစ်

လူဆာကာ ဇန်နဝါရီ ၂၈

ဇမ်ဘီယာနိုင်ငံ၌ နိုင်ငံသား ၁ ဒသမ ၈ သန်းခန့်အား ကာလဝမ်းရောဂါကာကွယ် ဆေးများတိုက်ကျွေးပြီးဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ဇမ်ဘီယာနိုင်ငံ၏ မြို့တော်လူဆာကာအပါအဝင် ဟော့စပေါ့ခရိုင်များတွင် ကာကွယ်ဆေးများ တိုက်ကျွေးပြီးဖြစ်ကြောင်း ကာလဝမ်းရောဂါအခြေအနေဆိုင်ရာ နောက်ဆုံးထုတ်ပြန်ချက်တစ်ခုတွင် ကျန်းမာရေးဝန်ကြီး မာဆီဘိုက ပြောကြားခဲ့သည်။

ဇမ်ဘီယာနိုင်ငံ၌ ရေကြောင့်ဖြစ်သော ကာလဝမ်းရောဂါကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အများသူငှာနေထိုင်ရာ နေရာအနှံ့တွင် သန့်ရှင်း ရေးပြုလုပ်ရန် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇမ်ဘီယာနိုင်ငံတွင် ယမန်နှစ်အောက်တိုဘာလမှစတင်၍ လက်ရှိအချိန်အထိ ကာလဝမ်းရောဂါဖြစ်ပွားမှု ၁၄၉၀၀ ရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးမှု ၅၆၀ ရှိကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# မြောက်ကိုရီးယားနိုင်ငံက ခရုဇ်ဒုံးကျည်အများအပြား စမ်းသပ်ပစ်လွှတ်



ပြုံယမ်း ဇန်နဝါရီ ၂၈

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ အရှေ့ဘက်ကမ်းရိုးတန်း ရေပြင်မှ ခရုဇ် ဒုံးကျည်အများအပြားကို ယနေ့စမ်းသပ် ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ အရှေ့ပိုင်း ဆင်ဖိုပင်လယ်ဆိပ်ကမ်းမြို့ရှိ ကမ်းလွန် ရေပြင်မှ ဇန်နဝါရီ ၂၈ ရက် ဒေသစံတော် ချိန် နံနက် ၈ နာရီဝန်းကျင်တွင် ပစ်လွှတ် ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်က ပြောကြားသည်။

ပြုံယမ်းသည် မဟာဗျူဟာမြောက် ခရုဇ်ဒုံးကျည် အမျိုးအစားသစ်ကို စမ်းသပ် ပစ်လွှတ်ခဲ့ပြီး တစ်ရက်အကြာတွင် အဆိုပါခရုဇ်ဒုံးကျည်များကို ထပ်မံ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားသည် ယမန်နှစ်မှ စပြီး ခရုဇ်ဒုံးကျည်များကို အကြိမ်ကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့သည်။

၎င်းတို့သည် နည်းဗျူဟာမြောက် နျူကလီးယားထိပ်ဖူးကို သယ်ဆောင်ရန် ဒီဇိုင်းထုတ်ထားကာ ကောင်းကင်ယံ၌ အချိန်ကြာမြင့်စွာပျံသန်းပြီး ပစ်မှတ်ကို ရှာဖွေနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မတ်လတွင် မြောက် ကိုရီးယားက ရေငုပ်သင်္ဘောမှ ခရုဇ် ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။

တာလတ်နှင့် တာဝေးပစ် ခရုဇ်ဒုံးကျည် များကို ပိုမိုတီထွင်ထုတ်လုပ်သွားမည် ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန် ကြေညာခဲ့သည့် ပြုံယမ်း၏ ငါးနှစ်တာ ကာကွယ်ရေးအစီအစဉ်အရ သိရသည်။

အဆိုပါ လက်နက်များကို ကိုရီးယား ကျွန်းဆွယ်၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန် ရည်ရွယ်ထားပြီး ဖြစ်နိုင်ခြေ ရှိသော ပစ်မှတ်များမှာ တောင်ကိုရီးယား နှင့် အမေရိကန် စစ်အခြေစိုက်စခန်း များဖြစ်ပြီး ဂျပန်နိုင်ငံ၌ တည်ရှိသည့် အမေရိကန် အဆောက်အအုံများ အပါ အဝင်ဖြစ်သည်။

ယခုနှစ်အတွင်း အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ စစ်ရေးလေ့ကျင့်မှု ကို ပြုံယမ်းအနေဖြင့် ရှုတ်ချကြောင်း မြောက်ကိုရီးယား အစိုးရပိုင်ကိုရီးယား ဗဟိုအေဂျင်စီက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့အတွင်းသို့ ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်ကြိုးပမ်းလျက်ရှိသည့် KIA၊ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





အကြမ်းဖက်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားစဉ် မိုးမိတ်မြို့အတွင်းရှိ လူနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးသွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၂၈

KIA၊TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အုပ်စုဖွဲ့လျက် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အများပြည်သူပိုင်အဆောက်အအုံများနှင့် အများပြည်သူသွားလာလျက်ရှိသော လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာမှ ဇန်နဝါရီ ၁၈ ရက်မှစ၍ မိုးမိတ်မြို့ လုံခြုံရေးစခန်းများအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်လာခဲ့ပြီး မြို့နှင့်အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ ဆေးရုံနှင့် စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လာခဲ့သည်။

ထိုသို့လုပ်ဆောင်လျက်ရှိသည့် KIA၊ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation)ကို စစ်ကူ၊ စစ်ကြောင်းများ၊ အမြောက်နှင့် လက်နက်ကြီးပစ်ကူများဖြင့် ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲ ၁၆ ကြိမ် ဖြစ်ပွားခဲ့ပြီး မိုးမိတ်မြို့အား ဇန်နဝါရီ ၂၇ ရက်တွင် တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် မိုးမိတ်မြို့၏မြောက်ဘက်၊ အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်များသို့ ကစဉ့်ကလျားဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုးမိတ်မြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အကြမ်းဖက်သောင်းကျန်းသူများက မိုးမိတ်မြို့ရှိ ပြည်သူ့ဆေးရုံအတွင်း ခံစစ်စခန်းပြုလုပ်ကာ ဆေးရုံအဆောက်အအုံအား ဖျက်ဆီးသွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက မိုးမိတ်မြို့ရှိ ဘာသာရေးအဆောက်အအုံများအား အကာအကွယ်ရယူခဲ့ပြီး ဖျက်ဆီးသွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများအနေဖြင့် မိုးမိတ်မြို့အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များတွင် သဲအိတ်များစီ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement–ROE)နှင့်အညီ ချေမှုန်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရသည်။

ထိတွေ့မှုများဖြစ်ပွားစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမားရုပ်အလောင်းအချို့နှင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

KIA၊ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် လူနေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများကို အကာအကွယ်ပြု၍ ဘန်ကာများဆောက်လုပ်တိုက်ခိုက်ခဲ့ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် မြို့တွင်းရှိ အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ၎င်းတို့ထောင်ထားခဲ့သည့် မိုင်းများကြောင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိုးမိတ်မြို့အတွင်း နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ကျောင်း ပျက်စီးမှုများကို ပြန်လည်ပြုပြင်ပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်းများ စသည့်အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အကြမ်းဖက်သောင်းကျန်းသူများက မိုးမိတ်မြို့ရှိ လူနေအဆောက်အအုံများအတွင်း ခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



မိုးမိတ်မြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုးမိတ်မြို့အတွင်း လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားစဉ် မီးရှို့ဖျက်ဆီးခဲ့သည့် အဆောက်အအုံများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ပေးခဲ့ပြီး လိုအပ်သည့်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံ။




မိုးမိတ်မြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ရွာဓလေ့ အလှူအတန်းများမှသည် ထုတ်ကုန်တစ်ခုအဖြစ် ဖန်တီးလာနိုင်သည့် “ရွှေယောက်ဖ” ရိုးရာကပျာကယာမုန့်လုပ်ငန်း

တွေ့ဆုံမေးမြန်း- လှလှဌေး- သထုံခရိုင် (ပြန်/ဆက်)၊ ဓာတ်ပုံ- နဒီ(ပြန်/ဆက်)

နေ့စဉ်လူမှုဘဝတွင် စားသောက်ဖွယ်ရာမုန့်အမျိုးမျိုးတို့ကို စားသုံးလျက်ရှိရာ လက်ရှိအချိန်တွင် ပြည်ပမှ အစားအသောက်နှင့် မုန့်မျိုးစုံတို့မှာ နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လျက်ရှိသည်။ မြန်မာတို့တွင် မြန်မာ့ရိုးရာမုန့်အမျိုးအစားစုံလင်စွာ ရှိပေသည်။ မြန်မာ့ရိုးရာမုန့်အများစုမှာ ဒေသထွက် သဘာဝကုန်ကြမ်းပစ္စည်းများဖြင့် ပြုလုပ်ထားခြင်းကြောင့် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝကာ ကျန်းမာရေးအထောက်အကူဖြစ်စေပါသည်။ ၎င်းအပြင် ရိုးရာမုန့်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုခြင်းသည် ပြည်ပသွင်းကုန် လျှော့ချစေနိုင်ရုံသာမက ဒေသတွင်းသဘာဝကုန်ကြမ်းပစ္စည်းများ ဈေးကွက်ရရှိခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရာရောက်ပေသည်။



မွန်ပြည်နယ်အတွင်း ပြည်နယ်အစိုးရအဖွဲ့က အလားအလာကောင်းသည့် ဒေသထွက်ကုန်ကြမ်းများထုတ်လုပ်ခြင်းနှင့် တစ်ပိုင်တစ်နိုင်ကုန်ထုတ်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တစိုက်မတ်မတ်အားပေးလျက်ရှိပြီး ၎င်းတွင် ဆန်းသစ်မှုနှင့် အရည်အသွေးမြင့် ထုတ်ကုန်များအား ဈေးကွက်အတွင်း ယှဉ်ပြိုင်ထိုးဖောက်နိုင်မှုဖြင့် အလားအလာကောင်းများ ပေါ်ထွန်းလာစေရေး၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်ဖြစ်မြောက်ရေးတို့ကိုလည်း ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ပြည်နယ်တစ်ဝန်း၌ မြန်မာ့ရိုးရာအစားအစာလုပ်ငန်းများ ပြန်လည်တွင်ကျယ်လာသည်ကိုလည်း မြင်တွေ့ရပေသည်။

အဆိုပါလုပ်ငန်းများအနက် သထုံမြို့နယ် နောင်ကုလားကျေးရွာ၌ရှိသည့် “ရွှေယောက်ဖ” ရိုးရာကပျာကယာမုန့်လုပ်ငန်းမှာ သဘာဝကုန်ကြမ်းပစ္စည်းစစ်စစ်များကို အဓိကအသုံးပြုထုတ်လုပ်ထားခြင်းကြောင့် ဈေးကွက်ဝင်ပြီး လူကြိုက်များသည့် ထုတ်ကုန်တစ်ခုလည်းဖြစ်ရာ လုပ်ငန်းရှင် မသူဇာဝင်းနှင့် သွားရောက်တွေ့ဆုံမေးမြန်းမှုများကို ပြန်လည်မျှဝေလိုက်ပါသည်-

**မေး။** ။ ရိုးရာကပျာကယာမုန့်ကို လုပ်ဖြစ်တဲ့ အကြောင်းအရာလေး သိပါရစေ။

**ဖြေ။** ။ ကျွန်မက ရွာမှာ “ရွှေယောက်ဖ” ဆိုတဲ့ နာမည်နဲ့ ရိုးရာကပျာကယာမုန့်နဲ့ မွေးနေ့ကိတ်ဆိုင်လေးဖွင့်ထားတာပါ။ ဆိုင်ကတော့ သုံးနှစ်လောက်ရှိပြီ။ ရွာမှာက အလှူလုပ်တဲ့အခါတွေမှာ ဒီကပျာကယာမုန့်က မပါမဖြစ် ရွာရဲ့ ဓလေ့လိုဖြစ်နေတယ်။ ကိုယ့်ရွာရဲ့ ရိုးရာဆိုလည်း မှန်တယ်။ ဒါကြောင့် ကျွန်မဆိုင်လေးဖွင့်တဲ့အခါမှာ ဒီမုန့်ကို ထုတ်ကုန်တစ်ခုအနေနဲ့ ဆက်ပြီးလုပ်ဖြစ်တာပါ။

**မေး။** ။ အခုလို ရိုးရာမုန့်ကို ကိုယ်ပိုင်တံဆိပ်တစ်ခုနဲ့ ဈေးကွက်ထိုးဖောက်နိုင်တဲ့အပေါ်မှာ ဘယ်လိုခံစားမိပါသလဲ။ နောက်ပြီး ဒီမုန့်က ဘယ်ကာလတွေမှာ ရောင်းအားအကောင်းဆုံးလဲဆိုတာကို ပြောပြပေးပါဦး။

**ဖြေ။** ။ ကိုယ့်နယ်ကမုန့်ကို ကိုယ်တိုင်လုပ်ပြီး အခြားနယ်တွေကိုလည်း ဖြန့်နိုင်တာဆိုတော့ ကျေနပ်မိပါတယ်။ ဒီမုန့်က အဘိုးအဘွားတွေလက်ထက်ကစပြီး လုပ်လာခဲ့ကြတာပါ။ ကျွန်မကတော့ အမေ့ဆီက ပြန်ပြီးသင်ယူလက်ဆင့်ကမ်းခဲ့တာပါ။ အမေတို့က ရွာဓလေ့အလှူပွဲတိုင်းမှာ ဒီမုန့်ကို တာဝန်ယူလုပ်ကိုင်ပေးတဲ့ အမျိုးသမီးအဖွဲ့အနေနဲ့လုပ်ကိုင်ပါတယ်။ ဒီမုန့်က ဒီနယ်တစ်ကြောမှာပဲ လုပ်ကြတယ်။ အရောင်းရဆုံးကာလတွေကတော့ အလှူအတန်းတွေ ပေါများတဲ့ တန်ခူးလ၊ သီတင်းကျွတ်ကာလ ပွင့်လင်းရာသီတွေဖြစ်ပါတယ်။

**မေး။** ။ စားသုံးသူတွေ အန္တရာယ်ကင်းရှင်းအောင် မုန့်မှာ ပါဝင်တဲ့ပစ္စည်းတွေနဲ့ ဘယ်လိုစီမံထားတယ်ဆိုတာ ပြောပြပေးပါ။

**ဖြေ။** ။ ဒီမုန့်က စားသုံးသူတွေကို အန္တရာယ်ဖြစ်စေမယ့် ဓာတုပစ္စည်းတွေ လုံးဝမသုံးထားပါဘူး။ သဘာဝပစ္စည်းတွေဖြစ်တဲ့ ဂျုံ၊ ကြက်ဥ၊ နို့ဆီ၊ သကြား၊ အုန်းနို့ ဒါတွေကိုပဲ အဓိက သုံးထားပါတယ်။ ရွာမှာကတော့ အချို့က ကြက်ဥနေရာမှာ ဘဲဥကိုသုံးတယ်။ ကိုယ့်အကြိုက်နဲ့ကိုယ် ထည့်သုံးကြတယ်။ ဒီမှာကတော့ ဒီမုန့်ကို လက်ဆောင်ပစ္စည်းအနေနဲ့ရယ်၊ အလှူအတန်းတွေအတွက်ရယ် ဝယ်ကြတာများတယ်။ ဒီမုန့်က လူကြိုက်များပါတယ်။ ကျွန်မတို့က လုပ်ငန်းအသေး



တစ်နိုင်တစ်ပိုင်လောက်ပဲဆိုတော့ သိပ်မဖြန့်နိုင်ဘူး၊ လုပ်ငန်းကို တိုးချဲ့ဖို့တော့ စဉ်းစားထားပါတယ်။

**မေး။** ။ ဒီလုပ်ငန်း ထူထောင်တဲ့အချိန်မှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကိုလည်း ရှင်းပြပေးပါဦး။

**ဖြေ။** ။ ကျွန်မ ဒီလုပ်ငန်းကို စလုပ်တဲ့အချိန်မှာ အခက်အခဲတွေ အများကြီးရှိခဲ့တယ်။ ရွာဓလေ့ရိုးရာမုန့်ဆိုတော့လေ ရွာကတော့ သိတာပေါ့၊ ပြင်ပကတော့ မသိကြသေးတော့ သိပ်မရောင်းရဘူး။ ဈေးကွက်က ရွာလောက်နဲ့ပဲ အဆင်မပြေဘူး။ အများကြီးထိုးဖောက်ရတယ်။ အခုကျတော့ လူသိများလာပြီး အမှာလည်း များလာတယ်၊ နေ့စဉ်လိုလို ဒီမုန့်ကို လုပ်ရတယ်။

**မေး။** ။ ဒီလုပ်ငန်းကို တရားဝင်မှတ်ပုံတင်ပြီးပြီလို့လည်း သိထားပါတယ်။ အခုလို တရားဝင်လုပ်ကိုင်တဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးရှိတယ်ဆိုတာကိုလည်း မျှဝေပေးပါ။

**ဖြေ။** ။ ကျွန်မ ဒီလုပ်ငန်းကို လုပ်ရင်းနဲ့ပဲ တဖြည်းဖြည်းလုပ်ငန်းက အထိုက်အလျောက် တွင်ကျယ်လာတဲ့အခါမှာ မှတ်ပုံတင်လုပ်ဖို့ စဉ်းစားရပါတယ်။ ဒါကြောင့် သထုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး တရားဝင်မှတ်ပုံတင်ခဲ့ပါတယ်။ မှတ်ပုံတင်လျှောက်တဲ့အခါမှာ ခရိုင်ဦးစီးမှူးနဲ့ ဝန်ထမ်းအားလုံးက အစစအရာရာလွယ်ကူအဆင်ပြေအောင် ကူညီပေးခဲ့ကြပါတယ်။ ကျွန်မက ရွာမှာနေတဲ့သူဆိုတော့ ရုံးဌာနကို သွားပြီးလုပ်ဖို့ စိုးရိမ်ခဲ့တယ်။ တကယ်တမ်းသွားလုပ်တဲ့အခါကျတော့ ဖော်ဖော်ရွေရွေနဲ့ အကူအညီတွေပေးကြပါတယ်။ ဒီလိုမှတ်ပုံတင်လိုက်တော့ လုပ်ငန်းက တရားဝင်လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ပြီဖြစ်သလို လိုအပ်တဲ့အကူအညီတွေလည်း အများကြီးရလာတယ်။ အဓိကကတော့ ကျွန်မရဲ့စားသုံးသူတွေ အန္တရာယ်ကင်းကင်းနဲ့ သုံးစွဲနိုင်တယ်ဆိုတဲ့ အာမခံချက်ပေးနိုင်သွားပါတယ်။

**မေး။** ။ “ရွှေယောက်ဖ” တံဆိပ်နဲ့ ရိုးရာကပျာကယာမုန့်က လက်ရှိအချိန်မှာတော့ အထိုက်အလျောက် နာမည်လေးရပြီး လူကြိုက်များလာပြီဆိုတော့ အလားတူ ဒီလိုလုပ်ငန်းလုပ်လိုသူတွေအတွက် ဘယ်လိုတိုက်တွန်းအားပေးစကားတွေ မျှဝေပေးချင်ပါသလဲ။

**ဖြေ။** ။ အဓိကက လုပ်ချင်စိတ်ရှိဖို့ပဲ လိုတယ်။ လုပ်ချင်တယ်ဆိုရင် ပထမဆုံးက ကျွမ်းကျင်မှုရှိဖို့ သေသေချာချာလေ့လာစေချင်တယ်။ ဒီနေ့ခေတ်က လေ့လာစရာတွေများပါတယ်။ ကျွန်မဆီလာပြီးတော့လည်း အချိန်မရွေးလေ့လာနိုင်ပါတယ်။ ဘယ်လုပ်ငန်းပဲဖြစ်ဖြစ် အရှုံးနဲ့အမြတ်ဆိုတာရှိပါတယ်။ အမှန်တကယ် လုပ်လိုသူတွေကို အားပေးပါတယ်။ ရိုးရာမုန့်တွေကို များများလုပ်နိုင်ပြီး ဈေးကွက်ထိုးဖောက်နိုင်လေ ပြည်ပကနေ နည်းလမ်းပေါင်းစုံနဲ့ဝင်လာတဲ့ စားသုံးဖို့ သင့်/မသင့် မသိတဲ့မုန့်မျိုးစုံတွေ အသုံးပြုတာနည်းလာလေပါပဲ။ တစ်ဖက်က ကြည့်ရင်လည်း ပြည်ပကသွင်းကုန်ကို လျှော့ချနိုင်ပါတယ်။ ဒါကြောင့် ကျွန်မကတော့ အန္တရာယ်ကင်းပြီး အာဟာရလည်းဖြစ်တဲ့ ရိုးရာမုန့်တွေ ထုတ်လုပ်ဖြန့်ဖြူးချင်သူတွေကို အားပေးသလို ကူညီဖို့လည်း အသင့်ရှိပါတယ်။

ရိုးရာကပျာကယာမုန့်ကို “ရွှေယောက်ဖ” အမည်ဖြင့် တစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းအဖြစ် စနစ်တကျလုပ်ကိုင်ခဲ့သည်မှာ လုပ်ငန်းစတင်ခဲ့သည့်ကာလမှ ယနေ့အချိန်အထိ သုံးနှစ်တာကာလခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ စတင်လုပ်ကိုင်ခဲ့ချိန်က အခက်အခဲ၊ စိန်ခေါ်မှုမျိုးစုံနှင့်အတူ ဆုံးရှုံးမှုများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့သော်လည်း မလျှော့သောဇွဲဖြင့် ရင်ဆိုင်ကျော်ဖြတ်ကာ လက်ရှိအချိန်၌ အထိုက်အလျောက်သောအောင်မြင်မှုဖြင့် ဈေးကွက်ကို ထိုးဖောက်နိုင်ခဲ့ပြီဖြစ်သည်။

ဘိုးဘွားများထံမှ လက်ဆင့်ကမ်းလာခဲ့သည့် ရိုးရာမုန့်ကို လူအများပိုမိုသိရှိခြင်းဖြင့် အန္တရာယ်ကင်း အာဟာရပြည့်သည့် အစားအသောက်ကို စားသုံးနိုင်ကာ ပြည်ပသွင်းကုန်အစားထိုး ရိုးရာမုန့်များထုတ်လုပ်ဖြန့်ဖြူးလာကြရေး ရည်ရွယ်ချက်ကောင်းဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှ ထိုက်တန်သည့်အကျိုးအမြတ်များ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ ။



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့ရှိ စိုက်ပျိုးရေးလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

မုံရွာ ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အလုံရပ်ကွက်ရှိတောင်သူ ၁၂ ဦး၏ ကြက်သွန်နီ ဧက ၇၀ စိုက်ခင်းသို့ ရောက်ရှိကြရာ မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးသက်အောင်က တောင်သူ ၁၂ ဦး စိုက်ပျိုးထားရှိသော ကြက်သွန်နီ ဧက ၇၀ အထူးဇုန် စိုက်ခင်းစိုက်ပျိုးထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



## ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာပေးခြင်းနှင့် သွင်းအားစုများကို အချိန်မီထည့်သွင်းခြင်းများဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးထားသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး ကြက်သွန်နီ ဧက ၇၀ အထူးဇုန် အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အိုးဘိုတောင်ရပ်ကွက် ချင်းတွင်းမြစ်ကမ်းရှိ မြေနုကျွန်းများတွင် မြေပဲသီးနှံ ဧက ၂၀ စံပြစိုက်ခင်းသို့ ရောက်ရှိပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်နှင့် တောင်သူများက တောင်သူ ငါးဦးစိုက်ပျိုးထားရှိသော မြေပဲဧက ၂၀၊ နှစ်လခွဲသက်တမ်းရှိ မြေပဲဆင်းပဒေသာ ၁၁ မျိုး စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေတို့အား လိုက်လံရှင်းလင်းပြသခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအား တစ်ဧက ပန်းတိုင်အထွက်နှုန်း ရရှိရန် စိုက်ခင်းအတွက် လိုအပ်သည့် အပင်ပြုစုမှုနည်းပညာများ၊ ပိုးမွှားကင်းထောက်မှတ်တမ်းများ အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ကြိုတင်ရယူရေး၊ လိုအပ်ပါက မျိုးသစ်ပြောင်းလဲသုံးစွဲရေး၊ မြေဆီလွှာ အာဟာရဖြည့်တင်းမှု ဆောင်ရွက်ရေး စိုက်ပျိုးရေး ဦးစီးဌာနမှလည်း လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာပေးခြင်းများ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မြေပဲစိုက်ခင်းများနှင့် စားဖိုဆောင်သီးနှံစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်သူများအနေဖြင့် စားဖိုဆောင်သီးနှံများ ယခုလိုစနစ်တကျ စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော သီးနှံများရရှိစေပြီး စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းကာ ကျန်းမာကြံ့ခိုင်သောလူနေမှုဘဝဖြင့် တောင်သူများ ဝင်ငွေတိုးတက်လာမည်ဖြစ်၍ အထူးအလေးထား စိုက်ပျိုးပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကံမမြို့နယ်၌ နွေစပါးစိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့ချကိရိယာများ ပေးအပ်

ကံမ ဇန်နဝါရီ ၂၈

ကံမမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ မြို့နယ်အတွင်းရှိ နွေစပါး စိုက်ပျိုးမည့် တောင်သူများထံသို့ တိုက်ရိုက်မျိုးစေ့ချကိရိယာ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထန်းကောက်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်



ထွန်းဦးက တိုက်ရိုက်မျိုးစေ့ချကိရိယာပေးအပ်ရခြင်းရည်ရွယ်ချက်ကို ဆွေးနွေးမှာကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းငွေနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသီဟတို့က နွေစပါးလျာထားဧက အတိုင်း အပြည့်အဝစိုက်ပျိုးနိုင်ရေး၊ တစ်ဧကတင်း ၁၅၀ ထွက်ရှိရေး အတွက် ဆာဖိုးသာမျိုးပြောင်းလဲစိုက်ပျိုးရေး၊ စိုက်တမန်း၏ အင်္ဂါရပ်များနှင့်အညီ စိုက်ပျိုးနိုင်ရေး၊ အတန်းလိုက်စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာတွဲဖက်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စုအလိုက် နွေစပါး စိုက်ပျိုးမည့်ကျေးရွာအုပ်စု ၁၃ ခုရှိ တောင်သူများလက်ဝယ်သို့ မျိုးစေ့ချကိရိယာများ ပေးအပ်ခဲ့သည်။ ကံမမြို့နယ်တွင်ယခုနှစ်၌ မဒေးဆည်ရေသောက်ဧရိယာအတွင်း နွေစပါး ၁၇၂၇ ဧကနှင့် ခြောက်ထောင့်ဆိုလာ လျှပ်စစ်ရေတင်ဧရိယာအတွင်း ဧက ၁၀၀ စုစုပေါင်း ၁၈၂၇ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**



# ကန့်ကြီးထောင့်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ စစ်ဆေး

ကန့်ကြီးထောင့် ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှကြီးမှူး၍ ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ ဆန်စက်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် လိုက်လံစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။


ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဆန်စက်များ၏ အဆောက်အအုံအမျိုးအစားများ၊ လူအင်အားစာရင်းများ ကောက်ယူခြင်း၊ ဆန်စက်များနှင့် မီးသတ်စခန်းအကွာအဝေးတွက်ချက်ခြင်း၊ မီးလောင်မှုဖြစ်ပွားခဲ့ပါကမီးပြန့်ပွားနိုင်မှု၊ ကာကွယ်နိုင်ခြင်းရှိ၊ မရှိကို စစ်ဆေးခြင်း၊ မီးသတ်ယာဉ်အလွယ်တကူဝင်ရောက်နိုင်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရေတွင်း၊ ရေကန်၊ ရေစင်များအား ကြည့်ရှုခြင်း၊ မီးချိတ်၊ မီးကပ်ဆောင်ရွက်ထားမှုများအားစစ်ဆေးခြင်း၊ ဘေးပတ်ဝန်းကျင်မီးလောင်လွယ်သည့် ချုံနွယ်များ ရှိ၊ မရှိစစ်ဆေးခြင်း၊ လျှပ်စစ်သုံးစွဲမှုများအား မေးမြန်းခြင်းနှင့် မီးသတ်ဆေးဘူး ဆောင်ရွက်ထားရှိမှုများအား စစ်ဆေးခြင်းဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန် လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကန့်ဘလူမြို့နယ်၌ ဆီထွက်သီးနှံစုံ ၂၀၁၁၀၈ ဧက စိုက်ပျိုးလျက်ရှိ

ကန့်ဘလူ ဇန်နဝါရီ ၂၈

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ စုစုပေါင်း ၁၉၉၁၈၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။



ကန့်ဘလူ မြို့နယ်အတွင်း ဆောင်းသီးနှံစုံ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာနှင့် ပန်းနှမ်း စသည့်သီးနှံစုံ ၂၀၁၁၀၈ ဧကကို ယမန်နှစ် စက်တင်ဘာလက စတင်စိုက်ပျိုးခဲ့ရာတွင် မြေပဲ ၉၇၉၆၈ ဧက၊ နှမ်း ၉၅၇၁၅ ဧက၊ မုန်ညင်း ၅၃၂ ဧက၊ နေကြာ ၂၉၃၅ ဧကနှင့် ပန်းနှမ်း ၂၀၃၃ ဧက စုစုပေါင်း ၁၉၉၁၈၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းရာသီ ဆီထွက်သီးနှံများကို မိုးရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးကြပြီး ဒေသခံတောင်သူ လယ်သမားများ ဆီထွက်သီးနှံ အမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများကိုပညာပေးစည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း စားသုံးဆီ ဖူလုံစေရန်အပြင် ပြည်ပမှ မှာယူတင်သွင်းခြင်းများကို လျှော့ချနိုင်ရန် ဒေသခံတောင်သူ လယ်သမားများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံများဖြစ်သည့် ဆီထွက်သီးနှံစုံ လျာထားစိုက်ပျိုးမှု အနေဖြင့် မြေပဲ ၉၅၂၆၈ ဧက၊ နှမ်း ၉၆၇၁၆ ဧက၊ မုန်ညင်း ၅၆၃ ဧက၊ နေကြာ ၃၀၃၃ ဧကနှင့် ပန်းနှမ်း ၅၅၂၈ ဧက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေတာရှည်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ရေတာရှည် ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မီးဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းမှ ကင်းဝေးစေရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီမံမှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးက ဦးဆောင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်းနှင့် ရွှေပြည်ကုန်း ကျေးရွာသို့ မော်တော်ယာဉ်ဖြင့် လှည့်လည်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပေးနှိုးဆော်ခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ အသိပေးနှိုးဆော်ရာတွင် ရေတာရှည်မြို့နယ်အတွင်းရှိ ဈေးဆိုင်များနှင့် နေအိမ်များတွင် အသုံးပြုလျက်ရှိသော လျှပ်စစ်ဝါယာကြိုးများနှင့် မီးခလုတ်များကိုနေ့စဉ်စစ်ဆေးဆောင်ရွက်ရန်၊ လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပြတ်တောက်ချိန်တွင် မီးခလုတ်ကို ပိတ်၍ ပလတ်ခေါင်းအား ဖြုတ်ထားရန်၊ ဟောင်းနွမ်းဆွေးမြည့်သော လျှပ်စစ်ဝါယာကြိုးများအား စနစ်တကျ စစ်ဆေးလဲလှယ်ထားရှိရန်၊ လျှပ်စစ်ဒဏ်ခံကြိုး၊ Fuse များနှင့် လျှပ်စစ်ဝါယာကြိုးများကို ခံနိုင်ဝန်အားထက်ပို၍ မသုံးရန်၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်၍ ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၍ ဖုံးအုပ်ငြိမ်းသတ်ရန်၊ ဂက်(စ်)အိုးများ အသုံးပြုသည့်အခါ ယိုစိမ့်မှုမရှိအောင် ဂက်(စ်) ပိုက်လိုင်းနှင့် ပိုက်ဆက်ပါ အဖွင့်/ အပိတ် ခေါင်းများအား သေချာစွာ စစ်ဆေးရန်၊ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်မီးသတ်ဦးစီး



ဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ကြရန် စသဖြင့် အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြူနှင်းစိုစို လပြာသို

ရာမည-သွေးမွန်

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီပွဲတော်များကို အစဉ်လာမပြတ် ကျင်းပလျက်ရှိသည်။ ဤသို့ကျင်းပရခြင်းသည်ကား အပျော်အပါးသက်သက်မဟုတ်။ မိမိတို့နိုင်ငံတွင် စွယ်စုံပညာရှင်များ ပေါ်ပေါက်ထွန်းကားလာစေရေး၊ နိုင်ငံ့ကာကွယ်ရေး မျက်နှာစာမှ စစ်ရေးစစ်ရာ ကျွမ်းကျင်လိမ္မာသော စစ်သည်သူရဲကောင်းများ အမြောက်အမြား ပေါ်ပေါက်လာစေရေး၊ တိုင်းကားပြည်ရွာ စည်ပင်သာယာလာစေရေး စသော အကျိုးအာနိသင်များကို မျှော်ကိုးလျက် ယင်းသို့သော ဆန္ဒမွန်များကို အကောင်အထည်ဖော်ရန် ကျင်းပကြခြင်းဖြစ်ပေသည်။



သာဓကအားဖြင့် ပြာသိုလ မြင်းခင်းသဘင်ပွဲသည် ကြည်းတပ်မတော်၏ ဆင်၊ မြင်းသူရဲကောင်းရွေးချယ်ဖော်ထုတ်ပွဲဖြစ်သည်။ ခြေလျင်သူရဲနှင့် လေးသည်တော် စစ်သည်တို့၏ စစ်ရေးစွမ်းရည်အင်အားနှင့် စစ်ပညာအရည်အသွေးတို့ကို ထွန်းပြောင်လာအောင် မြေတောင်မြှောက်ပေးသောပွဲ ဖြစ်သည်။ ဘာသာရေးအခြေခံပွဲများသည်လည်း အလားတူပင်ဖြစ်သည်။ မိမိယုံကြည်ကိုးကွယ်ရာ ဗုဒ္ဓသာသနာ၏ အန္တိမရည်မှန်းချက် ဘဝကူးဖြောင့်တန်းမှန်ကန်၍ အဆုံး၌ နိဗ္ဗာန်ရောက်ကြောင်းတရားများ လမ်းစဖော်နိုင်သောပွဲများလည်းဖြစ်သည်။ ဤဘာသာရေးပွဲတော်များကြောင့် သာသနာ့အာဇာနည်များ မိမိတို့နိုင်ငံတွင် များစွာပေါ်ထွန်းခဲ့သည်ကို သိထားကြရပေမည်။

ကိုလိုနီဘဝက တိမ်မြုပ်ပျောက်ကွယ်ခဲ့သော ပွဲတော်များ လွတ်လပ်ရေးရပြီး ကိုယ့်မင်းကိုယ့်ချင်း ပြန်လည်ရရှိခဲ့သည့် နောက်ပိုင်းတွင် အချို့သော ပွဲတော်များကို ကျင်းပလာနိုင်ခြင်းလည်းဖြစ်သည်။

> **“ ပြာသိုလ မြင်းခင်းသဘင်ပွဲသည် ကြည်းတပ်မတော်၏ ဆင်၊ မြင်းသူရဲကောင်း ရွေးချယ်ဖော်ထုတ်ပွဲဖြစ်သည်။ ခြေလျင်သူရဲနှင့် လေးသည်တော် စစ်သည်တို့၏ စစ်ရေးစွမ်းရည်အင်အားနှင့် စစ်ပညာအရည်အသွေးတို့ကို ထွန်းပြောင်လာအောင် မြေတောင်မြှောက်ပေးသောပွဲဖြစ်သည်။ ဘာသာရေးအခြေခံပွဲများသည်လည်း အလားတူပင်ဖြစ်သည်။ မိမိယုံကြည်ကိုးကွယ်ရာ ဗုဒ္ဓသာသနာ၏ အန္တိမရည်မှန်းချက် ဘဝကူးဖြောင့်တန်းမှန်ကန်၍ အဆုံး၌ နိဗ္ဗာန်ရောက်ကြောင်းတရားများ လမ်းစဖော်နိုင်သောပွဲများလည်းဖြစ်သည်။ ဤဘာသာရေးပွဲတော်များကြောင့် သာသနာ့အာဇာနည်များ မိမိတို့နိုင်ငံတွင် များစွာပေါ်ထွန်းခဲ့ ”**

ထိုသို့ဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုရှုထောင့်မှ လပြာသို၏ သမိုင်းကြောင်းကို ဆိုရသော်–

**မြန်မာမှုအလို လပြာသို**

ပုဂံခေတ်ကျောက်စာ၌ ပြာသိုလဟူသည်ကို ပ္လသိုဝ် ဟုလည်းကောင်း၊ ပ္လါသိုဝ် ဟု လည်းကောင်း ရေးထိုးခဲ့ကြသည်။ ထိုစာလုံးနှစ်မျိုးလုံးထဲက ရေးချမပါဘဲ ပိုမိုသုံးစွဲခဲ့သည်ကို တွေ့ရသည်။ သက္ကရာဇ် ၈၀၀ ကျော်နောက်ပိုင်း ဗျည်းများတွင် ‘လ’နှင့် ယှဉ်၍ ရေးသားသည်မှာ တိမ်ကောလာကာ က၊ ခ တို့၌ ‘လ’ယှဉ်သံတို့သည် ယပင့်သံ ကျ၊ ချ တို့သို့ လည်းကောင်း။ ပ၊ ဖ၊ မ တို့နှင့် ‘လ’ယှဉ်သံ တို့သည် ရရစ်သံ ပြ၊ ဖြ၊ မြ တို့သို့လည်းကောင်း ယေဘုယျအားဖြင့် ရွေ့လျောသွားသည်။ သို့ဖြစ်၍ ပုဂံရေးထုံး ပ္လသိုဝ်၊ ပ္လါသိုဝ် တို့သည်လည်း နောက်ပိုင်းခေတ်တွင် ပြသိုဝ်၊ပြာသိုဝ်ဘဝသို့ ရောက်သွားတော့သည်။

ပြာသိုလဟူသည်မှာ ဖယောင်းလ၊ ပျားဖယောင်းလ၊ ပျားဖယောင်းများစု၍ အရနိုင်ဆုံး လဟု ဆိုရပေမည်။ ရှေးအခါက ညအမှောင်ကို ဖြိုခွင်းနိုင်သောစွမ်းအင်ကို နည်းပညာပါးလျားသဖြင့် ဖယောင်းကိုသာ အားထားခဲ့ကြရသည်။ ဖယောင်းကို ရယူရာ၌လည်း ပျားသတ္တဝါမှ ထုတ်ယူရရှိသော ဖယောင်းကိုသာ အားထားကြရသည်။ သို့ဖြစ်၍ ပျားဖယောင်းရရှိရေးသည် မည်မျှအရေးပါသည်ကို နားလည်ကြပါလိမ့်မည်။ ထို့ကြောင့်လည်း ပျားဖယောင်းများ အများဆုံးရနိုင်သောလကို ‘ပြာသိုလ’ဟူ၍ သမုတ်ခဲ့ဟန်ရှိကြောင်း ယူဆရပါသည်။

**လပြာသို ဆောင်း**

မဟာအတုလမင်းကြီး၏ ‘မြူနှင်းစိုစို လပြာသို’ ကဗျာကို အနုသုခုမဝါသနာရှင်များ အမှတ်ရပေလိမ့်မည်။ ဤသို့သော ရာသီကာလတွင် “လုံ့ရင် မြင်းခင်း၊ သဘင်ကျင်းလို့၊ ရာမင်းထွက်စံ၊ ဗိုလ်ညီလာခံသော ခါ”ဟု ဆိုပေရာ ရွှေမြန်မာ့တပ်မတော်၏ စစ်ရေးစစ်ရာ ကျွမ်းကျင်လိမ္မာကြသော သူရဲကောင်းတို့က ကိုယ်ရည်ကိုယ်သွေးကို လူရှေ့သူရှေ့ မင်းပရိသတ်ရှေ့ ချပြခွင့်ပေးသော ပွဲတော်ကြီးပေတည်း။ တစ်နည်းအားဖြင့် ရွက်ပုန်းသီးသူရဲကောင်းများ မွေးထုတ်ပေးသောပွဲဟု ဆိုနိုင်သည်။

“မီးပူပူ ကင်မဝသည့်၊ လပြာသို ဆောင်း၊ ထည်ပေါင်းမှ ထောင်ရာ၊ ခြုံလေအေးလေ၊ ကြက်သီးတွေနှင့်”ဟု စာဆိုမယ်ခွေက ဤကာလ၏ ချမ်းအေးမှုရသကို ဖွဲ့ဆိုခဲ့သည်။ ယင်းချိန်ခါတွင်ပင် ကောင်းကင်ပြင်သည် မိုးတိမ်များကင်းရှင်း၍ အလွန်သန့်စင်နေတတ်ပါသည်။ နေဝင်သည်နှင့် တစ်ပြိုင်နက် မိမိတို့ဝန်းကျင်တစ်ခို မြူနှင်းတို့ စွတ်စွတ်စိုလာသည်။

ဤရာသီ၏ ချိန်ခါသမယတွင် တောင်သူတို့ နှမ်းပင်များကိုနုတ်ပြီး စုပုံထားချိန်၊ နှမ်းစည်းများကို အစီအရီထောင်ထားကာ နေခြည်ကို ငံ့လင့်ချိန်ဖြစ်၏။ နေခြည်နွေး၏ အထွေးအပွေ့ရသည်နှင့် နှမ်းခါရပေတော့မည်။ သို့မှလည်း နှမ်းစေ့နှမ်းဆန်များ သွေ့ခြောက်လာမည်။ သို့ဖြင့် နှမ်းထောင်၍ နေလှန်းသောအခါ အသီးများ အက်ကွဲကာ အတွင်းမှ နှမ်းစေ့များ ထွက်လွယ်မည်။ ထို့ကြောင့် နှမ်းပုံချိန်၊ နှမ်းထောင်ထားချိန်တို့၌ နေ၏အပူအကူကို တောင့်တကြရသည်။ မိုးမင်းက အဆိုးညဉ့်ရောက် ဖွဲဖောက် အဖျက်ရောက်သော် တောင်သူတို့ ရင်ကျိုးရချေမည်။ ဤသည်ကို ပြာသိုလမှာရွာသော မိုးကို “ပြာသို ချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်”ဟု မိုးလင်္ကာအရ နှမ်းဖျက်မိုးဟု ဆိုသည်။

ပြာသိုလရာသီပန်းသည်ကား ခွာညိုပန်း။ ပုစ္ဆန်တာရာ ထွန်းပသဖြင့် ထိုလတွင် မြန်မာမင်းတို့သည် နေပြည်တော် နန်းရင်ပြင်၌ စစ်သည်သူရဲကောင်းများ စစ်ရေးစစ်ရာ စွမ်းရည်ပြသပွဲ၊ သူရဲကောင်းရွေးချယ်ပွဲများ ကျင်းပလေ့ရှိသည်။ ယင်းသို့သော ပွဲများအနက် မြင်းခင်းသဘင်ကို ရာသီပွဲတော်အဖြစ် ခြိမ့်ခြိမ့်သဲ ကျင်းပကြလေ့ရှိသည်။

တစ်ခုသတိပြုမှတ်သားကြရမည်မှာ ပြာသိုလ ပွဲတော်သည် အခြားသောလ ပွဲတော်များနှင့်မတူ။ တစ်နေ့၊ တစ်ည သုံးလေးရက်မဟုတ်။ ရက်ပိုင်းမျှမဟုတ်။ ပြာသိုလ တစ်လလုံး ဖြစ်သည်။ ဆင်ခင်း၊ မြင်းခင်း၊ လေးမြား၊ ဓားခုတ်လှံထိုး၊ စက်ထိုး ဗလီခတ်၊ သေနတ်ပစ်နှင့် တုတ်သိုင်း၊ ဓားသိုင်း၊ လက်သိုင်း စသည်ဖြင့် စစ်ရေးစစ်ရာ အသုံးချစစ်သေနင်္ဂဗျူဟာ အကျုံးဝင်တိုက်ခိုက်ရေး ကိုယ်လုံပညာအစုံစုံ ကိုယ်ရည်ကိုယ်သွေး ထုတ်ဖော်ပြသည့်ပွဲကြီးပေတည်း။

မြင်းခင်းသဘင်ပွဲသည်ကား စစ်သည်တို့၏ သူရသတ္တိ၊ လက်ရုံးရည်ထူးချွန်သူတို့၏ ပြပွဲ၊ ပြိုင်ပွဲဖြစ်ပေရာ နန်းရပ်နယ်မြေ၌ သူကြီးသူကောင်းတို့က မိမိတို့၏ သားပျို သမီးပျိုတို့အတွက် အိမ်ထောင်ဖက် မျက်စိကျ ရွေးကောက်ကြလေ့ရှိသည်။ နိမိတ်ပြပန်းအလှဆုပေး အရေးတယူပြုကြသောပွဲဖြစ်သည်။ တစ်နည်းဆိုရသော် မိမိတို့၏ သားကောင်းရတနာများကို နန်းရင်ပြင် နန်းမြေခြေချနိုင်ရေး ပြုစုပျိုးထောင်ထားသည်ကို မင်းဧရာဇ်တို့ရှေ့ ကိုယ်ရည်ကိုယ်သွေး ပြသပွဲဟုလည်း ဆိုနိုင်၏။

မင်း၊ မိဖုရားတို့က ကိုယ်တော်တိုင် ဆုလာဘ်များ ချီးမြှင့်သည့်ပွဲတော်ဖြစ်၏။ ဤသို့သော ပွဲမျိုးသည် အမျိုးသားကာကွယ်ရေးတွင် များစွာအကျိုးပြုပေသည်။ လူဦးရေ သန်းပေါင်းရာထောင်ချီရှိနေသည့် နိုင်ငံကြီးတို့၏အကြားတွင် မိမိတို့ မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ကျော် ကိုယ့်မင်းကိုယ့်ချင်း ရပ်တည်နေထိုင်လာနိုင်ခဲ့သော အကြောင်းတရားများပေတည်း။

ယင်းသို့သော တိုင်းနိုင်ငံကာကွယ်ရေးအတွက် လူစွမ်းကောင်းများ သားစဉ်မြေးဆက် အဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးသည် မိမိတို့၏ ပွဲလမ်းသဘင်များကျင်းပရေး၏ အရင်းအမြစ်ကျနေသည်ကို မမေ့လျော့သင့်ပါ။ ဗြိတိသျှနယ်ချဲ့တို့၏ မြန်မာများ ကျွန်သက်ရှည်ရေး မဟာဗျူဟာကျကျ ကိုလိုနီဘဝအစမှာပင် ယင်းပွဲလမ်းသဘင်များ ပိတ်ပင်တားမြစ်ခံရကာ နိဂုံးချုပ်ခဲ့သည်။ သူ့ကျွန်ဘဝမှ လွတ်မြောက်လာမှသာလျှင် ပြန်လည်ကျင်းပလာနိုင်ခဲ့သည်မဟုတ်ပါလား။

**ရှင်တစ်ထောင်ပွဲ**

သို့ဖြင့် ဘာသာရေးနှင့်ယှဉ်၍ အမှတ်ရစရာ ‘ရှင်တစ်ထောင်’သမိုင်းကို အကျဉ်းမျှ ပြောလိုပါသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဗုဒ္ဓရှင်တော်မြတ် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်။ ထိုမှ ပထမဝါလွန်မြောက်စဉ်ကာလ၌ ဘုရားရှင်က ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ချွေချွတ်ရန် ဥရုဝေလတောသို့ကြွတော်မူ၏။ ထိုနေ့သည်ကား တန်ဆောင်မုန်းလပြည့်နေ့မှ ပြာသိုလပြည့်နေ့အထိဖြစ်သည်။ နေ့ ဝါဆို- ည ပြာသို ဆိုသည့်အတိုင်း ပြာသိုညတာသည် ရှည်လျားလှစွာဖြစ်၏။ ဗုဒ္ဓဘုရားရှင်သည် ရှည်လျားလှသည် ဆိုသည့် ထိုည၌ ဥရုဝေလတောတွင် အချမ်းအအေးဒဏ်ကြံ့ကြံ့ခံကာ သီတင်းသုံးတော်မူပြီး ဥရုဝေလကဿပညီနောင်တို့အား တန်ခိုးတော်ပြ၊ ဓမ္မပရိယာယ်ဝေဝုစ်ဖြင့် အာဒိတ္တပရိယာယ သုတ္တန်တရားတော်ကို ဟောကြားတော်မူ၏။

ဗုဒ္ဓ၏ အဆုံးအမအောက်သို့ ဥရုဝေလကဿပဦးဆောင်သော ရသေ့ ၅၀၀၊ အစ်ကိုလတ်နဒီကဿပဦးဆောင်သော ရသေ့ ၃၀၀ နှင့် ညီငယ်ဂယာကဿပ ဦးဆောင်သော ရသေ့ ၂၀၀ စုစုပေါင်း ရသေ့ ၁၀၀၀ တို့အား စည်းရုံးသိမ်းသွင်းအောင်နိုင်ခဲ့သည်။ အယူလမ်းမှန် ညွှန်ပြနိုင်ခဲ့သည်။

ထိုတောတွင် ပဉ္စဝဂ္ဂီ ငါးဦး၊ ယသသတို့သားနှင့် ညီနောင်သုံးကျိပ်တို့ကိုလည်း တပည့်သာဝကများအဖြစ်သို့ ရောက်စေခဲ့သည်။ လူဦးရေအများဆုံး တစ်ချိန်တည်း သိမ်းသွင်းနိုင်ခဲ့ခြင်းအတွက် ဘုရားရှင်၏ သာသနာပြုကာလတွင် အရေးပါသော အောင်ပွဲ၊ အသိအမှတ်ပြုရမည့်အောင်ပွဲဟု ဆိုရပါမည်။ ဤသည်ကိုရည်၍ ရဟန်းတော်တို့က လူတို့ကို တပည့် ဒါယကာ ဒါယိကာမများကို ရှင်တစ်ထောင်သမိုင်းကြောင်း ဟောကြားခြင်း၊ အာဒိတ္တ ပရိယာယသုတ်တော် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ပြုလုပ်ကာ အခါတော်နေ့ ကျင်းပခဲ့ကြသည်။

မြန်မာလအမည်များစာအုပ်တွင် ပြာသိုလသည် ပျားဖယောင်းစု၍ အကောင်းဆုံး၊ အရဆုံး လဟူ၍လည်းကောင်း၊ ဝေါဟာရလီနတ္ထဒီပနီအရ ဖုဿနက္ခတ်နှင့်ယှဉ်၍ လပြည့်သောလ (ပေါသီ၊ ပြေသီ=ပြာသို) ဟူ၍လည်းကောင်း၊ ဤကျမ်းမှာပင် အခြားသောလများထက် ပိုလွန်ချမ်းအေးသော လဟူ၍လည်းကောင်း၊ အချို့ပညာရှင်များက ပျားသွန်သောလ၊ မီးဖိုကပြာ မသွန်ကောင်းသော လဟူ၍လည်းကောင်း အမျိုးမျိုးအမှတ်အသားပြုမိန့်ဆိုခဲ့ကြပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 5

Sample Questions
(ယခင်တစ်ပတ်မှအဆက်)
Section (B) Reading

I.(A) Look at the picture and write True or False to answer the given words. (5 marks)

(1) No food (1) ________________



(2) The summer (2) ________________




(3) petrol station (3) ________________



(4) moping the floor(4) ________________



(5) eating dinner (5) ________________



(B) Read the following dialogue and fill in the blanks with the suitable words given below. (10 marks)

| | | |
|---|---|---|
| hot | about | Sometimes |
| cold | colder | three |
| four | spring | cool in |

Thura : In Myanmar we have ___________ (1)__________seasons. How many seasons do you have in England?

Henry: We have ____(2)___seasons: spring, summer, autumn and winter.

Thura: Really? What's the weather like in ______(3)________?

Henry: It's usually rainy and ___(4)_____.

Thura: And ______(5)_______ summer?

Henry: It's often _____(6)_______ and dry.

Thura: How ______(7)______ in autumn?

Henry : It's cold and stormy. _____(8)______ we get storms.

Thura: And is the winter ______(9)______ too?

Henry : Yes. It is _____(10)_____ in winter than in autumn.

****************

## Grade 6

**Unit 8**
**Lesson 3: How much do you want?**

Grammar

(A) Choose '<u>a little</u>' or '<u>a few</u>'.

1. I have ___________ meat left in my plate.
2. There is __________milk in the glass.
3. She drank ________ wine yesterday.
4. They saw _________ people inside the shop.
5. I need ____________ pens to give to the students.
6. Can I have _________ bread, please?
7. There are only _______ students left in the classroom.
8. Ko Htwe has ______ books in his backpack.
9. There's _______ rice in the rice pot.
10. I borrowed ______ movies from my friend.

**(B) Complete the sentences with '<u>some</u>' or '<u>any</u>'.**

1. We didn't buy ________ flowers.
2. This evening I'm going out with ____friends of mine.
3. I didn't have _________ money, so I had to borrow ___________.
4. Can I have _______ milk in my coffee, please?
5. I was too tired to do __________work.
6. Do you have ____________pens?
7. Yin Yin doesn't like ______ of my friends.

(C) Fill in the blanks with '<u>much</u>' or '<u>many</u>'.

1. How ________ legs does a spider have?
2. How _______ milk does your cow give?
3. I have told you this _____ times before.
4. There's not _________ food in the fridge for you.
5. _________ people drive cars these days.
6. I don't have ______ money in my pocket.
7. ________ animals live in the jungle.

(D) Choose '<u>How much</u>' or '<u>How many</u>' to complete the sentences correctly.

1. _____________ apples have you got?
2. __________ bread have we got?
3. ____ chairs do you need for the party?
4. ___________ water do you drink a day?
5. _______ sugar did you put in your coffee?
6. __________ bottles of orange juice do we have?
7. ________students are there in your class?

Ans:
Unit 8 Lesson 3: How much do you want?
Grammar

(A) 1. a little; 2. a little; 3. a little; 4. a few; 5. a few; 6. a little; 7. a few;

(B) 1. some; 2. some; 3. any; 4. some; 5. some; 6. some; 7. any;

(C) 1. many; 2. much; 3. many; 4. much; 5. Many; 6. much; 7. Many;

(D) 1. How many; 2. How much; 3. How many; 4. How much; 5. How much; 6. How many; 7. How many;

***************

## Grade 7

**Unit 8**
**Lesson 3: What were you doing?**

(ယခင်တစ်ပတ်မှ အဆက်)

**IV. Change the sentences into question.**

**e.g. Uncle went swimming today.**
**Did uncle go swimming today?**

1. Maung Maung watched the football match on T.V.
2. Zaw Zaw did homework last night.
3. The boys saw a snake near here.
4. Khin Khin read the newspaper today.
5. Ko Ko took rubbish out today.
6. Min Min called me last night.
7. Lin Lin talked on phone with his parents.

**V. Fill in the blanks with <u>Simple Past Tense</u>.**

1. My aunt ______ (visit) us this weekend.
2. She _________(listen) to music with her friends.
3. He _______ (study) hard for the exam. So, he _______ (answer) all the questions.
4. I _______________ (wait) for the school bus but it ________ (not, come).
5. Mi Mi _________ (ask) me for help to finish her homework.

**VI. Fill the blanks with <u>the Past Continuous tense</u> (was, were + Ving).**

**e.g. He ______ his computer. (use)**
**He <u>was using</u> his computer.**

1. She __________ her child. (beat)
2. He _________ the dust from the blower. (blow)
3. He __________ his own plaster in the hospital. (break)
4. She ___________ with the shopkeeper yesterday. (deal)
5. He __________ something from us. (hide)

**VII. Write the verb in the correct form (Past simple or Past continuous).**

1. It ________ (rain) as I left the house.
2. The baby _______ (sleep) peacefully when I took this photo.
3. I _________ (paint) this picture when I was at primary school.
4. The sun ________ (shine) when I _______ (get up) today.
5. My brother __________ (break) his leg, while we _________ (ski).
6. I left the party when he ______(arrive).
7. They __________ (win) the match when I _________ (phone) my girlfriend.

************************

Ans:
Lesson 3: What were you doing?

IV. 1. Did Maung Maung watch the football match on T.V? 2. Did Zaw Zaw do homework last night? 3. Did the boys see a snake near here? 4. Did Khin Khin read the newspaper today? 5. Did Ko Ko take rubbish out today?

V. 1. visited; 2. listened; 3. studied, answered; 4. waited, did not come; 5. asked;

VI. 1. was beating; 2. was blowing; 3. was breaking; 4. was dealing; 5. was hiding; 6. paying; 7. sitting;

VII. 1. was raining; 2. was sleeping; 3. was painting; 4. was shining, got up; 5. broke, were skiing; 6. arrived; 7. were winning, phoned;

***************

## Grade 8

**Unit 8**
**Lesson 4: My dream resort**

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. He is a football c______ of our school football team.
2. I enjoyed a p____view from the top of the tower.
3. The buyers are c_____ into the salesroom.
4. Most of the tourists like to visit by c______ ship.
5. He greeted me with a big s_____________.
6. A visit to the museum is an u_________ experience for me.

**II. Complete the following sentences with the correct forms of the verbs given below. There are two extras.**

| | |
|---|---|
| friendly | delicious |
| unforgettable | breathtaking |
| spacious | panoramic |
| hospitable | |

1. They were very _______ to me when I first arrived.
2. She is always _________to visitors from abroad.
3. There is a nice ____ view on surrounding mountains.
4. Did you have an _______moment in your life?
5. Every room of this house is comfortable and ________.

**III. Match the sentences halves.**

1. The house was freezing,
2. It was a really friendly
3. This cake is delicious! How
4. We stayed in a really peaceful
5. My neighbours often play noisy

(a) did you make it?
(b) so I turned the heating on.
(c) party and I met some nice people.
(d) music at night – it's really annoying.
(e) hotel in the mountains and just relaxed.

**IV.Choose the correct answers.**

1. It's (**freezing / boiling**) outside! Put your coat on.
2. I love that restaurant – it's got good food and a very (**friendly / delicious**) atmosphere.
3. Life here isn't very (**tasty / exciting**) – there's nothing to do!
4. The meat was OK, but I didn't like the sauce – it was too (**spicy / noisy**) for me.
5. It was a great party. The music was brilliant and the food was (**boiling / delicious**).

********************

Ans:
Lesson 4: My dream resort

I. 1. coach; 2. panoramic; 3. crowded; 4. cruise; 5. smile; 6. unforgettable;

II. 1. friendly; 2. Hospitable; 3. Panoramic; 4. Unforgettable; 5. Spacious;

III. 1. (b) 2. (c) 3. (a) 4. (e) 5. (d)

IV. 1. freezing; 2. friendly; 3. exciting; 4. spicy; 5. delicious;

******************

## Grade 9

### Unit 9
### Lesson 1: What are today's social problems?

**I. Complete the sentences with the given words.**

| | | |
|---|---|---|
| poverty | crime | pollution |
| unemployment | violence | |

1. It's important to talk about our problems instead of using ______ to solve them.
2. ____ happens when people don't have jobs and are looking for work.
3. ______ is when the air or water becomes dirty and not good for us to breathe or drink.
4. Stealing is a _______.
5. _________ means not having a lot of things or money.

**II. Complete the dialogues with the given words.**

Dialogue (1)

| |
|---|
| because of trash and chemicals |
| We need to use |
| Let's keep our planet clean |
| protect our environment |
| pollution |

**Aung Aung:** Hey, **Ko Khant!** Have you heard about ________ (1)________?
**Ko Khant:** Pollution? What's that?
**Aung Aung:** Pollution is when our air and water get dirty ________(2)________.
**Ko Khant:** Oh no, that doesn't sound good.
**Aung Aung:** It's not. ________(3)________ less plastic and recycle to help the Earth.
**Ko Khant:** How can I help, **Aung Aung?**
**Aung Aung:** You can start by not littering and using a reusable water bottle.
**Ko Khant:** Okay, I'll do that. ________(4)________!
**Aung Aung:** Great, **Ko Khant!** Together, we can ________ (5)________.

**III. Fill each blank with an appropriate word. The initial letters are given to help you.**

1. Cars and factories can make the air dirty, causing air p________.
2. We can help people in p______ by donating food, clothes, or our time to organizations that assist them.
3. Some people experience h________ because they can't afford a place to live.
4. When we use a_____, we can add two numbers, like 2 + 3, to get 5.
5. Police officers work to catch people who commit c_____ and keep our community safe.
6. Hitting, kicking, or yelling at someone are examples of v_______.
7. O_______is when someone is very overweight because they have too much body fat.

**IV. Supply the correct forms of the words given in brackets.**

1. (congratulate) You got 100 on the exam, _________.
2. (inform) Zaw Min collected various _________ on her.
3. (luck) Better be born _______ than rich.
4. (hope) We remain ______ that his father will recover.
5. (poor) Debt is the worst ________.
6. (pollute) Air ________ is responsible for the melting of Glaciers.
7. (discriminate) We are opposed to racial _________.

**V. Supply the correct forms of the verbs given in brackets.**

1. (commit) We ______ a patient to the hospital this morning.
2. (support) He _________ his parents since he has been a bank manager.
3. (addict) They ________ to computer games for five years.
4. (punish) Ko Maung _________ by the class teacher for not doing homework.
5. (ruin) Bad attitudes _________ your team.
6. (experience) We ________ pleasure during the trip last summer.
7. (assume) The chairman ________ his new responsibilities next month.

*****************

Ans:

Unit 9 Lesson 1: What are today's social problems?

I. 1. violence; 2. Unemployment; 3. Pollution; 4. crime; 5. Poverty;

II. Dialogue (1) 1. pollution; 2. because of trash and chemicals. 3. We need to use; 4. Let's keep our planet clean. 5. protect our environment

III. 1. pollution; 2. poverty;3. homelessness; 4. addition; 5. crimes; 6. violence; 7. Obesity;

IV. 1. congratulations; 2. information; 3. lucky; 4. hopeful; 5. poverty; 6. pollution; 7. discrimination;

V. 1. committed; 2. has been supporting; 3. have been addicted; 4. was punished; 5. will ruin; 6. experienced; 7. will assume;

*******************

## Grade 12

### Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT

(ယခင်တစ်ပတ်က ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)

**VII(A) 1. How's it going 2. Where are you off to 3. need to start studying 4. I'll see you later then 5. See you later**

**(B) 1. a presentation in English 2. No. I need help with grammar 3. I can help you with that 4. correct my English 5. Thanks! I'm so nervous**

**********************

Supplementary Grammar Exercises

(A)1. I wore a jacket because it was cold outside. 2. She was happy because she received a gift. 3. They arrived late because of heavy traffic. 4. We couldn't go to the park because it was raining. 5. He missed the bus as a result of oversleeping. 6. She couldn't find her keys as a result of misplacing them. 7. He failed the test because he didn't study. 8. We couldn't go to the party as a consequence of being sick. 9. They got wet as a consequence of playing in the rain. 10. The baby cried because she was hungry. 11. They canceled the game because of bad weather. 12. She was late for work as a result of the train being delayed. 13. The car broke down, consequently they had to call for help. 14. They missed the train as a consequence of running late. 15. He fell and hurt himself because of the slippery floor.

### Unit 8 RENEWABLE ENERGY

************************

**I. Complete the sentences with the appropriate words. The initial words are given.**

1. A c________ is a scientist who studies the weather and climate.
2. We use f________ fuels to generate electricity, power vehicles, and heat our homes.
3. S________ power is a clean and renewable source of energy that can help reduce pollution.
4. The sun, wind, water, waste, and heat are all rich sources of r________ energy.
5. P________ are substances that make the air, water, or soil dirty or harmful.
6. A d________ is a disadvantage or a negative aspect of something.
7. We can use h________ to generate electricity by capturing the energy of flowing water with turbines.
8. Global w________ can cause problems like melting ice, rising sea levels, and changes in weather patterns.
9. Something that is i________ means it will never run out or be used up.
10. B________ is a biologically produced fuel made from dead plant and animal materials.

***************

**II. Choose the appropriate words or phrases to complete the sentence.**

(1) You can have fried rice as your breakfast or -------- have vermicelli.
( A. alternate B. alternative C. alternatively )
(2) Any essay you write has a --------.
( A. end B. conclusion C. finishing )
(3) -------- is more important than technical skills.
( A. create B. creativity C. creation )
(4) He is now fully -------- from his illness.
( A. recovered B. well C. healthy )
(5) His father's -------- words made him successful.
( A. encourage B. encouragement C. encouraging )
(6) Students must learn current English --------.
( A. use B. usage C. usefulness )
(7) Grandpa has to -------- medicine twice a day.
( A. have B. take C. eat )
(8) Jackfruit is -------- a sweet smell.
( A. emittig B. releasing C. emerging )
(9) The miners -------- ailve when the tunnel collapsed.
( A. have buried B. buried C. were buried )
(10)Is your car licence --------?
( A. renew B. renewable C. renewal )

****************

**III. Rewrite the sentence according to the instructions given in brackets. (10 marks)**

1. She packed an extra set of clothes in her bag. She spills something on herself. **(Join the sentences, using appropriate "Subordinating conjunction".)**
2. I did not know your email address, so I did not contact you. **(Use "the third conditional")**
3. He missed the school bus. He was late for school. **(Join the sentences, using linking word "as a result".)**
4. It is not very important what the weather is like. We are determined to have a great time on our picnic. **(Join the sentences, using "No matter what ….)**
5. He was holding a bouquet of flowers. He surprised her with a romantic gesture. **(Join the sentences using participle phrase.)**
6. Their teamwork enabled them to win the championship. **(Use "It is/ was … who/ that…".)**
7. He is a good writer. He is also a skilled director. **(Use "not only … but also".)**
8. The teacher solved the complex mathematical problems and explained them with ease. **(Use "not only … but also".)**
9. I bought the laptop recently. It works very fast. **(Join the sentences using suitable relative pronoun)**
10. The team will likely win the championship. Its members work hard. **(Join the sentences using suitable relative pronoun.)**

****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၅-၁-၂၀၂၄ ရက်မှအဆက်

“ခက်ပါဘိထွေးရီရယ်။ အသည်းထိတ်ရင်တုန် နေရသည့်အထဲ ဘာတွေများ ရွှတ်တိရွှတ်ထိုး စွပ်စွဲနေပါလိမ့်”

ကိုအေးဆွေမှာ မိမိစိတ်ထဲမှာသာ အောက်မေ့ရင်း ထွေးရီ၏စကားများကို ရင်မောစွာဖြင့် စောင့်၍သာ နားထောင်နေရ၏။

“အ အ ရီးလေးက၊ မ မ မ”

ဤစကားလုံးလေးများမှာ ငိုရှိုက်သံနှင့်အတူ တစ်ဖန် ဗလုံးဗထွေးထွက်လာပြန်သည်။ ရုတ်တရက် အဓိပ္ပာယ်ခွဲခြား၍မရ။ ထို့ကြောင့်လည်း နားစိုက်ထောင်နေသော ကိုအေးဆွေမှာ အသည်းတထိတ်ထိတ်နှင့် ရင်ဝယ်လှိုက်၍ မောလှ၏။

“မ မ၊ ရှိ ရှိတော့ဘူး”

“ဟာ”

လောကကြီးတစ်ခုလုံးသည် ရုတ်တရက် တိတ်ဆိတ်သွား၏။ မိမိတစ်ကိုယ်လုံးရှိ သွေးများသည်ပင် တစ်ခါတည်းရပ်ဆိုင်းသွားသည်ဟု ထင်လိုက်မိကာ လောကကြီးတစ်ခုလုံးကို မေ့သွား၏။ မျက်စိထဲတွင်လည်း ပြာမှိုင်း၍ မှောင်ခနဲဖြစ်သွား၏။ ဦးခေါင်းထဲတွင်လည်း စီခနဲ စီခနဲ မြည်နေ၏။

တကယ်တော့လည်း ကိုအေးဆွေမှာ ဘယ်လိုမှပင် မမျှော်လင့်ခဲ့သောစကားကို ယခုကဲ့သို့ ရုတ်တရက်ကြားလိုက်ရသောအခါ တစ်ခဏမျှ သတိလက်လွတ်ဖြစ်သွား၏။ သို့သော် သတိကို ချက်ချင်းပြန်ထိန်းလိုက်သည်။

ထွေးရီသည် တရှုပ်ရှုပ်နှင့် ရှိုက်၍ငိုနေ၏။ မအုန်းတင်မှာလည်း တစ်ဖက်သို့လှည့်ကာ မျက်ရည်သုတ်ရင်း ရှိုက်နေသည်။

သည်တော့မှလည်း ကိုအေးဆွေမှာ မိခင်ကြီးအတွက် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ယူကျုံးမရခြင်း၊ နှမြောတသခြင်းတို့က တလှိုက်လှိုက်နှင့် ရင်ဝသို့ ဆို့တက်လာလေသည်။ ကြာတော့လည်း ရင်တွင်းဝယ် ကျိတ်၍ပူဆွေးနေရခြင်းကို မည်သို့မျှ ထိန်းချုပ်၍ မတတ်နိုင်တော့ပါချေ။ ရှုန်းကန်ပွင့်ထွက်လာတော့ရာ စိတ်ကို လွှတ်ပေးလိုက်ရတော့သည်။ ထို့ကြောင့်လည်း မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ငင်ငိုကြွေးလိုက်မိတော့သည်။

အခြားသော အခြေအနေကာလမျိုး၌ ဖြစ်ရပါမူ ကိုယ့်စိတ်ကို ဖြေသိမ့်၍ရနိုင်ပါသေး၏။ ယခုတော့မူ မိမိအတွက်ကြောင့် အသက်ပါ ဆုံးရှုံးသွားရချေပြီဟု ရင်နာဖွယ်ရာအဖြစ်ဆိုးကို ကြားသိလာရသော ကိုအေးဆွေမှာ မည်သို့ ဖြေသိမ့်၍ရနိုင်ပါအံ့နည်း။

အမှန်ဆိုသော်လည်း ဒေါ်ဘုမခမျာ ထန်းကျွန်ပီပီ ထန်းပိုင်ရှင်များ မကြောင့်မကြနှင့် ချမ်းမြေ့စွာ နေထိုင်နိုင်အောင် လူမှန်းသူမှန်းသိသည့်အရွယ်မှစ၍ ရင်ဘတ်ကို မီးအပူအဟပ်ခံလျက် ထန်းလျက်ကို ဘဝတစ်လျှောက်လုံး ကျိုချက်ခဲ့ရ၏။ ချောင်းဆိုးရင်ကျပ် ပန်းနာထနေ၍လည်း အနားယူမနေရ၊ မောနေ၍လည်း မြူအိုးမကောက်ဘဲ မနေနိုင်ခဲ့။ မိမိတို့ အသက်ရှင်ဘဝရပ်တည်နိုင်ရေးအတွက် ထန်းပိုင်ရှင်ကြီးများအား လုပ်ကျွေးပူဇော်ခဲ့ရသည်။

တကယ်တော့လည်း ထန်းလုပ်သားခမျာတို့မှာ အခြားသော တောနေ တောင်သူလယ်သမားများကဲ့သို့ပင် ဘယ်ကဲ့သို့သော ဘဝအာမခံချက်မျိုးမှ ရှိခဲ့ကြသည်မဟုတ်ပေ။ မကျန်းမာလျှင် အနားယူ၍ ဆေးဝါးကုသနိုင်ခွင့်ဆိုသည်ကိုလည်း အိပ်မက်ပင် မမက်ဝံ့သေးချေ။

သို့ရာတွင် မြို့ပေါ်မှ စက်ရုံ အလုပ်ရုံ အလုပ်သမားတစ်ယောက်မှာမူ မည်မျှပင် ဆင်းရဲစေဦးတော့၊ နာမကျန်းလျှင် အနားယူ၍ ဆေးဝါးကုသနိုင်ခွင့် ရရှိခဲ့ကြ၏။

ထန်းသမားများနှင့် တောင်သူလယ်သမားတို့မှာ တိုင်းပြည်၏ မရှိမဖြစ်သော အဓိကအစာအာဟာရ စားသုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်ပေးနေကြသည့် လုပ်သားစင်စစ်များ ဖြစ်နေကြစေကာမူ မြို့ပေါ်မှ စက်ရုံ အလုပ်ရုံ အလုပ်သမားတစ်ယောက်၏ ခံစားခွင့်မျိုးကဲ့သို့သော ခံစားခွင့်မျိုးကို မည်သို့သောအခါကာလမျိုးမှ ခံစားရလိမ့်မည်ဟု မမျှော်မှန်းနိုင်သေးပေ။

သို့စေကြားလည်း လက်ပံပင်ကျေးရွာ ဘုံထန်းတောနယ်မြေမှ ထန်းသမားများကမူ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုပေါင်းထန်းလုပ်ငန်းကို လုပ်ဆောင်လာကြ၍ ဒေါ်ဘုမတို့လို အလုပ်သမကြီးများမှာ အထိုက်အလျောက် ဘဝအာမခံချက်များ ရလာကြ၏။ မကျန်းမာသောအခါတွင်လည်း လုပ်ခမပျက် အနားယူ၍ ဆေးဝါးကုသနိုင်ခွင့် အကျိုးကျေးဇူးများ ရလာခဲ့ကြပေပြီ။

ထို့ကြောင့်လည်း ဒေါ်ဘုမခမျာမှာ မီးပူခံရသည့်ဘေး၊ မြူအိုးကောက်ရသည့်ဘဝမှ ကျွတ်လွတ်ခဲ့ရ၏။ သက်သာသည့်တာဝန်လေးများကို ထမ်းဆောင်ခြင်းဖြင့် သူ့ကျန်းမာရေးကို ကောင်းမွန်စေခဲ့၏။

သို့ပင်ဖြစ်ငြားသော်လည်း ထန်းကျွန်မကြီး ဒေါ်ဘုမခမျာမှာ လူသားသခင်တို့၏အကျိုးကို နှစ်ပေါင်းများစွာ သယ်ပိုးရွက်ဆောင်လာခဲ့ရသော ခိုင်းနွားအိုကြီးပမာ ခြေကုန်လက်ပန်းကျ၍ လှုပ်လှုပ်သာ ရှိတော့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ ထန်းပိုင်ရှင်တို့ ခေါင်းပုံဖြတ် အမြတ်ထုတ် သွေးစုပ်ခြယ်လှယ်နိုင်ရေးအတွက် နှစ်ပေါင်းများစွာ မီးပူခံကာ ကျိုချက်ခဲ့ရသော ဒဏ်ရာဒဏ်ချက်များကြောင့် ယခုကဲ့သို့ အမြစ်မပြတ်နိုင်ဘဲ ချောင်းဆိုးရင်ကျပ်၍ တရှောင်ရှောင် ဖြစ်နေသည်ဆိုသည်ကိုတော့ ဒေါ်ဘုမက သိချင်မှ သိပေမည်။

ထို့ကြောင့်လည်း ဒေါ်ဘုမခမျာမှာ ထိုဒဏ်ရာဒဏ်ချက်များကြောင့် တဖြည်းဖြည်း ချူချာလာသည်။ ယခုနှစ်တွင် ပို၍ချူချာလာသည်။ နွေဦးပေါက်သည့်တိုင်အောင် မကြာခဏ ချောင်းဆိုးတတ်သည်။ ဤအထဲ အသက်ကလည်းကြီးလာ၍ ပိုခံရသည်။

ယခုတစ်ဖန် ထန်းပိုင်ရှင်လူကုံထံတို့က ၎င်းတို့သမီးပျိုနှင့် ဆက်သွယ်ရေးမကင်းသော ကိုအေးဆွေအား ဒုက္ခပေးကာ လုပ်ကြံဖိနှိပ်မှုမျိုးကို တွေ့လာရသောအခါ ဒေါ်ဘုမခမျာ တစ်ယောက်တည်းသောသားအတွက် ရတက်ဖြာ၍ သောကအပူလုံးကြွပြီး ရင်ဆို့ကာ အသက်ပါပျောက်သွားရသည်အထိ စိတ်ထိခိုက်သွားရသည်ဆိုသည်ကိုတော့ ကိုအေးဆွေမှလွဲ၍ အခြားသူများ သိချင်မှသိပေမည်။

ထို့ကြောင့်လည်း မပြန်လမ်းသို့ ထွက်ခွာသွားပြီဖြစ်သော မိခင်ကြီးအတွက် ယောကျ်ားရင့်မာကြီးပင် ဖြစ်လင့်ကစား ကိုအေးဆွေမှာ ဝမ်းပန်းတနည်းသည်းထန်စွာ ကြေကြေကွဲကွဲ ငိုကြွေးနေမိသည်။ ဤသည်ကို တွေ့မြင်ရသော ထွေးရီနှင့် မအုန်းတင်တို့မှာလည်း စိတ်ထိခိုက်သွားကြသည်။ မျက်ရည်မဆည်နိုင်အောင် ငိုကြွေးရသည်အထိ ဖြစ်ရလေသည်။

ကိုအေးဆွေသည် အတန်ကြာအောင် ငိုကြွေးလိုက်မိသောအခါ ရင်ထဲတွင် အနည်းငယ်ပေ့ါသွားသလို ဖြစ်သွားသည်။ စောစောက ရင်ဝတွင် ဆို့ကျပ်နေသော သောကအပူလုံးမှာလည်း အနည်းငယ်ချောင်ကျသွား သည်။ သို့သော်လည်း မြေဝယ်မြှုပ်၍ မသင်္ဂြိုဟ်မီ မိခင်ကြီး၏မျက်နှာကို တွေ့မြင်လိုသော ဆန္ဒက အလွန်အမင်း ဖြစ်ပေါ်လာသည်။ ထို့ကြောင့်လည်း ကိုအေးဆွေသည် အသံကိုထိန်း၍ ထွေးရီအား မေးလိုက်သည်။

“အမေ့ကို ဘယ် ဘယ်တော့ သင်္ဂြိုဟ်မှာလဲ”

မည်မျှပင် အသံကိုထိန်း၍ ပြောစေကာမူ ကိုအေးဆွေ၏အသံမှာ တုန်လှုပ်၍ ငိုသံပါနေသည်။ အက်ကွဲဆို့နစ်သံလည်း ရောနေသည်။

“နက် နက်ဖြန်ခါ ချမယ်”

ထွေးရီက ရုတ်တရက်မဖြေ၍ မအုန်းတင်က ရင်နာသံဖြင့် ဝင်ဖြေလိုက်၏။ ထွေးရီမှာမူ ပြန်လည်ပြောရန် အားယူရင်း မျက်ရည်များသုတ်၍ ရှိုက်နေသည်။

“အမှုကလည်းတန်းလန်း၊ အချုပ်ကလည်း ဘယ်တော့မှလွတ်မှန်းမသိ။
အင်း၊ အမေ့မျက်နှာကိုမှ မြင်မှ မြင်လိုက်ရပါဦးမလား”
ဤအတွေးများက တစ်မုဟုတ်ချင်း ပြေးဝင်လာသောအခါ
ကိုအေးဆွေ၏ဦးခေါင်းသည် ပူခနဲဖြစ်သွား၏။
တစ်ချိန်တည်းမှာလည်း မိခင်ကြီး၏အလောင်းကိုတွေ့မြင်ပြီး
ကန်တော့ချင်သောဆန္ဒကလည်း အလွန်ပြင်းထန်လာ၏။
သို့သော် တစ်ဖက်မှ မဖြစ်နိုင်မှန်းသိသောအတွေးက ဝင်လာသောအခါတွင်ကား
ရင်ဝယ် ကျဉ်ခနဲ ကျဉ်ခနဲနေအောင် နာကြည်းမှုဝေဒနာက
တားမနိုင်ဆီးမရ နှိပ်စက်လာတော့သည်။

မအုန်းတင်၏အဖြေကို ကြားရသောအခါ ကိုအေးဆွေ၏တစ်ကိုယ်လုံးသည် ဖျဉ်းခနဲဖြစ်သွားသည်။

“အမှုကလည်း တန်းလန်း၊ အချုပ်ကလည်း ဘယ်တော့မှ လွတ်မှန်းမသိ။ အင်း၊ အမေ့မျက်နှာကိုမှ မြင်မှမြင်လိုက်ရပါဦးမလား”

ဤအတွေးများက တစ်မုဟုတ်ချင်း ပြေးဝင်လာသောအခါ ကိုအေးဆွေ၏ဦးခေါင်းသည် ပူခနဲဖြစ်သွား၏။ တစ်ချိန်တည်းမှာလည်း မိခင်ကြီး၏အလောင်းကို တွေ့မြင်ပြီး ကန်တော့ချင်သောဆန္ဒကလည်း အလွန်ပြင်းထန်လာ၏။ သို့သော် တစ်ဖက်မှ မဖြစ်နိုင်မှန်းသိသောအတွေးက ဝင်လာသောအခါတွင်ကား ရင်ဝယ် ကျဉ်ခနဲ ကျဉ်ခနဲနေအောင် နာကြည်းမှုဝေဒနာက တားမနိုင်ဆီးမရ နှိပ်စက်လာတော့သည်။

ထိုအခါ လူလူချင်း အဆင့်အတန်းခွဲခြား၍ ခေါင်းပုံဖြတ် အမြတ်ထုတ်လိုသောစိတ် အမြဲတမ်းရှိကြသည့် ထန်းပိုင်ရှင် ဦးမြမောင်၊ ဒေါ်လှတင်တို့ကြောင့်ဟူသော အဖြေက ပေါ်လာသည်နှင့်အမျှ ၎င်းတို့အပေါ်တွင် မခံချင်စိတ် ဒေါသမာန်ဟုန်များက ထောင်းခနဲ ဖြစ်ပေါ်လာသည်။

တစ်ဖန် တစ်ဆက်တည်းမှာပင် သူတို့သမီး ခင်သန်းငွေကြောင့်သာလျှင် ဤပြဿနာ စတင်ဖြစ်ရပါသည်ဟူသော အတွေးကို စဉ်းစားမိပြန်သောအခါတွင်လည်း ကိုအေးဆွေသည် ခင်သန်းငွေအပေါ် စိတ်နာရမလို ဖြစ်လာပြန်သည်။ သို့သော် တကယ်တမ်း စေ့စေ့တွေးတောလာမိသောအခါ သူ့အား စိတ်နာ၍မရခြင်းပင် ဖြစ်နေပြန်သည်။

သို့တစေ တစ်ဖက်ကလှည့်၍ စဉ်းစားမိပြန်သောအခါတွင်ကား အသည်းခိုက်မျှ နာကြည်းလာပြန်သည်။ သူမပြတ်သား၍သာ ဖြစ်ရသည်၊ သူလှည့်စား၍သာ မိမိခံရသည်၊ မိခင်ကြီးပါ အဆစ်ပါ၍ ဘဝဆုံးရသည်ဟူသော အတွေးများက တစ်ဖန် စုပြုံဝင်လာပြန်လေသည်။

“ဟော၊ ဟိုမှာ”

ရုတ်တရက် မအုန်းတင်က အံ့ဩသံဖြင့် အော်လိုက်သည်။ ထိုအော်လိုက်သံကြောင့် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ဒေါသထွက်ခြင်း၊ နာကြည်းခြင်းသော ဝေဒနာပေါင်းစုံတို့ဖြင့် တစ်ပြိုင်နက်တည်းလို ခံစားနေရသော ကိုအေးဆွေမှာ ဖျတ်ခနဲ သတိရှိလာတော့သည်။ ထို့ကြောင့်လည်း ကိုအေးဆွေသည် မအုန်းတင်ကြည့်ရာဆီသို့ တစ်ဆက်တည်း လျင်မြန်စွာ ကြည့်လိုက်မိသည်။

“အင့်၊ ဟင် ဟင်” ဟူသောအသံကို ယောင်၍ မထွက်လိုက်မိရန်ပင် ကိုအေးဆွေက မနည်းချုပ်တည်းထားလိုက်ရသည်။ သို့တစေလည်း ရင်တွင်းမှာကား ထိုအံ့အားသင့်စရာ မြင်ကွင်းကြောင့် မြင်လိုက်ရသည့်တစ်ခဏဝယ် လှိုက်ခနဲတုန်သွားပြီး အမည်မဖော်တတ်သော ခံစားမှုဝေဒနာတစ်ရပ်ကိုတော့ ပြင်းပြင်းထန်ထန်ကြီး ခံစားလိုက်ရချေသည်။

ထို့အတူ ထွေးရီဆိုသည်မှာလည်း မည်သို့နားလည်ရမှန်းမသိသော ဟန်ပန်သွင်ပြင်လေးတွင် မျက်လုံးလေးအဝိုင်းသားဖြင့် ထိုမြင်ကွင်းကို တအံ့တဩ ငေးမောကာ လှမ်းမျှော်ကြည့်လျက်ရှိလေသည်။

ထိုတွေ့မြင်လိုက်ရသော မြင်ကွင်းသည်ကား ပြည်သူ့ရဲတပ်ဖွဲ့စခန်းရုံး အဆောက်အအုံရှေ့သို့ ရုတ်တရက် ထိုးရပ်လိုက်သော မြင်းလှည်းတစ်စီးပေါ်မှ ဆင်းလာကြသည့် အဒေါ်ကြီးတစ်ဦးနှင့် ခင်သန်းငွေတို့ပင် ဖြစ်လေသည်။

သို့သော် မကြာပါချေ။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**



# လီဗာပူးအသင်းရဲ့ လစ်လပ်လာမယ့် နည်းပြရာထူး ဘယ်သူဆက်ခံခွင့်ရမလဲ

လီဗာပူးအသင်းနည်းပြ ကလော့ပ်ဟာ ယခု ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကုန်မှာ လီဗာပူးအသင်းနည်းပြအဖြစ်ကနေ ထွက်ခွာတော့မှာဖြစ်တာကြောင့် နည်းပြကလော့ပ်နေရာမှာ ဘယ်နည်းပြရောက်ရှိလာမလဲ၊ လက်ရှိနည်းပြလောက်စွမ်းဆောင်ရည်ရှိပါ့မလားဆိုတာနဲ့ လက်ရှိနည်းပြထက် ဆုဖလားတွေပိုမိုဆွတ်ခူးသွားနိုင်မလားဆိုတာ လီဗာပူးအသင်းပရိသတ်တွေက စိတ်ဝင်စားနေကြပြီ ဖြစ်ပါတယ်။

အသက် ၅၆ နှစ်အရွယ်ရှိ ဂျာမနီနိုင်ငံသားနည်းပြ ကလော့ပ်ဟာ လီဗာပူးအသင်းကို ယခုဘောလုံးရာသီအတွင်းမှာ လက်ရှိအချိန်အထိ ဖလားလေးလုံးလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနိုင်ဖို့ စွမ်းဆောင်ပေးထားတာဖြစ်ပေမယ့် နည်းပြကလော့ပ်အနေနဲ့ ရာသီကုန်မှာ လီဗာပူးအသင်းနည်းပြအဖြစ်ကနေ ထွက်ခွာဖို့ ဇန်နဝါရီ ၂၇ ရက်မှာ ကြေညာခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းနည်းပြအဖြစ်ကနေ ထွက်ခွာတော့မယ့် ကလော့ပ်ရဲ့ သတင်းတွေထွက်ပေါ်လာပြီးချိန်မှာတော့ လီဗာပူးအသင်းနည်းပြဖြစ်လာဖို့ အလွန်ဆို၊ နာဂျယ်စမန်း၊ ရှာဘတ်တိုဒီဇာဘီနဲ့ စတီဗင်ဂျာရတ်တို့ဟာ အန်ဖီးလ်မှာ နည်းပြအဖြစ်မြင်တွေ့ရဖို့ ရေပန်းစားခြင်းခံနေရတာ ဖြစ်ပါတယ်။

**အလွန်ဆို**



အလွန်ဆိုဟာ လီဗာပူးအသင်းနည်းပြ ဖြစ်လာဖို့ ရေပန်းစားနေတဲ့အပြင် လက်ရှိလီဗာပူးအသင်းနည်းပြ ကလော့ပ်ရဲ့နေရာမှာ ဆက်ခံခွင့်ရရှိမယ့် အလားအလာအရှိဆုံးနည်းပြလို့လည်း အများက သတ်မှတ်ထားတာ ဖြစ်ပါတယ်။

လီဗာပူးအသင်းရဲ့ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ အလွန်ဆိုဟာ လေဗာကူဆင်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့တဲ့ ပထမရာသီဝက်မှာ ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိရေးစွမ်းဆောင်ပေးနိုင်ခဲ့သလို အခုဘောလုံးရာသီမှာလည်း ဂျာမန်ဘွန်ဒက်လီဂါ အမှတ်ပေးဇယားပြိုင်ပွဲမှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိရေး စွမ်းဆောင်ပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။

အသက် ၄၂ နှစ်အရွယ်ရှိ လီဗာပူးကွင်းလယ်ကစားသမားဟောင်း အလွန်ဆိုဟာ ၂၀၂၆ ခုနှစ်အထိ ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းနဲ့ စာချုပ်ချုပ်ဆိုထားတာဖြစ်ပေမယ့် လီဗာပူးပရိသတ် အများစုကတော့ လက်ရှိနည်းပြကလော့ပ်နေရာမှာ အစားထိုးနည်းပြအဖြစ် အန်ဖီးလ်ကို ရောက်လာမယ်ဆိုရင် အလွန်ဆိုကိုသာ မျှော်လင့်နေကြတာဖြစ်ပါတယ်။

**ရှာဘတ်တိုဒီဇာဘီ**

လီဗာပူးအသင်းကနေ နည်းပြကလော့ပ်ထွက်ခွာသွားခဲ့ရင် အစားထိုးဖို့ ဒုတိယရေပန်းအစားဆုံးနည်းပြကတော့ ရှာဘတ်တိုဒီဇာဘီပဲ ဖြစ်ပါတယ်။ ရှာဘတ်တိုဒီဇာဘီဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ကလပ် ဘရိုက်တန်အသင်းကို တာဝန်ယူကိုင်တွယ်နေတာဖြစ်ပြီး လီဗာပူးအသင်းနည်းပြ ကလော့ပ်နေရာမှာ အစားထိုးနိုင်မယ့် အကောင်းဆုံးနည်းပြလို့လည်း အများစုက သတ်မှတ်ထားတာဖြစ်ပါတယ်။



အသက် ၄၄ နှစ်အရွယ်ရှိ အီတလီနိုင်ငံသား နည်းပြရှာဘတ်တိုဒီဇာဘီဟာ ဘရိုက်တန်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့တဲ့ ပထမရာသီမှာ လီဗာပူးအသင်းကို တစ်ဖက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်း အပါအဝင် အက်ဖ်အေဖလားနဲ့ အီးအက်ဖ်အယ်လ်ဖလား ပွဲစဉ်တွေမှာလည်းလီဗာပူးအသင်းကို အနိုင်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်ပါတယ်။ နည်းပြ ဒီဇာဘီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်ပြိုင်ပွဲမှာ အဆင့်(၆) နေရာနဲ့ ရာသီကုန်ဆုံးခဲ့တာကြောင့် အသင်းရဲ့သမိုင်း တစ်လျှောက် ပထမဆုံးအကြိမ် ဥရောပပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့တာလည်း ဖြစ်ပါတယ်။





**နာဂျယ်စမန်း**

အသက် ၃၆ နှစ်အရွယ် ရှိပြီဖြစ်တဲ့ နည်းပြ နာဂျယ်စမန်းဟာ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလအတွင်းက ဂျာမနီအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ပြီး ဂျာမနီနိုင်ငံလက်ရွေးစင်အသင်းနည်းပြသက်တမ်းဟာ ၂၀၂၄ ခုနှစ် ဇူလိုင်လမှာ ကုန်ဆုံးမှာဖြစ်ပါတယ်။

နည်းပြနာဂျယ်စမန်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ပ်ဇစ်အသင်းနည်းပြအဖြစ်လည်း တာဝန်ယူကိုင်တွယ်ခဲ့ဖူးသူဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ စတင်တာဝန်ထမ်းဆောင်စဉ်မှာ ဘွန်ဒက်လီဂါဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

**စတီဗင်ဂျာရတ်**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီကုန်ချိန်မှာ လီဗာပူးအသင်းရဲ့ လစ်လပ်လာမယ့် နည်းပြရာထူးအတွက် ဖြစ်နိုင်ခြေအများဆုံးနည်းပြတွေထဲမှာ တစ်ဦးအဖြစ်ပါဝင်နေတာကတော့ စတီဗင်ဂျာရတ်ပဲ ဖြစ်ပါတယ်။

လီဗာပူးအသင်းရဲ့ ဂန္တဝင်ကစားသမားတစ်ဦးဖြစ်ခဲ့တဲ့ စတီဗင်ဂျာရတ်ဟာ ၂၀၂၁ ခုနှစ်အတွင်းက ရိန်းဂျားအသင်းကို စကော့တလန် ပြည်တွင်းဖလားရယူပေးခဲ့ပြီးနောက် နည်းပြကလော့ပ်ရဲ့ နေရာကို ဆက်ခံဖို့ ကာလကြာရှည် မျှော်လင့်နေခဲ့သူလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ကလော့ပ်အနေနဲ့ လီဗာပူးအသင်းကနေ ထွက်ခွာတော့မယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာချိန်မှာ အန်ဖီးလ်ကွင်းမှာ အမြဲတမ်းနည်းပြအနေနဲ့ ကလော့ပ်ရဲ့နောက်ပိုင်းဘယ်သူဖြစ်လာမလဲဆိုတာ စိတ်ဝင်စားစရာ ပုစ္ဆာတစ်ခုဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

လက်ရှိလီဗာပူးအသင်းနည်းပြ ကလော့ပ်ဟာ မက်ဒရစ်မြို့မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ စပါးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၀၁၉ ခုနှစ်အတွင်း ချန်ပီယံလိဂ်ဆုဖလားကို ရယူပေးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာတော့ ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာကြောင့် နှစ်ပေါင်း ၃၀ အတွင်းမှာ လီဗာပူးအသင်းအတွက် ပရီမီယာလိဂ်ဖလားကို ပထမဆုံးရယူပေးနိုင်ခဲ့တဲ့ နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ဒါ့ပြင် နည်းပြကလော့ပ်ဟာ လီဗာပူးအသင်းအတွက် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီမှာ ပြည်တွင်းဆုဖလားနှစ်လုံးကို ရယူပေးနိုင်ခဲ့ကာ တစ်ရာသီအတွင်း ဆုဖလားလေးလုံးအထိ ရယူဆွတ်ခူးနိုင်မယ့်အခွင့်အရေးရရှိခဲ့ပေမယ့် ပရီမီယာလိဂ်ဘောလုံးရာသီရဲ့ နောက်ဆုံးနေ့မှာ မန်စီးတီးအသင်းက ဆုဖလားပိုင်ရှင်ဖြစ်ခဲ့ရသလို ပါရီမြို့မှာ ကျင်းပခဲ့တဲ့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာလည်း ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ချန်ပီယံလိဂ်ဖလားချန်ပီယံဖြစ်လာမယ့် အခွင့်အရေးနဲ့ လွဲခဲ့ရပါတယ်။

အဲဒီလို လီဗာပူးအသင်းအတွက် အောင်မြင်မှုတွေ ရယူပေးနိုင်ခဲ့ပေမယ့် လက်ရှိအချိန်မှာ လီဗာပူးအသင်းနဲ့ လမ်းခွဲဖို့ ကလော့ပ်အနေနဲ့ ဆုံးဖြတ်ထားပြီးဖြစ်တာကြောင့် နည်းပြကလော့ပ်အလွန် လီဗာပူးအသင်းနည်းပြ ဘယ်သူဖြစ်လာမလဲဆိုတာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရဦးမှာလည်း ဖြစ်ပါတယ်။


ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- ဂျာမန်ဘွန်ဒက်လီဂါရဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ လေဗာကူဆင်အသင်းဟာ လက်ရှိအသင်းနည်းပြ အလွန်ဆိုကို အသင်းဟောင်း လီဗာပူးအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် ဂျာမနီမြေမှာပဲ ဆက်ရှိနေမယ်လို့ ယုံကြည်ထားတယ်လို့ သိရပါတယ်။
- ချယ်လ်ဆီးအသင်းမှ အင်္ဂလန်နောက်တန်းကစားသမား ချာလိုဘက်ကို နော့တင်ဟမ်ဖောရက်စ်၊ ဝက်ဟမ်းနဲ့ ဖူလ်ဟမ်အသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- ယခုလအတွင်း ရိုးမားအသင်းကနေ ထုတ်ပယ်ခံခဲ့ရတဲ့ နည်းပြမော်ရင်ဟိုဟာ ဆော်ဒီအာရေဗျကလပ် အယ်လ်ကက်ဆီယာအသင်းဆီ ပြောင်းရွှေ့တာဝန်ယူကိုင်တွယ်ဖို့ ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။
- စပါးအသင်းဟာ ချယ်လ်ဆီးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂယ်လာဂါအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ အထိပေး၍ ခေါ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- နယူးကာဆယ်အသင်းဟာ အင်္ဂလန်တိုက်စစ်မှူး ဝီလ်ဆင်ကို ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ရောင်းချသွားဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။

# အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လိမ်လည်လှည့်ဖြားမှု ကင်းစင်ရေး

ဒေါက်တာဝေရီလင်း (စားသုံးသူရေးရာဦးစီးဌာန)







လိမ်လည်လှည့်ဖြားမှု အခြေအနေကြုံတွေ့ပါက လူအများ၏ တုံ့ပြန်ပုံကို ဖော်ပြသည့် ၁၀-၈၀-၁၀ ဥပဒေသ သရုပ်ပြပုံ။

အစားအစာကုန်သွယ်မှုကဏ္ဍ ဟူသည် အစာကွင်းဆက်တစ်လျှောက် ကျရောက်နိုင်သော ဘေးအန္တရာယ်ဖြစ်မှု ကာကွယ်ရန် နည်းပညာအစီအမံများ အသုံးပြုရန် လိုအပ်သော ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။

နိုင်ငံတကာ အစားအစာကုန်သွယ်ရေးတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (World Trade Organization – WTO) စည်းမျဉ်းများအရ ကုန်သွယ်ဖက်နိုင်ငံများ၏ လူ၊ အပင်၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်နှင့်ပတ်သက်သော ထိခိုက်ပျက်စီးယိုယွင်းမှုများ ကာကွယ်ရန်အတွက် လူ၊ အပင်၊ တိရစ္ဆာန်ဆိုင်ရာ သန့်ရှင်းကျန်းမာရေးသဘောတူညီချက် (Sanitary and Phytosanitary SPS Agreement) နှင့် ကုန်သွယ်မှု နည်းပညာအတားအဆီးဆိုင်ရာ သဘောတူညီချက် (Technical Barriers to Trade TBT Agreement) တို့ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံနိုင်ငံများ အတွက်လည်း အာတီကယ်(၁၈)ပိုဒ် ပါဝင်သော ASEAN Food Safety regulatory Framework Agreement (AFSRF) ရေးဆွဲပြဋ္ဌာန်းလိုက်နာခြင်းဖြင့် စားသုံးသူများကို အပြည့်အဝကာကွယ်ပေးရန်နှင့် ဘေးကင်းလုံခြုံသော ကုန်စည်များ လွယ်ကူစွာစီးဆင်းနိုင်စေရေး ဆောင်ရွက်လျက်ရှိပါသည်။

## နည်းပညာအစီအမံများဖြင့် စားသုံးသူအား အကာအကွယ်ပေးထား

စားသောက်ကုန် ထုတ်လုပ်သည့် ကွင်းဆက်တိုင်းသည် အရေးကြီးပြီး ထုတ်လုပ်တင်ပို့ရောင်းချရာတွင် အစာကွင်းဆက်တစ်လျှောက် ပါဝင်သူများ၏ ကျင့်သုံးဆောင်ရွက်ချက်များသည် ကောင်းမွန်မှု၊ လုံခြုံစိတ်ချရမှုရှိရန်လည်း အရေးကြီးပါသည်။ ရည်ရွယ်ခြင်းမရှိသော်လည်း ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ်ကိုလည်းကောင်း၊ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်သော ဘေးအန္တရာယ်ကိုလည်းကောင်း ကာကွယ်နိုင်ရန် မဖြစ်မနေ ကျင့်သုံးဆောင်ရွက်ရသော နည်းပညာအစီအမံများ အသုံးပြုခြင်းဖြင့် စားသုံးသူအား အပြည့်အဝ အကာအကွယ်ပေးထားခြင်း ဖြစ်ပါသည်။

ရာစုမှစ၍ ယနေ့ထက်တိုင် အစားအစာဆိုင်ရာ လိမ်လည်လှည့်ဖြားမှုသည် ဖြေရှင်းနေရဆဲ ပြဿနာတစ်ရပ်ဖြစ်ရာ ယင်းကို ဦးတည်ချက်ထား၍ တစိုက်မတ်မတ် ဆောင်ရွက်နိုင်မှသာ အစားအစာလုံခြုံစိတ်ချရမှု စီမံခန့်ခွဲရေးစနစ်တစ်ခုလုံးကို လွှမ်းခြုံနိုင်မည်ဖြစ်ပါသည်။

စားသောက်ကုန်တစ်ခု၏ အစားအသောက်၊ အစားအစာ ပါဝင်ပစ္စည်းများ သို့မဟုတ် အစားအသောက်ထုပ်ပိုးခြင်း၊ အညွှန်းတပ်ခြင်း၊ ထုတ်ကုန်အချက်အလက်များ သို့မဟုတ် မှားယွင်းသော သို့မဟုတ် လွဲမှားသော ဖော်ပြချက်များကို တမင်တကာ ရည်ရွယ်ချက်ရှိရှိဖြင့် မမှန်ကန်သောအရာများဖြင့် အစားထိုးခြင်း၊ ထပ်မံပေါင်းထည့်ခြင်းကို စီးပွားရေးအကျိုးအမြတ်အတွက် ပြုလုပ်ခြင်း၏ အကျိုးဆက်ကြောင့် စားသုံးသူများ၏ ကျန်းမာရေးထိခိုက်နိုင်ခြင်းကို အစားအသောက် လိမ်လည်လှည့်ဖြားခြင်းဟု ခေါ်သည်။

Global Food Safety Initiatives (GFSI) ၏ အဆိုအရ အစားအစာဆိုင်ရာ လိမ်လည်လှည့်ဖြားမှုဆိုသည်မှာ စီးပွားရေး (ငွေကြေး)ဆိုင်ရာ ရယူလိုမှုကြောင့် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ရာမှဖြစ်ပေါ်သော လိမ်လည်လှည့်ဖြားမှု ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁)၊ အပိုဒ် (၂) (ဆ) အရ လိမ်လည်လှည့်ဖြားခြင်းဆိုသည်မှာ ကုန်စည်/ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မှားယွင်းသော ဖော်ပြခြင်းဖြင့်ဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာခြင်းဖြင့်ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့်ဖြစ်စေ စားသုံးသူက လွဲမှားစွာ လက်ခံစေရန် ရည်ရွယ်ဆောင်ရွက်မှုကို ဆိုပါသည်။ စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁)၊ အပိုဒ်(၂)(ဧ) အရ ယင်းနှင့်အလားတူ အခြားအဓိပ္ပာယ် ဖွင့်ဆိုချက်တစ်ခုမှာ ထင်ယောင်ထင်မှားဖြစ်ခြင်းဖြစ်၍ ကုန်စည်နှင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသလက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ စားသုံးသူကို လွဲမှားယူဆမှုဖြစ်စေသော ပြုလုပ်မှုကိုဆိုလိုပါသည်။

ပညာရှင်များ၏အဆိုအရ အစားအစာ လိမ်လည်လှည့်ဖြားခြင်း အမျိုးအစား ခုနစ်မျိုး ခွဲခြားထားရာ အစားထိုးခြင်း၊ ဖုံးကွယ်ခြင်း၊ မှားယွင်းသောကုန်အညွှန်းဖော်ပြခြင်း၊ တရားဝင်မဟုတ်သောမှောင်ခိုဈေးကွက်အတွက် ထုတ်လုပ်ခြင်း၊ တရားမဝင်သော ထပ်ဖြည့်ပစ္စည်းအသုံးပြုခြင်း၊ အတုပြုလုပ်ခြင်းနှင့် ရောနှောခြင်းတို့ ဖြစ်သည်။

## ဈေးကြီးသောစားသုံးဆီများကို အခြားဆီများဖြင့် ရောနှောခြင်း

ဈေးကွက်တွင် တွေ့ရလေ့ရှိသော အစားအစာ လိမ်လည်လှည့်ဖြားခြင်း ဖြစ်စဉ်များမှာ ဈေးကြီးသောစားသုံးဆီများကို အခြားဆီများဖြင့် ရောနှောခြင်းဖြစ်ပြီး သံလွင်ဆီ (ပြည်တွင်းတွင် မြေပဲဆီ) တွင် အခြားဈေးသက်သာသောဆီများ ရောနှောခြင်း၊ ဈေးနှုန်းမတူညီသော ငါးများရောင်းချရာတွင် ဈေးနှုန်းကြီးမြင့်သောငါးနှင့် ပုံစံတူသော်လည်း အမျိုးအစားမတူသည့် ဈေးနှုန်းသက်သာသော ငါးရောနှောရောင်းချခြင်း သို့မဟုတ် အစားထိုးရောင်းချခြင်း၊ နို့တွင် မယ်လမင်းဓာတ်ဖြည့်၍ ရောင်းချခြင်း၊ လယ်ယာသီးနှံများ တင်ပို့ရာတွင် မျိုးရိုးဗီဇပြောင်းထားသောသီးနှံများ (Genetically Modified Organism–GMO ) သီးနှံများနှင့် ရောနှောရောင်းချခြင်း၊ ပျားရည်တွင် (ပျားရည်မဟုတ်သော) သကာရည်များ၊ အခြားပစ္စည်းများ ရောနှောရောင်းချခြင်း၊ ကော်ဖီနှင့် လက်ဖက်ခြောက်အမျိုးအစားနှင့် ထွက်ရှိရာဒေသများကို စီးပွားရေးအကျိုးအမြတ်ထွက်စေရန် လိမ်လည်လှည့်ဖြားခြင်း၊ ဈေးနှုန်းကြီးမြင့်သော ဟင်းခတ်အမွှေးအကြိုင်များကို ရောနှောရောင်းချခြင်း၊ အရက်၊ ဘီယာနှင့် ဝိုင်အတုပြုလုပ်ရောင်းချခြင်း၊ အသီးအနှံဖျော်ရည်တွင် သစ်သီးအစစ်မှ ပြုလုပ်သော ဖျော်ရည်နှင့် ဓာတုပစ္စည်းသုံးဖျော်ရည်အတု ရောနှောရောင်းချခြင်းတို့ဖြစ်သည်။

## မနုကပျားရည်သည် တစ်နှစ်လျှင် တန်ချိန် ၁၇၀၀ ကျော်သာ ထွက်ရှိ

ကမ္ဘာတစ်လွှား နိုင်ငံအလိုက် နာမည်ဆိုးဖြင့်ကျော်ကြားသော အစားအစာ လိမ်လည်လှည့်ဖြားသော ဖြစ်စဉ်များမှာ နယူးဇီလန်နိုင်ငံထုတ် မနုကပျားရည် (Manuka Honey)သည် အလှကုန်အဖြစ်လည်းကောင်း၊ ဆေးဖက်ဝင်၍ လည်းကောင်း ကျော်ကြား၍ ဈေးနှုန်းကြီးမြင့်ရာ တစ်နှစ်လျှင် တန်ချိန် ၁၇၀၀ ကျော်သာ ထွက်ရှိသော်လည်း ဈေးကွက်တွင် နယူးဇီလန်နိုင်ငံထုတ် မနုကပျားရည် အမည်ဖြင့် တစ်နှစ်လျှင် တန်ချိန် တစ်သောင်းခန့် ရောင်းချခြင်း၊ ၂၀၁၃ ခုနှစ်တွင် အင်္ဂလန်၊ ပြင်သစ်နှင့် ဥရောပတစ်ခွင် အမဲသားညှပ်ဘာဂါများ ရောင်းချရာတွင် အမဲသားအစား မြင်းသားနှင့် ဝက်သားများ သုံးပုံတစ်ပုံခန့် ရောနှောထုတ်လုပ်ထားသည့် အမဲသားများ အသုံးပြုရောနှောရောင်းချခြင်း၊ ၂၀၀၈ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပွားသော ကလေးငယ်များအတွက် နို့မှုန့်တွင် မယ်လမင်းရောနှော၍ လှည့်ဖြားရောင်းချခြင်း၊ ဖာလာစေ့ကဲ့သို့ ဟင်းခတ်အမွှေးအကြိုင်တွင် မြေပဲများရောနှောထားရာ မြေပဲနှင့် ဓာတ်မတည့်သူများအတွက် ဆိုးကျိုးဖြစ်စေခြင်း၊ အာရှနိုင်ငံများတွင် သံလွင်ဆီ၊ ငရုတ်ဆီနှင့် မြေပဲဆီများတွင် ဈေးပေါသော အခြားဆီများ ရောနှောခြင်း၊ အီတလီချိစ် ထုတ်လုပ်စဉ်တွင် ကျွဲနို့အစား နွားနို့အသုံးပြုခြင်းဖြင့် လွဲမှားသော နို့အမျိုးအစား အသုံးပြုထုတ်လုပ်ခြင်း၊ အီးယူတွင် အသားထုပ်ပိုးသူများက လျှာနာခွာနာရောဂါ ဖြစ်ပွားသည့် ကျွဲ၊ နွားများအား လုံလောက်သော ကာကွယ်တားဆီးမှုပြုလုပ်ရန် ပျက်ကွက်ရုံမျှမက ယင်းတို့ကို စားသောက်ရန် ဖြန့်ချိရောင်းချသည်အထိ ကျူးလွန်ခဲ့ကြခြင်းတို့ဖြစ်သည်။


အတုအပပြုလုပ်ခြင်း ဖြစ်စဉ်များတွင် အရက်၊ ဘီယာနှင့် ဝိုင်များကို အတုပြုလုပ်ခြင်းမှာ အများစုဖြစ်သည်။ ထို့မျှသာမက အစားအသောက်ကဏ္ဍကို အသုံးချ၍ ကြိုတင်ကြံစည်သော ရာဇဝတ်မှု ကျူးလွန်ခြင်းကို Malicious contamination ဟု ခေါ်ပါသည်။ ၂၀၀၅ ခုနှစ်တွင် ဗြိတိန်၌ ဖြစ်ပွားသော ကျူးလွန်ခြင်းတွင် ပေါင်မုန့်အတွင်း၌ ဖန်ထည်စများ၊ အပ်များ ပါဝင်ခဲ့ခြင်း၊ အမေရိကန်နိုင်ငံ အိုရီဂွန် အရှက်သုပ်ဘားဆိုင်၏ စားစရာအသုပ်များတွင် ဆယ်လ်မိုနဲလား ပါဝင်၍ လူပေါင်း ၇၅၁ ဦး နာမကျန်းဖြစ်စေခဲ့ခြင်း၊ ၂၀၀၇ ခုနှစ်တွင် ကိတ်မုန့်စက်ရုံတစ်ခု၌ မြေပဲကို ခွဲခြားသိမ်းဆည်းခြင်းမပြုဘဲ ရောနှောနေခဲ့ရာ မြေပဲဖြင့် ဓာတ်မတည့်သူများအတွက် အန္တရာယ်ရှိနိုင်၍ ယခင်ဈေးကွက်အတွင်း ဖြန့်ဖြူးပြီးထုတ်ကုန်များ ပြန်လည်သိမ်းဆည်းခဲ့ရပြီး စက်ရုံကိုလည်း တစ်ပတ်ခန့်ကြာအောင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ရသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

## အစားအစာထုတ်လုပ်သော စက်ရုံများ၏ ဖော်မြူလာများကို တရားဝင်မဟုတ်သော နည်းလမ်းဖြင့်ရယူ

အစားအစာဆိုင်ရာ ဆိုက်ဘာပြစ်မှုများမှာ အစားအစာမှာယူသည့်ကိစ္စတွင် ဖြစ်ပွား၍ ငွေလွှဲကိစ္စများ၊ အကြွေးဝယ်ကတ်ကိစ္စများနှင့် ပတ်သက်ပါသည်။ သူလျှိုထားခြင်းမှာ အစားအစာဆိုင်ရာ

စာမျက်နှာ ၂၅ သို့ ❖

> ❝ အစားအစာကုန်သွယ်မှုတွင် လိမ်လည်လှည့်ဖြားမှု မကြာခဏဖြစ်ပေါ်လေ့ရှိရာ လယ်ယာထွက်ကုန်တင်ပို့သော မိမိတို့နိုင်ငံအတွက် အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းများအပေါ် အခြေခံ၍ တန်ပြန်အစီအမံများချမှတ်ရန်၊ နည်းပညာခိုင်မာစေရေး ခေတ်မီနည်းပညာများ၊ စက်ကိရိယာများကို အသုံးချ၍ လိုအပ်ချက်များကို အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် ဥပဒေပြု၍ တားဆီးရုံမျှမက ဥပဒေ၏ အာဏာသက်ရောက်မှု ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မှသာ အထိအခိုက်၊ အကုန်အကျ နည်းပါးသက်သာစွာဖြင့် အစားအစာလိမ်လည်လှည့်ဖြားမှုပြဿနာကို ကာကွယ်တားဆီးနိုင်မည် ❞




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ခေတ်မီ အသုံးချ အခြေခံပါဠိသဒ္ဒါ

ပိဋကတ်ပါဠိစာပေ တတ်မြောက်လိုသူ ရဟန်းရှင်လူများအတွက် စာရေးသူ မြရိပ်ဆရာတော် အရှင်ခေမာစာရာဘိဝံသ (မဟာဂန္ထဝါစကပဏ္ဍိတ၊ သက္ကသီဟဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ) အရဟံသင်ကြားရေးပါမောက္ခရေးသားသည့် ခေတ်မီ အသုံးချ အခြေခံပါဠိသဒ္ဒါ စာအုပ် ထွက်ရှိလာသည်။

အောင်မြင်ကြီးပွားသူတို့တွင် သုံးလောကထွတ်တင် ဘုရားရှင်သည် အတူမရှိ၊ အတုမရှိ နတ်ပြည် ဗြဟ္မာ့ပြည်တိုင်အောင် အောင်မြင်တော်မူခဲ့ပါသည်။ ထိုဘုရားရှင်သည် တစ်ခဏ တစ်ဘဝသာမက ထာဝရဘဝတိုင် ချမ်းသာစေနိုင်သောနည်းလမ်းတို့ကို သတ္တဝါတို့အား ပါဠိဘာသာဖြင့် ဆုံးမညွှန်ကြား ပေးသနားတော်မူခဲ့ပါသည်။

ထို့ကြောင့် ဘုရားရှင်၏ နည်းလမ်းကောင်းတို့ကို မူရင်းအတိုင်း သိရှိကျင့်သုံးလိုသူတို့သည် ပါဠိဘာသာကို တတ်မြောက်ရန် လိုအပ်ပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း လွယ်ကူလျှင် ပါဠိဘာသာကို တတ်မြောက်လိုကြပါလိမ့်မည်။

ယခုအခါတွင် ပါဠိဘာသာသည် နှစ်ပေါင်း ၂၀၊ ၃၀ သင်ယူပါသော်လည်း တတ်မြောက်ပါမည်ဟု အာမ မခံနိုင်သော ဘာသာရပ်တစ်ခု ဖြစ်နေပါသည်။ ပိဋကသုံးပုံ ပါဠိတော်စာအုပ်တို့ကိုလည်း အကြည်ညိုခံစာအုပ်များအဖြစ်ဖြင့်ပင် မြင်တွေ့နေရပါသည်။ ဖတ်နိုင်သူ ဖတ်သူ မရှိသလောက် ရှားပါးနေပါသည်။

စာရေးသူသည် တိမ်မြုပ်နေသော ပတ္တမြားကြီးကို အလွန်လျင်မြန်သည့် မြေကော်စက်ကြီးဖြင့် တူးဖော်ပေးသည့် ကျောက်တူးသမားကဲ့သို့ တိမ်မြုပ်နေသော အဖိုးတန် ပါဠိဘာသာရပ်ကို လွယ်ကူမြန်ဆန်စွာ တတ်မြောက်စေနိုင်မည့် ဤခေတ်မီ အသုံးချ အခြေခံပါဠိသဒ္ဒါကျမ်းဖြင့် ဖော်ထုတ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

စာအုပ်ကို သီရိရတနာ ပိဋကတ်စာပေ၊ အမှတ် (၁၊ ၂၊ ၃)၊ (၅၂၊ ၅၄၊ ၅၆) ရွှေတိဂုံဘုရားတောင်ဘက်စျေးရုံတော်၊ အမှတ် (၂၃)၊ ဗဟန်း (၂) လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၂၅၂၈၅နှင့် ၀၉-၇၇၇၉၃၈၈၀၈ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။




## ခယောင်းလမ်းမှ ပန်းတောင်တန်းသို့

စာရေးသူ ကျွန်းစဉ်မြေစောခက် စီစဉ်ရေးသားသည့် ခယောင်းလမ်းမှ ပန်းတောင်တန်းသို့စာအုပ် ထွက်ရှိလာသည်။

၁၉၇၀ ပြည့်နှစ်ဝန်းကျင်သည် ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်း မြေပုံမြို့နယ်၊ ကျွန်းစဉ်နယ်ရှိ ဘင်္ဂလားပင်လယ်ပြင်ကြီး၏ အဆွယ်အပွားမြစ်များ၊ ချောင်းများသည် စာရေးသူ ရေတံငါဘဝဖြင့် လေ့လှော်လှေခတ်ပြုပြီး ပိုက်ချ၊ ပိုက်မျှော၊ ငါးရှာ၊ ငါးဖမ်း လုပ်နေခဲ့သော ကာလပင်ဖြစ်သည်။ ပိုက်မျှောပြီး စာကျက်သည်၊ မျှားတန်းချပြီး တွက်ချက်သည်။ စာရေးသူ အမ်းမြို့နယ် ပင်လယ်ကမ်းခြေမှ ဒီရောက်တောထွက် ဖြူး၊ တုတ်၊ မဒမ စသော ထင်းချောင်းများကို ဝယ်ယူပြီး အမ်းမြို့နယ်မှတစ်ဆင့် မြေပုံ၊ မင်းပြားနှင့် ပေါက်တောမြို့နယ်တို့အတွင်းရှိ ရေလမ်းကြောင်းများကိုကျော်ဖြတ်ပြီး ရမ်းဗြဲလှေကြီးပေါ်မတ်တတ်ရပ်လျက် နေ့နေ့ညည ခတ်တက်ခတ်ရင်း လှေထိုးလိုက်ကာ စစ်တွေမြို့သို့ ထင်းရောင်းသွားခဲ့သည်။ ဤသို့ ရုန်းကန်လှုပ်ရှားကြိုးစားရင်း ၁၀ တန်းအောင်လာခဲ့သည်။ ဘွဲ့ရလာခဲ့သည်။ စာရေးသူ ရည်မှန်းရာသို့ ရောက်ရှိမှုအတွက် နေ့ပေါင်းများစွာ၊ လပေါင်းများစွာ ပေးဆပ်မှုပေါင်းများစွာဖြင့် ကြိုးစားခဲ့သည်။

ဤသို့ နုနုကြမ်းကြမ်း ဘဝပင်လယ်ခရီးလမ်းကို လျှောက်လှမ်းသည်ဆိုရာတွင် လေလာလျှင် ရွက်ဆင်ပြီး လွှင့်ခဲ့သည်။ လေမလာလျှင် တက်ပြင်ပြီး ရှေ့တိုးနောက်လှန် ချွေးပြန်အောင် ရုန်းပြီး တက်ခတ်ခဲ့ရသည်။ အဓိကဦးတည်သည်မှာ ရှေ့တွင်ရှိသော ပန်းတိုင်သို့ရောက်ရေးပင် မဟုတ်ပါလော။

မည်သို့ပင်ဆိုစေကာမူ စာရေးသူ၏ဘဝပြေးလမ်းတစ်လျှောက်တွင် ခံယူချက်၊ ဖွဲ့၊ လုံ့လ၊ စေတနာစိတ်၊ မေတ္တာစိတ်တို့သည်ကား ကိုယ်လျှောက်လှမ်းရာခရီးလမ်းတစ်လျှောက် ကျင့်သုံးခံယူအပ်သော လူမှုရေးကျင့်ဝတ်များပင်ဖြစ်ပေသည်ဟု မေတ္တာရည်၍ ပြောကြားလိုက်ရခြင်းဖြစ်သည်။

စာအုပ်ကို ဘဝပင်လယ်စာပေ၊ အမှတ် (၄၃၉/က)၊ တကောင်းလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၆၉၁၁၂၂၀၈၇နှင့် ၀၉-၇၉၈၅၉၇၉၉၄တို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ သတ်မှတ်ထားသည်။

---

■ ကျောဖုံးမှ

သော်လည်း နောက်ဆုံးတွင် ONE Championship အဖွဲ့အစည်းနှင့်သာ ပြန်လည်လက်တွဲခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ONE Championship အဖွဲ့အစည်းနှင့် ဆက်လက်လက်တွဲမည်ဖြစ်ကြောင်း အသိပေးခဲ့သော်လည်း အသေးစိတ်အချက်အလက်များ ထုတ်ပြန်ခြင်းမရှိဘဲ ၎င်း၏ တစ်ကျော့ပြန်ပွဲကို ဧပြီလတွင် ထိုးသတ်ရဖွယ်ရှိနေသည်။

အောင်လအန်ဆန်သည် ONE Championship အဖွဲ့အစည်းနှင့် ၂၀၁၄ ခုနှစ်တွင် စတင်လက်တွဲခဲ့ပြီး မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တွင် ယင်းခါးပတ်များ လက်လွှတ်ခဲ့ရပြီး လက်ရှိတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပြန်လည်ရယူနိုင်ရန် ပစ်မှတ်ထား ကြိုးပမ်းလျက်ရှိသည်။ အောင်လအန်ဆန်သည် ၂၀၂၃ ခုနှစ်တွင် စိန်ခေါ်ပွဲနှစ်ပွဲထိုးသတ်ခဲ့ပြီး ဘရာဇီးနိုင်ငံသား ဂယ်ဗိုနှင့် တရုတ်နိုင်ငံသား ဖန်ယုံတို့ကို အနိုင်ရထားသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ- Aung La NSang Facebook**

---

❖ စာမျက်နှာ ၂၄ မှ

လိမ်လည်လှည့်ဖြားခြင်း တစ်ခုဖြစ်ရာ အစားအစာထုတ်လုပ်သော စက်ရုံများ၏ ဖော်မြူလာများကို တရားဝင်မဟုတ်သော နည်းလမ်းဖြင့် ရယူခြင်းဖြစ်ရာ ယင်းကို အသုံးပြုထုတ်လုပ်မည်ဆိုပါက ပြည့်စုံမှု ရှိ၊ မရှိ မသေချာသည့်အပြင် ဥပဒေကြောင်းအရ ငြိစွန်းနေသည်။

အစားအစာဆိုင်ရာ လိမ်လည်လှည့်ဖြားခြင်း နောက်ထပ်နည်းလမ်းတစ်ခုမှာ ခြိမ်းခြောက်ငွေညှစ်ခြင်းဖြစ်၍ အစားအစာညစ်ညမ်းမှု ဖြစ်ပွားနေခြင်းကို အကြောင်းပြု၍ မသမာသော အစိုးရတာဝန်ရှိသူက ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် မသမာသူတစ်စုက စူပါမားကက်ရှိ အစားအစာများတွင် ညစ်ညမ်းမှုဖြစ်စေရန် ဆောင်ရွက်မည်ဟု ခြိမ်းခြောက်ခြင်းတို့ဖြစ်ပါသည်။

အစားအစာကဏ္ဍတွင် သာမက အခြား မည်သည့်ကဏ္ဍတွင်မဆို လိမ်လည်လှည့်ဖြားမှု ဖြစ်ပွားလေ့ရှိရာ ကျူးလွန်သူများကို လေ့လာရာတွင် လိမ်လည်လှည့်ဖြားမှု ကျူးလွန်သောလူ ၁၀ ဦးလျှင် ကိုးဦးမှာ ရာဇဝတ်မှုဆိုင်ရာ နောက်ကြောင်းရာဇဝင်ရှိသူများ မဟုတ်ပါ။ သို့ဖြစ်ရာ (မရည်ရွယ်ဘဲ) လိမ်လည်လှည့်ဖြားမှု ကျူးလွန်ခြင်း ပြဿနာဖြေရှင်းရာတွင် သိရှိထားသင့်သော လိမ်လည်လှည့်ဖြားမှုတြိဂံ၏ အခြေခံအချက်သုံးချက်မှာ အခွင့်အလမ်း၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားနိုင်မှုနှင့် စေ့ဆော်သောအချက်များ သို့မဟုတ် ဖိအားတို့ဖြစ်ပါသည်။

### အခြေခံအချက်သုံးချက်

လိမ်လည်လှည့်ဖြားမှု ဖြစ်ပွားရန် အခြေအနေနှင့် ကြုံကြိုက်ပါက လူအများအနေဖြင့် မည်သို့တုံ့ပြန်ကြသည်ကို ပညာရှင်များလေ့လာခဲ့ရာ "၁၀-၈၀-၁၀ ဥပဒေသ"အရ ကျူးလွန်ကြောင်း တွေ့ရှိခဲ့သည်။ အဓိပ္ပာယ်မှာ လူပေါင်း ၁၀၀ ရှိပါက ၁၀ ဦးမှာ လိမ်လည်လှည့်ဖြားမှု ကျူးလွန်မည့်သူများ လုံးဝမဟုတ်ပါကြောင်း ဆန့်ကျင်ဘက်အနေဖြင့် ၁၀ ဦးမှာ လိမ်လည်လှည့်ဖြားမှုကျူးလွန်နိုင်မည့်နည်းလမ်းများကို အားထုတ်ကြိုးပမ်းကျူးလွန်ကြကြောင်း၊ ကျန်သော ၈၀ မှာမူ လိမ်လည်လှည့်ဖြားမှုဖြစ်ပွားစေသည့် အခြေခံအချက် သုံးချက်အရ လိမ်လည်လှည့်ဖြားမှု ကျူးလွန်ကောင်း ကျူးလွန်ကြပါကြောင်း၊ သို့ဖြစ်ရာ ယင်းအခြေအနေများကြောင့် တာဝန်ရှိသူများအနေဖြင့် စောင့်ကြည့်ထိန်းချုပ်ခြင်း၊ ဥပဒေပြုခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း မှုခင်းပညာရှင်များက ထောက်ခံအကြံပြုထားပါသည်။

အစားအစာ လိမ်လည်လှည့်ဖြားမှု ဖြစ်ပွားပါက Vulnerability assessment critical control point (VACCP) အသုံးပြု၍ စိစစ်ရန်ဖြစ်ရာ အားနည်းချက်/ပျော့ကွက်များကို ရှုထောင့်သုံးမျိုးမှ ဦးတည်စိစစ်ရန် လိုအပ်ပါသည်။ ထုတ်ကုန်တွင်ပါဝင်သော ပစ္စည်းဆိုင်ရာအချက်များ၊ လုပ်ငန်းအပေါ် သက်ရောက်သော အချက်များနှင့် သွင်းအားစုနှင့် လုပ်ငန်းထုတ်လုပ်မှုကွင်းဆက်၏ မဟာဗျူဟာများကို ထိန်းချုပ်သည့်အချက်များတွင် ပျော့ကွက်များ ရှိ၊ မရှိ စိစစ်ရန်ဖြစ်၍ ရှိပါက ပျော့ကွက် အနိမ့်/အမြင့်ကို ဆက်လက်စိစစ်ရန်ဖြစ်ပါသည်။

သို့မှသာ ပျော့ကွက်များ လျှော့ချ၍ လိမ်လည်လှည့်ဖြားမှုကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။ အစားအစာထုတ်လုပ်မှုမှာ ကွဲပြားခြားနားရာ ထုတ်ကုန်၏ အရေးကြီးသော ပါဝင်ပစ္စည်းတိုင်းကို လိုအပ်သလို စိစစ်ရန်ဖြစ်သည်။ VACCP စိစစ်ခြင်းတွင် ဖြစ်နိုင်ခြေရှိသော ပျော့ကွက်များကို သတ်မှတ်ရန်၊ မသမာသော အလေ့အထများ ဖြစ်နိုင်ခြေရှိမှု အကဲဖြတ်ရန်၊ ထိန်းချုပ်မှုအစီအမံများကို သတ်မှတ်ရန်၊ မှတ်တမ်းထားရှိရန်နှင့် ပြန်လည်သုံးသပ်ရန် စသည့်အဆင့်များ ပါဝင်ပြီး ယင်းတို့ကိုဆောင်ရွက်ရာတွင် တစ်ကြိမ်သာ ဆောင်ရွက်ရမည့် အစီအမံ မဟုတ်ဘဲ အမြဲမပြတ် ဆန်းစစ်နေရန် လိုအပ်ပါသည်။

### ခေတ်မီနည်းပညာများကို အသုံးချရန် လိုအပ်

အစားအစာ လိမ်လည်လှည့်ဖြားမှု ဖြစ်ပွားခြင်းသည် ဆောင်ရွက်နေကျဖြစ်သော ပုံမှန်ကုန်သွယ်ရောင်းဝယ်မှုတွင်သာမက အီးကောမတ်စ်တွင်လည်းဖြစ်ပွားရာ အစိုးရ၏ အီးကောမတ်စ်ဥပဒေ၊ နည်းဥပဒေများ၊ မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များအပြင် အီးကောမတ်စ် ထိန်းချုပ်သော ပုဂ္ဂလိကပလက်ဖောင်းများကို ထိန်းချုပ်ကွပ်ကဲရန် လိုအပ်မည်ဖြစ်ပါသည်။ အစားအစာလိမ်လည်လှည့်ဖြားမှုဖြစ်ပွားမှုကိုဖော်ထုတ်ရာတွင် သိပ္ပံပညာအခြေခံ၍ အချက်အလက်အထောက်အထားဖြင့် သက်သေပြသမှသာ ထိန်းချုပ်အရေးယူနိုင်မည်ဖြစ်ရာ သာမန်နည်းပညာများဖြင့် လုံလောက်မှုရှိရန် မလွယ်ကူဘဲ ခေတ်မီနည်းပညာများကို အသုံးချရန် လိုအပ်သည်ဖြစ်ရာ နည်းပညာအရ ရှုပ်ထွေး၍ ငွေကုန်ကြေးကျများပြားစွာ လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ အစားအစာလိမ်လည်လှည့်ဖြားမှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်မှသာလျှင် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများ၏ စီးပွားရေး ပုံမှန်လည်ပတ်နိုင်မည်ဖြစ်ပြီး ယုံကြည်မှုပျက်စီးပြိုလဲခဲ့ပါက ပြန်လည်ထူထောင်ရန် နှစ်ပေါင်းများစွာ ကြာမြင့်တတ်ပါသည်။ ထိုပြဿနာကိုဖြေရှင်းရန် နိုင်ငံအဆင့်အစားအစာလိမ်လည်လှည့်ဖြားမှုအဓိပ္ပာယ်ဖွင့်ဆိုရန်၊ ယင်းကို (ပုံမှန်ကုန်သွယ်ရောင်းဝယ်မှုနှင့် အီးကောမတ်စ်အတွက်ပါ) ဖြေရှင်းနိုင်ရေးမူဘောင်တစ်ခု ရေးဆွဲရန် နိုင်ငံအဆင့် အစားအစာအရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးများကိုနိုင်ငံတကာစံချိန်စံညွှန်းရေးဆွဲရေးအဖွဲ့များ၏ စံသတ်မှတ်ချက်များအပေါ် အခြေခံ၍ တန်ပြန်အစီအမံများချမှတ်ရန်၊ ခေတ်အမီဆုံးသော နည်းပညာအသုံးချမှု လိုအပ်ချက် ဖြည့်ဆည်းထားရန်နှင့် နည်းပညာ ခိုင်မာစေရေး အဆင်သင့်ပြင်ဆင်ထားရန် ပညာရှင်များက ထောက်ခံအကြံပြုထားပါသည်။

### အစားအစာလိမ်လည်လှည့်ဖြားမှု ပြဿနာ

အစားအစာ ကုန်သွယ်မှုတွင် လိမ်လည်လှည့်ဖြားမှု မကြာခဏဖြစ်ပေါ်လေ့ရှိရာ လယ်ယာထွက်ကုန်တင်ပို့သော မိမိတို့နိုင်ငံအတွက် အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းများအပေါ် အခြေခံ၍ တန်ပြန်အစီအမံများ ချမှတ်ရန်၊ နည်းပညာခိုင်မာစေရေး ခေတ်မီနည်းပညာများ၊ စက်ကိရိယာများကိုအသုံးချ၍ လိုအပ်ချက်များကို အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် ဥပဒေပြု၍ တားဆီးရုံမျှမက ဥပဒေ၏ အာဏာသက်ရောက်မှု ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မှသာ အထိအခိုက်၊ အကုန်အကျနည်းပါးသက်သာစွာဖြင့် အစားအစာလိမ်လည်လှည့်ဖြားမှု ပြဿနာကို ကာကွယ်တားဆီးနိုင်မည် ဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

**ရင်းမြစ်**-the Consumer Protection law 2019 (Myanmar), IFT.org, foodfraud preventionthinktank.com and fraud triangle


**ကိုးကား**

1. စားသုံးသူကာကွယ်ရေးရာဥပဒေ (၂၀၁၉) the CP law of 2019
2. Prescreening Ingredients for a Food Fraud Vulnerability Assessment-IFT.org
3. Food Fraud in the WTO Report on Trade and Food Standards foodfraud preventionthinktank.com
4. Fraud Triangle Components Explained by embroker

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဗိုလ်မှူးအောင်သန်း (လေ-၁၃၉၃)(အငြိမ်းစား)
## အသက်(၈၆)နှစ်
**ဥက္ကဋ္ဌ၊ ရွှေကျင်နိကာယသာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးစောင့်ရှောက်ရေးအဖွဲ့
နာယက၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့**

ရွှေဘိုမြို့နေ(ဦးချင်း)-(ဒေါ်အေးတင်)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်ခင်တုတ်)၊ (ဒေါ်ခင်အုပ်)တို့၏ မောင်၊ ဒေါ်ခင်စိန်မြင့်၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်းနေ ဒေါ်ခင်အေးမြင့်(ခ)ဒေါ်နီနီ ၏ခင်ပွန်း၊ ဦးသီဟအောင်-(ဒေါ်မြစန္ဒာဝင်း)၊ ဦးအောင်ဖြိုးမြတ်၊ ဒေါ်သင်ဇာအောင် တို့၏ဖခင်၊ မြေး ငါးယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုး၊ ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဗိုလ်မှူးအောင်သန်း (လေ-၁၃၉၃) (ငြိမ်း) အသက်(၈၆)နှစ်သည် ၂၇-၁-၂၀၂၄ ရက်နေ့ ည ၈ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၉-၁-၂၀၂၄ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# သင့်သွေးဖြင့် အသက်ကယ်ပါ

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထင်ကျော်
**ပြည်နယ်ဦးစီးမှူး
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
## အသက်(၆၁)နှစ်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)မှ ပြည်နယ်ဦးစီးမှူး ဦးထင်ကျော်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၅-၁-၂၀၂၄ (ကြာသပတေးနေ့) ည ၁၁ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထင်ကျော်
**ပြည်နယ်ဦးစီးမှူး
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
## အသက်(၆၁)နှစ်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (တောင်ကြီး)မှ ပြည်နယ်ဦးစီးမှူးဖြစ်သူ ဦးထင်ကျော် (ညွှန်ကြားရေးမှူး) သည် ၂၅-၁-၂၀၂၄ ရက် ည ၁၁ နာရီအချိန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတက္ကသိုလ်၊ ၁၉၈၃ ခုနှစ်၊ အင်္ဂလိပ်စာအဓိကသူငယ်ချင်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြင့်
**(ဒေါ်ကျင်သောင်း စောင်ဆိုင်၊ လမ်းမတော်)**
## အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၅၁)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်နေ (ဒေါ်ကျင်သောင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစံထွန်း-(ဒေါ်မြင့်မြင့်သန်း)၊ ဦးထိန်လင်းအောင်-ဒေါ်သဇင်ထွန်း၊ ဦးမင်းနိုင်-ဒေါ်နှင်းဆီ၊ ဦးချို၀င်း-ဒေါ်မြင့်မြင့်အေး၊ ဦးသာခင်-ဒေါ်မြင့်မြင့်မော်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်နွယ်၊ ဦးညီညီမင်းနိုင်-ဒေါ်သက်နှင်းအိတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေး ၁၉ ယောက်နှင့် မြစ် သုံးယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုး ဦးအောင်မြင့်သည် ၂၈-၁-၂၀၂၄ ရက် နံနက် ၀၀:၃၆ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၄ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၁၃)၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ် နေအိမ်မှ ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဗိုလ်မှူးအောင်သန်း (လေ-၁၃၉၃)(အငြိမ်းစား)
## အသက်(၈၆)နှစ်
**ဥက္ကဋ္ဌ၊ ရွှေကျင်နိကာယသာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးစောင့်ရှောက်ရေးအဖွဲ့**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်းနေ ဒေါ်ခင်အေးမြင့်(ခ)ဒေါ်နီနီ၏ ခင်ပွန်း၊ ဦးသီဟအောင်-(ဒေါ်မြစန္ဒာဝင်း)၊ ဦးအောင်ဖြိုးမြတ်၊ ဒေါ်သင်ဇာအောင်တို့၏ဖခင်၊ မြေး ငါးယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကြားတောရလမ်းထောင့်ရှိ ရွှေကျင်နိကာယသာသနာ့လင်္ကာရမဟာဓမ္မဗိမာန်တော်ကြီးအား စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အဘက်ဘက်မှကူညီဆောင်ရွက်ပေးခဲ့သော ရွှေကျင်နိကာယသာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၏ ဥက္ကဋ္ဌ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ နာယက၊ ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဗိုလ်မှူးအောင်သန်း (လေ-၁၃၉၃) (ငြိမ်း) အသက်(၈၆)နှစ်သည် ၂၇-၁-၂၀၂၄ ရက်နေ့ ည ၈ နာရီတွင်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ရွှေကျင်နိကာယသာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးစောင့်ရှောက်ရေးအဖွဲ့ဝင်များ**

---

# ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဗိုလ်မှူးအောင်သန်း (လေ-၁၃၉၃)(အငြိမ်းစား)
## အသက်(၈၆)နှစ်
**နာယက၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးစောင့်ရှောက်ရေးအဖွဲ့**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်းနေ ဒေါ်ခင်အေးမြင့်(ခ)ဒေါ်နီနီ၏ခင်ပွန်း၊ ဦးသီဟအောင်-(ဒေါ်မြစန္ဒာဝင်း)၊ ဦးအောင်ဖြိုးမြတ်၊ ဒေါ်သင်ဇာအောင်တို့၏ဖခင်၊ မြေး ငါး ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုး၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၁) ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအား စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အဘက်ဘက်မှကူညီဆောင်ရွက်ပေးခဲ့သော နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ နာယက၊ ရွှေကျင်နိကာယသာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၏ဥက္ကဋ္ဌ၊ ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဗိုလ်မှူးအောင်သန်း (လေ-၁၃၉၃) (ငြိမ်း) အသက်(၈၆)နှစ်သည် ၂၇-၁- ၂၀၂၄ ရက်နေ့ ည ၈ နာရီတွင်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်များ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဘိုးဘွားများနှင့်ဝန်ထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ် ဒါယိကာမကြီး
## ယိပ်ကွီးဟောင်(ခ)ဒေါ်ခင်ရီ
## အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ် (03/03)သုံးလွှာနေ(ရပ်စွန်ကျင်-ဒေါ်ဘော်ဝါး)တို့၏သမီး၊ [ဦးဟိုဘင်ရောင်း (ခ)ဟိုမင်လျောင်း]၏ချစ်လှစွာသော ဇနီး၊ ကိုစိန်လွင်-မခင်စန်းဝေ၊ (ကိုသိန်းဝင်း)-မလှလှဝင်းတို့၏ချစ်လှစွာသော မိခင်၊ မောင်နေဝင်းထွန်း၊ မောင်ထွန်းလင်းကျော်၊ မောင်သက်အောင်နိုင်၊ မဆုရီခိုင်၊ မောင်ကျော်ဇောထွန်းတို့၏အဘွား၊ မြစ်လေးယောက်တို့၏အဘွား ယိပ်ကွီးဟောင်(ခ)ဒေါ်ခင်ရီသည် ၂၈-၁-၂၀၂၄(တနင်္ဂနွေနေ့)နံနက် ၄:၃၀ နာရီတွင် Grand Hanthar ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၂၄(စနေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စပယ်ကိုကိုကြီး
## အသက်(၆၈)နှစ်

ခြံအမှတ်-၅၉၃၊ ပြည်လမ်း၊ ရန်ကုန်မြို့နေ(ဦးကိုကိုကြီး - ဒေါ်ထွားရင်)တို့၏သမီး၊ ဝက်လက်မြို့မရပ်နေ (ဦးကင်းကြူ - ဒေါ်တင်ဝင်း)တို့၏ချွေးမ၊ ခြံအမှတ်(၅၆ A) တေးနူယဉ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြင့်သိန်း၏ ဇနီး၊ ကိုဖြိုးအောင်စည်-မနီလာသိန်း၊ မဖြူဖြူသန့်၊ မောင်ပြည့်ဘုန်းသန့်တို့၏ မွေးသမိခင်၊ မရွှန်းလဲ့အိမ်၏ အဘွားသည် ၂၇-၁-၂၀၂၄ (စနေနေ့) ညနေ ၄:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၉-၁-၂၀၂၄ (တနင်္လာနေ့ ) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၂၄ (သောကြာနေ့) နံနက် ၆ နာရီမှ ၉ နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ကျန်ရစ်သူ မိသားစုမှ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၀/မြို့မ မြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၈၂)ဧကရှိ မြေကွက်အမှတ်(ပ-၅၀၅)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးကျော်ဦး [၉/ပမန(နိုင်)၁၃၅၃၆၉]အဖ အမည် ဦးကိုဦးမှ မြေချပါမစ်(စလစ်) မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ် (စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း ထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှ စ၍(၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ**

---

**“ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အနောက်)၊ မြခွာညိုအိမ်ရာ၊ မြခွာညို(၁)လမ်း၊ မြေကွက်အမှတ်(၁၁၆)၊ အကျယ်အဝန်း(၅၀ပေx၆၀ပေ)ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၉)၊ မြခွာညို(၁)လမ်း၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်ဟု ခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ သက်ဆိုင်အကျိုးခံစားခွင့်ရှိပါက ခိုင်လုံသောအထောက်အထားမူရင်းဖြင့် ကန့်ကွက်နိုင်ပါကြောင်း”**

အထက်ဖော်ပြပါမြေကွက်၏အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့ မြေယာဌာန၏မြေစာရင်းတွင် ရောင်းချသူ တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍မည်သည့် အရှုပ်အရှင်း တစ်စုံတစ်ရာမှမရှိပါကြောင်း၊ ယခုဝယ်ယူသူမှလွဲ၍ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်း၊ ရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်ကြသည့် ဦးမောင်မောင်ကြည်(ခ) ဦးချစ်ကိုကို[၁၂/ဥကတ(နိုင်)၀၁၃၁၉၁]နှင့် ဒေါ်မေစီ [၁၂/မဂတ(နိုင်)၀၄၀၇၅၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်တွေ့ဆုံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံကန့်ကွက်မှု မရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်ထားဆွိ LL.B,D.I.L ,Dip in Eng
အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)
Ph:09-972734996, 09-791454531**

---


## “အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်(၅၀၂/ခ)ဟုခေါ်တွင်သည့် “ဦးခင်ဇော်”အမည်ပေါက် ပါမစ်မြေအမျိုးအစား အကျယ်အဝန်းပေ(၂၀x၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့်နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ “ဦးတင်ငွေး” [၁၂/သခန(နိုင်)၀၃၃၃၀၄]မှ အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူ “ဒေါ်နီနီသိန်း”[၁၂/ဥကတ(နိုင်)၀၀၁၀၀၁]မှလည်း ကာလတန်ဖိုးငွေများ ပေးချေ၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီး မြေကွက်နှင့်နေအိမ်အား လက်ဝယ်ရရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နီနီသိန်းတစ်ဦးတည်းသာ ဝယ်ယူပိုင်ဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဝေယံစိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၃၅၄၇)
အမှတ်(၅၄၆/က)၊ ဆုပြည့်ရတနာ(၃)လမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၂၀၉၄၈၄၀**

---




---

**အိုဇုန်းလွှာနှင့်
ရာသီဥတု
ကောင်းမွန်ဖို့
လက်တွဲညီညီ
ဆောင်ရွက်စို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးတက်အောင် ထုတ်လုပ်နိုင်ပါက တိုင်းပြည်ဝင်ငွေ ပိုမိုရရှိမည်ဖြစ်သည့်အပြင် နိုင်ငံခြားဝင်ငွေ လိုအပ်ချက်ကိုလည်း အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင်ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**အီရန်နိုင်ငံက ပြည်တွင်းထုတ် ဂြိုဟ်တုသုံးလုံးကို တစ်ပြိုင်နက်တည်းလွှတ်တင်** စာမျက်နှာ » ၁၃

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့အတွင်းသို့ ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်ကြိုးပမ်းလျက်ရှိသည့် KIA၊ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ » ၁၅

**လီဗာပူးအသင်းရဲ့ လစ်လပ်လာမယ့် နည်းပြရာထူး ဘယ်သူဆက်ခံခွင့်ရမလဲ** စာမျက်နှာ » ၂၃

**အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လိမ်လည်လုည့်ဖြားမှု ကင်းစင်ရေး** ဆောင်းပါး စာမျက်နှာ » ၂၄


## တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၁၈)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်သို့ လာရောက်လည်ပတ်သူများနှင့် အထူးစည်ကား




ရန်ကုန် ဇန်နဝါရီ ၂၈

အရှေ့တောင်အာရှတွင် သက်တမ်းအရှည်ကြာဆုံးဖြစ်သည့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၏ (၁၁၈) နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်တိုင်တိုင် တိရစ္ဆာန်ဥယျာဉ်အတွင်း၌ ပျော်ရွှင်စရာ အစီအစဉ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ လာရောက်လည်ပတ် ပါဝင်ဆင်နွှဲသူများနှင့်အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ယင်းပွဲတော်တွင် Music Band & Dance Performance ၊Magic Show အစီအစဉ်၊ ချစ်စရာ တိရစ္ဆာန်လေးများနှင့် အတူ ဓာတ်ပုံရိုက်ကူးနိုင်မည့်အစီအစဉ်များ၊ကလေးများအကြိုက် ဂိမ်းအစီအစဉ်များ၊ လက်ဆောင်များ

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ❖

## ONE Championship အဖွဲ့အစည်းနှင့် ဆက်လက်လက်တွဲမည်ဟု အောင်လအန်ဆန် ထုတ်ပြန်



ရန်ကုန် ဇန်နဝါရီ ၂၈

နာမည်ကြီး မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်သည် ONE Cham-pionship အဖွဲ့အစည်းနှင့် ဆက်လက်လက်တွဲမည်ဖြစ်ကြောင်း ၎င်း၏ Facebook မှတစ်ဆင့် အသိပေးထုတ်ပြန်သည်။

အောင်လအန်ဆန်နှင့် ONE Championship အဖွဲ့အစည်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ပြီးခဲ့သည့်နှစ်ကတည်းက ကုန်ဆုံးခဲ့ပြီး စာချုပ်သစ်ချုပ်ဆိုရန် ကြန့်ကြာနေခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ONE Championship အဖွဲ့အစည်းနှင့် စာချုပ်သက်တမ်းတိုးရန် အဆင်မပြေသဖြင့် အခြားအဖွဲ့အစည်းများနှင့် ဆွေးနွေးခဲ့

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ■

## ဖေဖော်ဝါရီလအတွင်း အားအသင့်အတင့်မှ အားကောင်းသော အယ်လ်နီညို အခြေအနေသို့ ပြန်လည်လျော့ကျလာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၈

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေ မျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသော အယ်လ်နီညို အခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ဖေဖော်ဝါရီလအတွင်း အားအသင့်အတင့်မှ အားကောင်းသော အယ်လ်နီညို အခြေအနေသို့ ပြန်လည်လျော့ကျလာနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့် တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။ **မိုး/ဇလ**